# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၂၆]


**ဖတ်မှတ်လေ့လာခြင်းအကျိုး**

* ဖတ်မှတ်လေ့လာခြင်းတွင် ကောင်းစွာ အားထုတ်သောသူသည် ဗဟုသုတအကြားအမြင် ပြည့်စုံတိုးတက်နိုင်၏။
* ဗဟုသုတအကြားအမြင်ဖြင့် အကြောင်းအကျိုးကို သိ၏။
* သိအပ်သော အနက်အဓိပ္ပာယ်သည် ချမ်းသာကို ဆောင်၏။

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် (၇၀)ပြည့်ပြီ




မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် နှစ်ပတ်လည်အခမ်းအနားအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်နေမှုကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၅) ဓာတ်ပုံ-တင်မောင်လွင် (မြန်မာ့အလင်း)

## အမြန်ဘတ်စ်ကားစနစ် ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ပြေးဆွဲမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ဘတ်စ်ကားအသစ် ၁၈ စီးဖြင့် လမ်းကြောင်း နှစ်ခုခွဲကာ ဖေဖော်ဝါရီ ၉ ရက်မှစ၍ ပြေးဆွဲသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ကျင်းပသည့် အမြန်ဘတ်စ်ကားစနစ်(BRT) နှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာ မောင်အောင်က "ရန်ကုန်ရဲ့ဘတ်စ်ကားစနစ်က အများပြည်သူအတွက် အရေးကြီးဆုံးဖြစ်တယ်၊ နေ့စဉ် လူဦးရေအများစုက ဘတ်စ်ကားစီးရတဲ့အတွက် အများပြည်သူ ယုံကြည်ကိုးစားတဲ့ ဘတ်စ်ကားစနစ်ကို ထူထောင်ဖို့ အများပြည်သူက တောင်းဆိုကြတယ်၊ ဒါကြောင့် အများပိုင်ကုမ္ပဏီဖွဲ့ပြီး ဘတ်စ်ကားစနစ်ကို ပြောင်းလဲအောင် စတင်ကြိုးစားခဲ့ခြင်း ဖြစ်ပါတယ်"ဟု ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

### တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒကျောင်းသင်ခန်းစာပါရှိ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာနမှ ရေးသားပြုစုထားသော ကျောင်းသင်ခန်းစာများကို မြန်မာ့အလင်းသတင်းစာတွင် နေ့စဉ်ဘာသာရပ်အလိုက် ဖော်ပြပေးသွားမည်ဖြစ်ရာ ယနေ့တွင် ဇီဝဗေဒဘာသာရပ် အထူးကဏ္ဍ အချပ်ပို လေးမျက်နှာပါရှိပါသည်။

## လွှတ်တော်အသစ်နှင့် မျှော်လင့်ချက်များ

မေး၊ရေး-ညီမျိုးထက်၊ ဓာတ်ပုံ-ညီနော်

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ခေါ်ယူကျင်းပလိုက်ပြီဖြစ်သည်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၃၃ ဦးရှိသည့်အနက် ၄၂၉ ဦး တက်ရောက်၍ ကတိသစ္စာပြုခဲ့ကြသည်။**

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်နှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တို့အား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခဲ့ကြပြီး ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ပထမဆုံးအကြိမ်ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ သဘောထားနှင့်အမြင်များကို တွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်-

စာမျက်နှာ ၇ ကော်လံ ၁ ✻



ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပို့ကုန်၊ သွင်းကုန်နှင့် ဝင်ငွေ

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် တံခါးဖွင့်စီးပွားရေးစနစ်ကျင့်သုံးပြီးနောက် ပို့ကုန်နှင့်သွင်းကုန်ပမာဏမှာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားတိုးတက်လာလျက်ရှိပါသည်။ ဤသို့တိုးတက်လာမှုနှင့်အတူ ကောင်းမွေဆိုးမွေများကိုလည်း ပြည်သူများခံစားနေကြရပါသည်။ ပို့ကုန်များမြင့်မားလာသည်နှင့် အမျှ နိုင်ငံခြားဝင်ငွေများတိုးတက်ရရှိလာသည်မှာ အမှန်ပင်ဖြစ်ပါသည်။

သို့သော် ထိုပို့ကုန်နှင့် သွင်းကုန်များသည် ယနေ့ **Consumer Price** ဟုခေါ်သည့် ကုန်ဈေးနှုန်းနှင့်ဆက်စပ်ပတ်သက်လျက်ရှိပါသည်။ နိုင်ငံခြားမှ ကုန်ပစ္စည်းများပြည်တွင်းသို့တင်သွင်းသည်ဖြစ်စေ၊ ပြည်တွင်းမှ ထွက်ကုန်များ ပြည်ပနိုင်ငံများသို့တင်ပို့သည်ဖြစ်စေ နိုင်ငံခြားငွေအမေရိကန်ဒေါ်လာနှင့် ရောင်းဝယ်ရခြင်းဖြစ်၍ ဒေါ်လာအပေါ်တွင် အခြေခံလျက်ရှိပါသည်။ ဒေါ်လာဈေးမြင့်လျှင် ကုန်ဈေးနှုန်းလည်း မြင့်တက်လာနိုင်ပါသည်။

ဥပမာအားဖြင့် ပြည်တွင်းဆန်ကို ပြည်ပတင်ပို့သည့်အခါ ဒေါ်လာဈေးတက်၍ ပြည်တွင်းဆန်ဈေးလည်း မြင့်တက်လာပါသည်။ ဤတွင် ဆန်ရောင်းသူများ အကျိုးအမြတ်ပိုရလာပြီး စားသုံးသူများမှာ ဈေးကြီးပေးဝယ်စားလာရပါသည်။ ထို့အတူ အခြားသောပို့ကုန်များသာမက သွင်းကုန်များတွင်ပါ ဒေါ်လာအပေါ် အခြေခံထား၍ ကုန်ဈေးနှုန်း၏ရိုက်ခတ်မှုကို ပြည်သူများ ရင်ဆိုင်ကြရပါသည်။

လက်ရှိငွေကြေးဈေးကွက်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒေါ်လာကို မြန်မာငွေကျပ် ၁၃၀၀ ပတ်ဝန်းကျင်ဈေးပေါက်နေပြီး အရောင်းအဝယ်ပြုလျက်ရှိပါသည်။ ဒေါ်လာဈေးသည် အကျဘက် ဦးတည်လာသော်လည်း လက်ရှိအတိုင်း ဆက်လက်တန့်နေမည်ဆိုလျှင် လူတစ်ဦးချင်းဝင်ငွေသည် တိုးတက်လာဖို့လိုပါသည်။ လက်လုပ်လက်စားမှ အစပြု၍ လခစားများအထိ လူတစ်ဦးချင်းဝင်ငွေ တိုးတက်လာဖို့လိုပါသည်။ သို့မဟုတ်ချေက ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ငွေကြေးဖောင်းပွမှုတို့ကို ရေရှည်ရင်ဆိုင်နေကြရမည်ဆိုလျှင် ပြည်သူများ၏ ဆင်းရဲတွင်းလွတ်မြောက်ရေးကြိုးပမ်းမှုများသည် အရာမထင်သလိုဖြစ်လာနိုင်ပါသည်။

ပို့ကုန်၊ သွင်းကုန်အပေါ် တိုးတက်ရရှိလာသည့်ဝင်ငွေကို ဆိုလိုခြင်းမဟုတ်ပါ။ လူတစ်ဦးချင်းဝင်ငွေကို ဆိုလိုခြင်းဖြစ်ပါသည်။ လူတစ်ဦးချင်းဝင်ငွေတိုးတက်လာမှသာ ကျွန်ုပ်တို့ကြိုးပမ်းလျက်ရှိသော ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များသည် ပိုမိုထိရောက်မှုရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ပို့ကုန်၊ သွင်းကုန်အခြေအနေသည် ပြည်တွင်းကုန်ဈေးနှုန်းနှင့် အဓိကဆက်စပ်ပတ်သက်နေပြီး လူတစ်ဦးချင်းဝင်ငွေတိုးတက်မြင့်မားရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးခြင်းဖြင့် ဝင်ငွေနှင့်ထွက်ငွေ မျှတလာမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# မြရောင်ခြည်မဟာလာဘမုနိ ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စစ်မှုထမ်းဟောင်းများနေထိုင်ရာ ဆင်ဖြူရှင်ရပ်ကွက် ဆင်ဖြူရှင်တောရ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မြရောင်ခြည်မဟာလာဘမုနိရုပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရေးအတွက် အကျိုးဆောင်အဖွဲ့မှ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အမြင့်ခြောက်ပေ၊ ဉာဏ်တော်အမြင့် ၁၈ ပေ ပေါင်း ၂၄ ပေဖြစ်ရာ ကုသိုလ်ပါဝင်လိုသူများအနေဖြင့် ဦးတင်ငွေ( ဗိုလ်ကြီး၊ အငြိမ်းစား) ဖုန်း-၀၉-၄၉၂၂၂၆၉၈၊ ဦးမောင်ပါ (ဗိုလ်ကြီး၊ အငြိမ်းစား) ဖုန်း-၀၉-၃၁၇၃၁၅၁၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာစာမေးပွဲကို ဇန်နဝါရီ ၃၁ ရက် က မတ္တရာမြို့ သစ္စာရွှေပြည်မဟာစည်ရိပ်သာ ကျောင်းတိုက်၌ ကျင်းပရာ မတ္တရာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ တတိယတန်း၊ စတုတ္ထတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်းတို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၅၀ ဝင်ရောက်ဖြေဆိုကြစဉ်။

စိုးကျော်သူထွေး(မတ္တရာ)

# ရေသန့်လုပ်ငန်းများကို FDA ထောက်ခံချက်ရရှိမှသာ လုပ်ငန်းလိုင်စင်ချထားပေးမည်

**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ရေသန့်လုပ်ငန်းလုပ်ကိုင်နေသူများကို FDAမှ စစ်ဆေးအတည်ပြုထားသော ထောက်ခံချက်ရရှိမှသာ လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို ချထားပေးမည်ဖြစ်ကြောင်း မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

လက်ရှိတွင် မန္တလေးမြို့တော်အတွင်း ရေသန့်လုပ်ငန်းလုပ်ကိုင်နေသော လုပ်ငန်းများအနက် လုပ်ငန်း ၁၀ ခုကို ယာယီပိတ်သိမ်းထားပြီး FDA ၏ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း ထောက်ခံချက်ရရှိမှသာ ပြန်လည်လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဒေါက်တာသွင်ကျော်ကျော်က ပြောသည်။ "အရင်က လုပ်ငန်းလိုင်စင်လျှောက်ထားတဲ့အခါမှာ FDAရဲ့ ခွင့်ပြုချက်ရဖို့ကြန့်ကြာနေတဲ့အတွက် လုပ်ငန်းရှင်ရဲ့ ရင်းနှီးမြှုပ်နှံထားမှုကို ငဲ့ကွက်ပြီး လုပ်ငန်းလိုင်စင်ကို အရင်ဆုံးချထားပေးခဲ့တယ်။ အခုတော့ ပြည်သူတွေရဲ့ကျန်းမာရေးကို ရှေးရှုပြီး FDA ထောက်ခံချက်ပါမှသာ လုပ်ငန်းလိုင်စင်ကို ချထားပေးတော့မှာပါ" ဟု ၎င်းက ပြောသည်။

ယခုချိန်တွင် လုပ်ငန်းလိုင်စင်ရရှိရေးအတွက် FDA နှင့် မန်းစည်ပင်တို့ပူးပေါင်း၍ လုပ်ငန်းရှင်များ နစ်နာမှုမရှိအောင် FDA မှ အမြန်ဆုံးစစ်ဆေးမှုများ ဆောင်ရွက်သွားရန်စီစဉ်ထားကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေသန့်များ၏ စံချိန်စံညွှန်းကို စစ်ဆေးနေရသည့်အတွက် ကြန့်ကြာမှုများရှိသော်လည်း ယခုချမှတ်လိုက်သော သတ်မှတ်ချက်များအရ အမြန်ဆုံးစစ်ဆေးပေးနိုင်ရန်ဆောင်ရွက်နေကြောင်း FDA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ စည်ပင်နယ်နိမိတ်အတွင်း လုပ်ငန်းဆောင်ရွက်လိုသူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးနေပြီး တစ်စုံတစ်ခုကြောင့် ဖြစ်ပေါ်လာသောကိစ္စရပ်များတွင် သက်ဆိုင်ရာဌာနများ၏ စိစစ်ဆေးချက်များကို စောင့်ဆိုင်းသည့်အနေဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ယာယီပိတ်သိမ်းကာ FDA၏ စစ်ဆေးချက်အဖြေရရှိမှုအပေါ်မူတည်၍ ပြန်လည်ခွင့်ပြုခြင်းနှင့် ပိတ်သိမ်းခြင်းများကို ဆောင်ရွက်နေပြီး ယာယီပိတ်သိမ်းချိန်နှင့် လုပ်ငန်းရပ်ဆိုင်းရန်သတ်မှတ်ပြီးချိန်များတွင် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေပါက စည်ပင်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## လျှပ်စစ်မီး ဖွင့်ပွဲကျင်းပ

**ပေါင်းတည် ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် တောင်ဘို့လှအုပ်စု တောင်ဘို့လှ အနောက်စုကျေးရွာ၊ အုတ်တွင်းကုန်းကျေးရွာနှင့် သာလှပင်စည်ကျေးရွာများ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလနောက်ဆုံးပတ်က ၁၀၀ ကေဗွီအေ ထရန်စဖော်မာရှေ့ မုခ်ဦး၌ ကျင်းပသည်။ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ရဲမြင့်နှင့် မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်လှိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပေးခဲ့ရာ အထက်ပါကျေးရွာများညပိုင်းတွင်လျှပ်စစ်မီးများထိန်ထိန်လင်းလျက်ရှိကြောင်း တွေ့ရှိနေပြီဖြစ်သည်။ **တင်ဝင်းဇော်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၂ |
| ဥရောပ | တစ်ယူရို | ၁၄၀၈.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၀၃ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄ |

ခင်ရတနာ-စုစည်းသည်။

❍ *ကျောဖုံးမှ*

"တစ်လပိုင်းလောက်ကစပြီး တရုတ်ဘက်က ဆန်အဝယ်လိုက်နေတာကြောင့် လတ်တလောအခြေအနေမှာ တစ်ရက်ကို ဆန်တန်ချိန် ၄၀၀၀ လောက်အထိ Boder trade လမ်းကြောင်းကနေ တင်ပို့နေပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြန်မာ့ဆန်တင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၈ သန်းအထိရောက်ရှိခဲ့ပြီး ဆယ်စုနှစ်များအတွင်း မြန်မာ့ဆန်တင်ပို့မှု အမြင့်ဆုံးအနေအထားသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ လက်ရှိဆန်ဈေးနှုန်းမှာ ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စာရင်းများအရ ၂၅ မှတ်(ဆန်ကြမ်း)တစ်အိတ်ငွေကျပ် ၂၀၀၀၀၊ ၅ မှတ်ဆန် (ဆန်ကြမ်း)ငွေကျပ် ၂၂၀၀၀ မှ ၂၃၀၀၀၊ ဧရာဝတီပေါ်ဆန်းတစ်အိတ်ငွေကျပ် ၂၆၀၀၀မှ ၃၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ငွေကျပ် ၃၅၀၀၀မှ ၃၆၀၀၀ ဈေးရှိကြောင်း သိရသည်။ စပါးဈေးမှာ ဆန်ကြမ်းဈေး ယခင်နှစ်က တင်း ၁၀၀ လျှင် ငွေကျပ် သုံးသိန်းမှ လေးသိန်းသာရှိခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ်ငါးသိန်းမှ ခြောက်သိန်းနီးပါးရှိလာကြောင်း၊ ဆန်အချောဈေးမှာ ယခင်နှစ်က ငွေကျပ်ငါးသိန်းမှ ခြောက်သိန်းရှိခဲ့သော်လည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာဈေးမြင့်တက်ခဲ့၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဆန်ချောဈေးမှာ ငွေကျပ်ရှစ်သိန်းမှ ကိုးသိန်းဈေးရှိပြီး ရွှေဘိုဆန်ချောမှာ ငွေကျပ် ၁၀ သိန်းအထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း လာမည့်မတ်လအတွင်း နွေစပါးပေါ်ချိန်တွင် ဆန်ဈေးနှုန်းပြန်ကျရန်ရှိနေကြောင်း၊ လက်ရှိအချိန်တွင်ဒေါ်လာတန်ဖိုးမြင့်တက်မှုနှင့် မိုးရာသီရေကြီးမှုများကြောင့် ဆန်ဈေးနှုန်းမြင့်တက်ခဲ့ရကြောင်း ဆန်စပါးကုန်စည်ဒိုင်အသင်းမှ သိရသည်။



ဖေဖော်ဝါရီ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ၂၀၁၆ ခုနှစ်တွင် ကျရောက်သည့် တရုတ်ရိုးရာနှစ်သစ်ကူးပွဲတော် (မျောက်နှစ်)အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားတွင် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

# တရုတ်-မြန်မာ လျှပ်စစ်စွမ်းအားပူးပေါင်းဆောင်ရွက်ရေးကော်မရှင် တတိယအကြိမ်ကော်မရှင်အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရုတ်-မြန်မာ လျှပ်စစ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် (CMEPCC)၏ တတိယအကြိမ် ကော်မရှင်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ HORIZON Lake View Resort ဟိုတယ် Tharaphi Villa (SM-2) ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင် အုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယအုပ်ချုပ်ရေးမှူး Mr.Liu Qi နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေအားလျှပ်စစ်ကဏ္ဍတွင် အဓိက ဆောင်ရွက်နေကြပြီး စီမံကိန်း(၁၈) ခုကို ဦးစားပေးစီမံကိန်းအဖြစ် ဆောင်ရွက်သွားရန် ဒုတိယအကြိမ်ကော်မရှင်အစည်းအဝေးတွင် မူအရ သဘောတူခဲ့ကြောင်း၊ လျှပ်စစ်ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝနှင့် လူမှုဘဝ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ရေး အသေးစိတ် လေ့လာဆန်းစစ်ပြီး ဒေသခံပြည်သူများနှင့် သက်ဆိုင်သူများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့မှ တရုတ်-မြန်မာ လျှပ်စစ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အတွင်းရေးမှူးရုံးမှ Deputy General Director Mr. SHI Lishan က တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်မူကြမ်းနှင့် ရေအားလျှပ်စစ်ဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းရေးသဘောတူညီချက်မူကြမ်းများတင်ပြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး၏ လုပ်ငန်းတိုးတက်မှုကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ တရုတ်-မြန်မာ လျှပ်စစ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ဥက္ကဋ္ဌ Mr. Liu Qi နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးတို့က ဆွေးနွေးပြောကြားပြီး အစည်းအဝေးမှတ်တမ်းနှင့် မြန်မာနိုင်ငံအတွင်း ရေဘေးအန္တရာယ်ကျရောက်ခဲ့သောဒေသများအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်ကိရိယာနှင့်ပစ္စည်းများ လှူဒါန်းမှုမှတ်တမ်းတို့အား တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြသည်။ (ဓာတ်ပုံ)

ထို့နောက် တရုတ်ကိုယ်စားလှယ်အဖွဲ့မှ တရုတ်-မြန်မာ လျှပ်စစ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေး စီမံချက်မူကြမ်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား လျှပ်စစ်စွမ်းအားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်မူကြမ်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ ဖြေရှင်းရေးသဘောတူညီချက်မူကြမ်းတို့ကို မြန်မာကိုယ်စားလှယ်အဖွဲ့သို့ ပေးအပ်သည်။ **(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

နိုင်ငံတော်ထည့်ဝင်ငွေ ၁၀ ဘီလီယံ၊ အများပြည်သူထည့်ဝင်ငွေ ၁၅ ဘီလီယံ စုစုပေါင်း ၂၅ ဘီလီယံနှင့် စတင်ခဲ့ကြောင်း၊ ပထမဆုံးအဆင့်တွင် ဘတ်စ်ကား ၆၅ စီး မှန်းထားသော်လည်း ဝယ်ယူသည့် နိုင်ငံမတူသည့်အတွက် ၁၈ စီးဖြင့် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီလကုန်ပိုင်းတွင် ၄၅ စီး ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဒေါက်တာ မောင်အောင်က " BRT လုပ်ဖို့ပြည်လမ်းနဲ့ ကမ္ဘာအေးဘုရားလမ်းတွေကို ရွေးချယ်ခဲ့တယ်၊ အများပြည်သူ အများဆုံးအသုံးပြုတဲ့ လမ်းတွေဖြစ်တဲ့အတွက် ပိုမိုလွယ်ကူမယ်၊ ကားတွေအားလုံးက အသစ်တွေဖြစ်ပါတယ်၊ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်အောင် စီမံဆောင်ရွက်ထားပါတယ်၊ အခုလုပ်တဲ့ စနစ်တွေအားလုံးက အသစ်တွေပါ၊ အခုစနစ်က လုံခြုံစိတ်ချဘေးကင်းရမယ်၊ အချိန်မှန်ရမယ်၊ သက်သောင့်သက်သာရှိရမယ်၊ ဒီစနစ်က ဘတ်စ်ကားလောကကို လုံးဝပြောင်းလဲဖို့ ပထမခြေလှမ်းအနေနဲ့ စတင်ခြင်းဖြစ်တဲ့အတွက် အခက်အခဲတွေရှိမှာပါ"ဟု ပြောသည်။

အမြန်ဘတ်စ်ကားစီးမည့် ခရီးသည်များအတွက် ယာဉ်စီးခပုံသေ ငွေကျပ် ၃၀၀ သတ်မှတ်ထားပြီး ကားသစ်များ ဖြစ်သည်နှင့်အညီ အဲကွန်းအပြည့် ပေးထားကြောင်း၊ မှတ်တိုင်တိုင်းတွင် ဝန်ထမ်းများ ချထားပေးကြောင်း၊ လောလောဆယ် စီးနင်းခွင့် ငွေဖြည့်ကတ်ကျပ်တစ်ထောင်ကတ်နှင့် စတင်စီးနင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အိုင်အက်စ်အက်စ် ကုမ္ပဏီ ဒါရိုက်တာ ဦးကျော်ဇေယျက " နိုင်ငံတော်ကလည်း နိုင်ငံတကာနဲ့ လိုက်မီအောင် BRT စနစ်ကို ဖြစ်ပေါ်စေချင်တယ်၊ တင်ဒါခေါ်တယ်၊ ကျွန်တော်တို့ တင်ဒါအောင်တယ်၊ ကတ်ကိုင်ပြီး စီးတဲ့စနစ်ဖြစ်လို့ ကတ်တွေကို အလွယ်တကူဝယ်ယူနိုင်တဲ့နေရာတွေမှာ စီစဉ်ပေးထားတယ်၊ ကားပေါ်မှာစီးတဲ့သူတွေကို ဘယ်လိုစီးရမယ်ဆိုတာ ပညာပေးမယ့်သူ တစ်ယောက်ပါမယ်၊ လောလောဆယ်သူတို့ဆီမှာ ကတ်တွေဝယ်လို့ရမယ်၊ ကားပေါ်မှာ ငွေဖြည့်လို့ရတယ်။ တစ်လလောက်ကြာရင် မှတ်တိုင်တွေမှာ ငွေဖြည့်စက်တွေ တပ်ဆင်ပေးသွားပါမယ်"ဟု ပြောသည်။





အမြန်ဘတ်စ်ကားစနစ် (BRT) နှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပစဉ်။

သတင်း-ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - လှမိုး

လမ်းကြောင်း(၁) အနေဖြင့် ထောက်ကြန့်မှစ၍ ပြည်လမ်း-ဗိုလ်ချုပ်အောင်ဆန်းလမ်း-အလံပြဘုရားလမ်းအထိ မှတ်တိုင် ၂၃ ခုနှင့် လမ်းကြောင်း(၂)အနေဖြင့် ထောက်ကြန့်မှစ၍ ပြည်လမ်းရှစ်မိုင် လမ်းဆုံ-ကမ္ဘာအေးဘုရားလမ်း- ဗိုလ်ချုပ်အောင်ဆန်းလမ်း- ဗိုလ်တထောင်ဘုရားလမ်း- ကမ်းနားလမ်း-ဘုန်းကြီးလမ်း-ပြည်လမ်းအထိ မှတ်တိုင် ၂၇ ခု သတ်မှတ်ထားသည်။ အမြန်ဘတ်စ်ကားစနစ် (BRT)ဖြင့် ဖေဖော်ဝါရီ ၉ ရက်မှစတင်ကာ ဘတ်စ်ကားအသစ် ၁၈ စီးဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

# ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း အသိပညာပေးဆွေးနွေး

**ဟိုပုံး ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အဆင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (ဖေဖော်ဝါရီ ၂၀၁၆)တွင် တိုက်ကျွေးမည့် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်သိန်းက အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များအကြောင်း အသိပညာပေးရှင်းလင်းတင်ပြပြီးနောက် မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်နန်းထားထားဆွေက အမျိုးသားကာကွယ်ဆေးတိုက်ကျွေးရန်အတွက် စီမံချက်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**



ဆီးရီးယားအတိုက်အခံ ခေါင်းဆောင် အာဆတ်အယ်လ်ဇူဘီ (ယာ)နှင့် ကိုယ်စားလှယ်များ ဂျီနီဗာ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်စဉ်။

## ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲစတင်ကြောင်း ကုလသမဂ္ဂကြေညာ

**ဂျီနီဗာ ဖေဖော်ဝါရီ ၂**

တနင်္လာနေ့မှစတင်ကာ ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တရားဝင်စတင်ကြောင်း ကုလသမဂ္ဂကကြေညာလိုက်ပြီး ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ယခုနှစ်အတွင်း အလက်ပိုမြောက်ပိုင်းအကြီးမားဆုံး ထိုးစစ်ကြီးဖြစ်သည့် ရုရှားကျောထောက် နောက်ခံလေကြောင်းတိုက်ခိုက်မှုနှင့် အစိုးရတပ်များ၏တိုက်ခိုက်မှုကို ရပ်စဲနိုင်ရေးတွန်းအားပေးရန် တိုက်တွန်းလိုက်သည်။

အစိုးရတပ်များနှင့် မဟာမိတ်တိုက်ခိုက်ရေးသမားများအနေဖြင့် တနင်္လာနေ့က အလက်ပိုအနီး တောင်ကုန်းဒေသတစ်ဝိုက်ကို သိမ်းပိုက်ထားကြောင်း၊ ယင်းမှာ အတိုက်အခံတပ်များ အသုံးပြုနေသော ထောက်ပံ့ရေးလမ်းကြောင်းဖြစ်ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောသည်။ ဆီးရီးယားအစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကောင်းမွန်သော အဆင့်သို့ ကတိပြုပြောဆိုနေသော်လည်း ရုရှားလေကြောင်းအကူအညီရယူပြီး ကြီးမားသော ထိုးစစ်ပြုလုပ်နေကြောင်း သူပုန်များက ပြောသည်။

ဗုံးကြဲတိုက်ခိုက်ခြင်း၊ မြို့များကို ပိတ်ဆို့တိုက်ခိုက်ခြင်းနှင့် အကျဉ်းသားများအား လွှတ်ပေးရေးကိစ္စများ အဟန့်အတားဖြစ်နေကြောင်း အတိုက်အခံတို့က ပြောသည်။ ယင်းလုပ်ရပ်များ ရှိနေလျှင် ကုလသမဂ္ဂ ဆော်ဩသည့် ဂျီနီဗာ ဆွေးနွေးပွဲကို တက်ရောက်မည်မဟုတ်ဟု အတိုက်အခံတို့က ဆိုသည်။

**(ရိုက်တာ)**

## မိုဆူးလ်မြို့ကို ပြန်လည်ရယူနိုင်ရေး အီရတ်အား တိုက်ခိုက်ရေးအကူအညီပေးရန် အမေရိကန်စိတ်အားထက်သန်လျက်ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်သည် မိုဆူးလ်မြို့ကို အိုင်အက်စ်တို့လက်မှ ပြန်လည်ရယူနိုင်ရေး အီရတ်အား အကူအညီပေးရန် အလို့ငှာ အပါချီရဟတ်ယာဉ်များနှင့် အကြံပေးသူများကို အသုံးပြုသွားရန် စိတ်အားထက်သန်လျက်ရှိသည်။

စစ်သွေးကြွအုပ်စုများအား တိုက်ခိုက်ချေမှုန်းနိုင်မည့် စစ်ဆင်ရေးကို အရှိန်အဟုန်မြင့် လုပ်ဆောင်သွားရေး ကြံရွယ်လျက်ရှိသည်ဟု အမေရိကန် ထိပ်တန်း အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

သမ္မတ ဘားရက်အိုဘားမား ပါဝင်သည့် အာဏာပိုင်အဖွဲ့က ၎င်းတို့အနေဖြင့် အိုင်အက်စ်စစ်သွေးကြွများအား ချေမှုန်းရေးအတွက် စနစ်ကျသော လှုပ်ရှားမှုများကို တိုး၍ လုပ်ဆောင်သွားမည်ဖြစ်ပြီး အီရတ်နှင့် ဆီးရီးယားရှိ အကြမ်းဖက်အုပ်စုများကိုချေမှုန်းရေးအားစိုက်လုပ်ဆောင်နိုင်ရန် မဟာမိတ်တပ်ဖွဲ့များအား အကူအညီတောင်း၍ စစ်အင်အားကို တိုးပွားစေမည်ဟု ပြောဆိုခဲ့သည်။

အမေရိကန်တပ်မတော်အရာရှိချုပ် ဗိုလ်ချုပ်ကြီး ရှောင်မက်ဖာလန်က ၎င်းအနေဖြင့် မိုဆူးလ်မြို့ကို အမြန်ဆုံးပြန်လည်ရယူနိုင်ရေး ကြိုးပမ်းမည်ဖြစ်သော်လည်း အီရတ်တို့ ခန့်မှန်းထားသကဲ့သို့ ယခုနှစ်ကုန်ပိုင်းလောက်တွင် အိုင်အက်စ်တို့ လက်ထဲမှ မိုဆူးလ်မြို့လွတ်မြောက်လိမ့်မည် ဟုတ်၊ မဟုတ် အတိအကျပြောဆိုနိုင်ခြင်းမရှိခဲ့ဟုဆိုသည်။

**(ရိုက်တာ)**



## အိုင်အက်စ်ချေမှုန်းရေးနိုင်ငံပေါင်း နှစ်ဒါဇင်နီးပါး ရောမ၌ဆွေးနွေးမည်

**ရောမ ဖေဖော်ဝါရီ ၂**

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရေးအစီအမံများချမှတ်ရန်နှင့် လစ်ဗျားနိုင်ငံအတွင်း အိုင်အက်စ်တို့ထကြွမှု မြင့်တက်လာခြင်းကို နှိပ်ကွပ်ရေးအတွက်ဆွေးနွေးရန် နိုင်ငံပေါင်း နှစ်ဒါဇင်နီးပါးမှ ကိုယ်စားလှယ်များ အင်္ဂါနေ့တွင် ရောမမြို့သို့ ရောက်ရှိလာသည်။

နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ညွန့်ပေါင်းအဖွဲ့က ဆီးရီးယားနှင့် အီရတ်တို့ရှိ အိုင်အက်စ်သိမ်းယူထားသော နယ်မြေများကို ပြန်လည်သိမ်းပိုက်ရန်နှင့် လစ်ဗျားနိုင်ငံ၌ စစ်သွေးကြွများတိုးပွားလာမှုအပေါ် သုံးသပ်ဆွေးနွေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ပင်တဂွန်၏ ၂၀၁၇ ဘဏ္ဍာနှစ်တွင် အိုင်အက်စ်စစ်သွေးကြွများအား ချေမှုန်းသွားရန် ဘတ်ဂျက်အနေဖြင့် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ တိုးတောင်းဆိုထားကြောင်း၊ ယင်းမှာ ယခင်နှစ်က လွှတ်တော်သို့ တင်ပြသည့် တောင်းခံမှု၏ သုံးပုံတစ်ပုံရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။

လစ်ဗျားနိုင်ငံသို့ အိုင်အက်စ်စစ်သွေးကြွများ ပျံ့နှံ့လာခြင်းသည် အနောက်ညွန့်ပေါင်းအုပ်စုက အာဏာရှင် မွမ်မာကဒါဖီကို ဖြုတ်ချလိုက်ပြီး ငါးနှစ်နီးပါးအကြာ စည်းလုံးညီညွတ်သော အစိုးရတစ်ရပ်ထူထောင်ရန် ရုန်းကန်နေရကြောင်း အမေရိကန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

**(ရိုက်တာ)**

## ဆီးရီးယားဒုက္ခသည်ကလေးများအတွက် ပညာရေးမြှင့်တင်ရန် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရရှိရေး မာလာလာလှုံ့ဆော်သွားရန်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂**

ယခုနှစ်အတွင်း ဆီးရီးယားဒုက္ခသည် ကလေးသူငယ်များပညာရေးမြှင့်တင်ပေးသွားရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရရှိရန် နိုဘယ်ဆုရှင်မာလာလာက လန်ဒန်၌ လာမည့်ကြာသပတေးနေ့တွင်ပြုလုပ်မည့် ကွန်ဖရင့်တွင် ကမ္ဘာ့ခေါင်းဆောင်များကို စည်းရုံးလှုံ့ဆော်သွားမည်ဟု ရိုက်တာသို့ ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်ကြောင့် ဒုက္ခရောက်နေကြရသော လူသားချင်းစာနာထောက်ထားမှု ရန်ပုံငွေတိုးမြင့်လာစေရေးအတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ့ခေါင်းဆောင်များနှင့် ဝန်ကြီးများက ဆီးရီးယားနိုင်ငံနှင့် ဒေသဝန်းကျင်ကို ကူညီထောက်ပံ့မှုပေးအပ်ရေးအတွက် လန်ဒန်၌တွေ့ဆုံမည်ဖြစ်သည်။

ဆီးရီးယား ကလေးငယ်များအတွက် ပညာရေးထောက်ပံ့ပေးအပ်သည့် မာလာလာရန်ပုံငွေထောက်ပံ့ရေးလုပ်ငန်း ပြောကြားချက်အရ ဆီးရီးယားကလေးငယ် ခုနစ်သိန်းခန့်မှာ ဂျော်ဒန်နိုင်ငံ၊ လက်ဘနွန်နိုင်ငံနှင့် အခြား အရှေ့အလယ်ပိုင်း နိုင်ငံများရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံနေထိုင်လျက်ရှိနေပြီး ကျောင်းပညာရေးနှင့် ဝေးကွာလျက်ရှိနေသည်ဟု ဆိုသည်။

ပါကစ္စတန် ဆယ်ကျော်သက်တစ်ဦးဖြစ်သူ မာလာလာမှာပညာရေးအတွက် တက်ကြွစွာလှုပ်ရှားဆောင်ရွက်သူတစ်ဦးဖြစ်ခဲ့ကာ ထင်ရှားသည့်ဖြစ်ရပ်အနေဖြင့် ၂၀၁၂ ခုနှစ်က သူကျောင်းကားပေါ်တွင်ရှိစဉ် တာလီဘန်သေနတ်သမားတစ်ဦးက ၎င်း၏ ဦးခေါင်းကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။

ထိုနောက်ပိုင်းတွင် ပညာရေးအတွက် ဆက်လက်လုပ်ဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အသက်အငယ်ဆုံးသော နိုဘယ်ဆုရှင်တစ်ဦးဖြစ်လာခဲ့သည်။ လက်ရှိ အသက် (၁၈နှစ်) အရွယ် မာလာလာမှာ ဗြိတိန်နိုင်ငံတွင် နေထိုင်လျက်ရှိပြီး ဆီးရီးယားဒုက္ခသည်ကလေးငယ်များ၏ ပညာရေးအတွက် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

**(ရိုက်တာ)**



## ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်ရာဇဝတ်မှုကျူးလွန်သော ကုမ္ပဏီများကို လုပ်အား အတင်းအကျပ်စေခိုင်းခံရသော တောင်ကိုရီးယားနိုင်ငံသားများက တရားစွဲ

**ဆိုးလ် ဖေဖော်ဝါရီ ၂**

ဒုတိယကမ္ဘာစစ်အတွင်း စစ်ရာဇဝတ်မှုကျူးလွန်ခဲ့သော ဂျပန်ကုမ္ပဏီများက နစ်နာကြေးပေးရန် ၂၀၁၅ ခုနှစ် ဧပြီလတွင် အဓမ္မ အလုပ်စေခိုင်းခံရသူ ၁၀၀၄ ဦးက တရားစွဲဆိုမှုများ ပြုလုပ်ခဲ့ရာ ဂျပန်က အဓမ္မအလုပ်စေခိုင်းခံရသော တောင်ကိုရီးယားနိုင်ငံသား ၁၀၀ လည်း ၎င်းတို့နှင့်အတူ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ကိုရီးယားစစ်ပွဲအတွင်း ကျဆုံးကွယ်လွန်သွားသော အဖွဲ့အစည်းက အဓမ္မ အလုပ်စေခိုင်းခံရသောသူများနှင့် ၎င်းတို့၏မိသားစုများကို အားပေးကူညီမှုများ ပြုလုပ်ပေးလျက်ရှိပြီး အင်္ဂါနေ့က ကိုရီးယားနိုင်ငံဆိုးလ်မြို့တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။

အားပေးကူညီမှုပြုလုပ်ပေးသောအဖွဲ့အစည်းက အခြားအဓမ္မအလုပ်စေခိုင်းခံရသူများအား ရှာဖွေပြီး အားပေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စစ်ရာဇဝတ်မှုကျူးလွန်ခဲ့သော ဂျပန်ကုမ္ပဏီများထံမှ နစ်နာကြေးများရရှိရန်လည်း ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သောနှစ် ဧပြီလက ယင်းအဖွဲ့ကြီးသည် တောင်ကိုရီးယားနိုင်ငံသား အဓမ္မအလုပ်စေခိုင်းခံရသူ ၁၀၀၄ ဦးနှင့် ၎င်း၏မိသားစုဝင်များကို စုစည်းပြီး ဂျပန်နိုင်ငံ၏ စစ်ရာဇဝတ်မှုကျူးလွန်သော ကုမ္ပဏီများထံမှ နစ်နာကြေးရရှိရန် တရားစွဲဆိုမှုများပြုလုပ်ခဲ့သည်။ စစ်ပွဲအတွင်းက ဂျပန် စစ်လက်နက်စက်ရုံ စုစုပေါင်း ၇၀ ကျော်တွင် အလုပ်ကြမ်းစေခိုင်းခံရသူများကို နစ်နာကြေးနှင့် လုပ်ခများပေးအပ်ခြင်းမရှိပေ။ ၎င်းတို့၏စုစုပေါင်း လုပ်ခနှင့် နစ်နာကြေးမှာ ဝမ် ၁၀၀ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၉၀) ရှိကြောင်း သိရသည်။ နစ်နာကြေးရရှိရန် တရားစွဲဆိုမှုတွင်ပါဝင်ကြသော လုပ်အားအတင်းအကျပ်စေခိုင်းခံရသူများမှာ ယခုနှစ် ဖေဖော်ဝါရီ လအထိ ၁၁၀၄ဦးထိရှိကြောင်း သိရသည်။

ဂျပန်စစ်ရာဇဝတ်မှုဆိုင်ရာ အဖွဲ့က နစ်နာကြေးများကို ၁၉၆၅ စာချုပ်အရ နှစ်နိုင်ငံကြား သံတမန်နည်းလမ်းဖြင့် ဖြေရှင်းခဲ့ကြောင်း ပြောကြားခဲ့သော်လည်း အဓမ္မအလုပ်စေခိုင်းခံရသော ကိုရီးယားနိုင်ငံသားများက အစိုးရအချင်းချင်းသဘောတူညီမှုသည် တစ်ဦးချင်းစီ၏ နစ်နာကြေးရရှိရန် အခွင့်အရေးကို မမျှမတဖြစ်စေသည်ဟု ပြောခဲ့သည်။

**(ဆင်ဟွာ)**

# မြန်မာ့အသံ နှစ် (၇၀)ပြည့်ပြီ

တွေ့ဆုံမေးမြန်း-တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး

ပြည်သူများအတွက် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဆိုသည့် ဦးတည်ချက်ဖြင့် ၁၉၄၆ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သည့် မြန်မာ့အသံသည် ယခု ၂၀၁၆ ခုနှစ်ဆိုလျှင် နှစ်(၇၀)ပြည့်ပြီဖြစ်သည်။

‘‘ပြည်သူ့အတွက် မြန်မာ့အသံ’’ဟူသည့် ဆောင်ပုဒ်အတိုင်း ခေတ်အဆက်ဆက် တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် ပြောင်းလဲလာသည့် ခေတ်ကာလနှင့်အညီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကိုလည်း နိုင်ငံပိုင်မီဒီယာမှ အများပြည်သူဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲရန် လက်တွေ့ကျကျကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ဦးမျိုးမြင့်အောင်
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)



ဦးဇာဂနာ



ညောင်ညောင်



ကင်းကောင်

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ကျရောက်မည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ်(၇၀)ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ဂုဏ်ပြုအစီအစဉ်များ ထုတ်လွှင့်ခြင်း၊ နှစ်ပတ်လည်နေ့အခမ်းအနားနှင့် တေးဂီတဖျော်ဖြေပွဲများ ကျင်းပခြင်းတို့ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်း၌ ပြုလုပ်သွားမည်ဖြစ်ရာ ရေဒီယိုအငြိမ့်နှင့် ရုပ်မြင်သံကြားအငြိမ့်များကို ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဒီယိုအငြိမ့်တွင် မင်းသမီး ခိုင်မာလွင်၊ လူရွှင်တော်များအဖြစ် ပေါ်ဦး၊ လှိုင်ဘွား၊ ဝမ်းတူး၊ ဂျယ်လီတို့ပါဝင်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင်လည်းကောင်း၊ မိုးနတ်သူဇာအငြိမ့်တွင် မင်းသမီး သီတာဝင်း၊ လူရွှင်တော်များအဖြစ် ဇာဂနာ၊ ချစ်စရာ၊ စုတ်ချွန်း၊ ပိန်ပိန်နှင့် ချွန်စက်တို့ပါဝင်မည်ဖြစ်ပြီး ၎င်းအဖွဲ့ကို ဖေဖော်ဝါရီ ၃ ရက်တွင်လည်းကောင်း၊ တစ်ခိုင်လုံးရွှေ အငြိမ့်တွင် မင်းသမီး အေးအေးမြင့်၊ လူရွှင်တော်များအဖြစ် ချစ်ချော၊ ပွမ်ပွမ်၊ ချစ်ဖူး၊ အေးချမ်း၊ ထက်လင်းတို့ ပါဝင်မည်ဖြစ်ပြီး ၎င်းအဖွဲ့ကို ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင်လည်းကောင်း၊ မြပုဏ္ဏမာအငြိမ့်တွင် မင်းသမီး ဝင်းသိင်္ဂီ၊ လူရွှင်တော်များအဖြစ် ဇာဂနာ၊ အရိုင်း၊ ဖိုးဖြူ၊ ငှက်ပျောကြော်၊ ကင်းကောင်၊ ဂေါ်ဇီလာတို့ ပါဝင်မည်ဖြစ်ပြီး ၎င်းအဖွဲ့ကို ဖေဖော်ဝါရီ ၆ ရက်တွင်လည်းကောင်း ည ၇ နာရီသတင်းအပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အတွက် ကြိုတင်ပြင်ဆင်မှုအခြေအနေနှင့်ပတ်သက်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က “၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ဆို ကျွန်တော်တို့ မြန်မာ့အသံအနေနဲ့ နှစ် (၇၀) ပြည့်ပါပြီ။ မြန်မာ့အသံအနေနဲ့ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှာ BBS ဆိုပြီး စတင်တည်ထောင်ခဲ့တယ်။ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ ခေတ်ကာလကတည်းက စခဲ့တာပါ။ ၁၉၈၀ လောက်မှာ ရုပ်မြင်သံကြား ပေါ်လာတဲ့အတွက်ကြောင့် ရုပ်မြင်သံကြား အဆောက်အအုံကို ဂျပန်ကနေ ODA ပရောဂျက်နဲ့ လှူတဲ့အတွက်ကြောင့် ၁၉၈၀ မှာ ရုပ်မြင်သံကြားကို စလွှင့်နိုင်ခဲ့တယ်။ နေပြည်တော်ကို ၂၀၀၈ ခုနှစ် မတ်လမှာ စပြောင်းပြီးတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နေပြည်တော်ကနေ ပြောင်းလဲထုတ်လွှင့်တယ်။ ရန်ကုန်တစ်ဝိုက်ကိုတော့ ထပ်ဆင့်လွှင့်အနေနဲ့ ပြန်လည်ထုတ်လွှင့်ပေးတယ်။

“အခု နှစ်(၇၀)ပြည့်အထိမ်းအမှတ်အနေနဲ့ ကျွန်တော်တို့ တီဗွီရက်သတ္တပတ် ထုတ်လွှင့်မှုတွေရှိတယ်။ ရေဒီယိုရက်သတ္တပတ်ဆိုပြီး ရေဒီယိုအစီအစဉ်တွေကို ဦးစားပေးထုတ်လွှင့်တယ်။ နှစ်ပတ်လည်နေ့ကျရောက်တဲ့ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် တပ်ကုန်းမှာ အခမ်းအနားကျင်းပမယ်။ ပြည်ထောင်စုဝန်ကြီးလည်း တက်ရောက်မယ်။ တစ်နှစ်လုံးမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေ ဆုချီးမြှင့်တာတွေ၊ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ကုမ္ပဏီတွေကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်တာတွေ ဆောင်ရွက်မယ်။ ညနေ ၆ နာရီခွဲကနေ ည ၁၀ နာရီလောက်အထိ Emperor တေးဂီတအဖွဲ့နဲ့ မြန်မာ့အသံရဲ့ နှစ်ပတ်လည်အခမ်းအနား ဖျော်ဖြေတင်ဆက်မှု ပြုလုပ်ဖို့ ပြင်ဆင်ထားပါတယ်။

“နှစ် (၇၀) ပြည့်နဲ့ပတ်သက်ပြီး ရေဒီယိုရက်သတ္တပတ်၊ တီဗွီရက်သတ္တပတ်တို့ ဆောင်ရွက်ဖို့အတွက် အဆိုတော်ပေါင်း ၂၉ ဦးပါဝင်ဖို့ ပြင်ဆင်ထားတယ်။ အရင်ခေတ်က အဆိုတော်တွေပါသလို ဒီဘက်ခေတ်အဆိုတော်တွေနဲ့ ရိုက်ထားတဲ့ တီးဝိုင်းလေးဝိုင်းနဲ့ တေးသီချင်းပေါင်း အပုဒ် ၄၀ ကို ရိုက်ကူးထားတာရှိပါတယ်။ အဲဒါတွေကို ရန်ကုန်မှာပဲ ရိုက်ကူးထုတ်လုပ်ခဲ့ပါတယ်။ အဆိုတော်ကြီး ဒေါ်မာမာအေး၊ အဆိုတော် ဒေါ်လဲ့လဲ့တို့ ဟိုဘက်ခေတ်ရဲ့ တေးသီချင်းတွေကို ဒီခေတ်အခြေအနေတွေနဲ့ပေါင်းစပ်ပြီးတော့ ပြန်ဆိုရိုက်ကူးထားတာတွေရှိတယ်။ ဒါတွေလည်း ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

“အလားတူ မြန်မာ့ရုပ်မြင်သံကြားခေတ်ဦးမှာ ပေါ်ပေါက်ခဲ့တဲ့ မြပုဏ္ဏမာအငြိမ့်ဟာ မြန်မာ့အသံစခဲ့တဲ့အငြိမ့်ဖြစ်တဲ့အတွက် ပြန်လည်ရိုက်ကူးပြီး နှစ်(၇၀)ပြည့်အခမ်းအနားမှာ ထုတ်လွှင့်ပြသပေးသွားမှာဖြစ်ပါတယ်။ ကြိုတင်ရိုက်ကူးတဲ့အစီအစဉ်မှာ ‘ရှင်သန်နေမယ့် MRTV ’ ဆိုတဲ့ ခေါင်းစဉ်နဲ့ ရုပ်မြင်သံကြားဇာတ်လမ်းလေးတစ်ခု ရိုက်ကူးနေတာရှိပါတယ်။ ဇန်နဝါရီ ၂၀ လောက်က စတင်ရိုက်ကူးတာ အခုဆိုရင် ပြီးသွားပါပြီ။ TV Week အနေနဲ့ ဖေဖော်ဝါရီ ၇ ရက်ကနေ ၁၄ ရက်အထိ ထုတ်လွှင့်သွားမှာဖြစ်ပါတယ်”ဟု ပြောသည်။

မြပုဏ္ဏမာအငြိမ့်မှ လူရွှင်တော် ဦးဇာဂနာက “ကျွန်တော်တို့က တက္ကသိုလ်ကနေ လူရွှင်တော်လုပ်ခဲ့ကြတာဆိုတော့ မြန်မာ့ရုပ်မြင်သံကြားက စလုပ်စ ၁၉၈၀ စမ်းသပ်ကာလပဲရှိသေးတယ်။ ဟံသာဝတီအဝိုင်းနားက မြန်မာ့အသံဝင်းကြီးဟာ အသံဝင်းကြီးပဲရှိသေးတယ်။ အဲဒီစမ်းသပ်ကာလကတည်းက ကျွန်တော်တို့က ကျောင်းသားအနေနဲ့ ဝင်ပြီးတော့ အားပေးတယ်။ အဲ့ဒီတုန်းက တစ်ညကို နာရီဝက်ပဲ အငြိမ့်ကကြတယ်။ တက္ကသိုလ်အားလုံးက လူရွှင်တော်တွေ၊ မင်းသားတွေကို ရွေးချယ်လိုက်တယ်။ ကျွန်တော်နဲ့ ကိုမေတ္တာ၊ ကိုအရိုင်း၊ ကိုချွန်စက်နဲ့ ကိုပိန်ပိန်တို့ပါတယ်။ မင်းသမီးတွေကလည်း အများကြီးပဲ။ သီတာဝင်းကတော့ အားလုံးထဲမှာ ဝါအရင့်ဆုံး မင်းသမီးဖြစ်သွားတာပေါ့။ ဒီအဖွဲ့တွေ အားလုံးက မြန်မာ့အသံ စမ်းသပ်ကာလအတွင်းမှာ တောက်လျှောက်ကရတယ်။ တစ်လမှာ နှစ်ခါလောက် ကရတယ်။ ၁၉၈၃ ဇန်နဝါရီ ၁ ရက်မှာ တစ်နိုင်ငံလုံးကို အမြဲတမ်းအစီအစဉ် စလွှင့်တယ်။ အဲ့ဒီနေ့ညမှာ ကတဲ့အငြိမ့်က ကျွန်တော်တို့ အငြိမ့်ပါပဲ။ မိုးနတ်သူဇာအငြိမ့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တစ်နိုင်ငံလုံးကို ပထမဦးဆုံး စလွှင့်တဲ့အစီအစဉ်ပဲ ဖြစ်ပါတယ်။

“နောက်တစ်ဆင့် မိုးနတ်သူဇာအငြိမ့် ပြီးသွားတဲ့အခါမှာ မြပုဏ္ဏမာအငြိမ့်ဆိုပြီး ကျွန်တော်တို့က မျိုးဆက်သစ်တွေ ထပ်ခေါ်တယ်။ ကင်းကောင်၊ ဖိုးဖြူ၊ ငှက်ပျောကြော်၊ ဂေါ်ဇီလာတို့လို တက္ကသိုလ်ကျောင်းသားတွေကို ဆွဲခေါ်လိုက်တယ်။ သူတို့က နောက်တစ်ဖွဲ့ပေါ့။ သူတို့ကို ကျွန်တော်နဲ့ အရိုင်း ဦးဆောင်ပြီးတော့ မင်းသမီး ဝင်းသိင်္ဂီနဲ့ မြပုဏ္ဏမာအငြိမ့်ဆိုပြီး ၁၉၈၅ မှာ ဖြစ်လာခဲ့တယ်။ ဒီဟာရဲ့ အစသည် တက္ကသိုလ်ကလို့ ပြောလို့ရပါတယ်။

“အခုဒီမြန်မာ့အသံမှာ နှစ်ပတ်လည်လုပ်တော့မယ်ဆိုတော့ အဖွဲ့သုံးဖွဲ့စလုံးကို ပြန်ခေါ်ထားတယ်။ ဒီကို မြပုဏ္ဏမာအငြိမ့်တစ်ခုတည်း လာကရတဲ့အကြောင်းရင်းက မိုးနတ်သူဇာက လူတွေက မကနိုင်တော့ဘူး။ မိုးနတ်သူဇာက ကိုပိန်ပိန်၊ ကိုစုတ်ချွန်းတို့ လုပ်ငန်းခွင်တွေ ဝင်နေကြတော့ အနုပညာလောကနဲ့ နှစ် ၃၀ လောက် အဆက်ပြတ်သွားပြီ။ တစ်ခိုင်လုံးရွှေကျတော့လည်း မရှိတော့ဘူး။ တစုတစည်းရှိတာက ကျွန်တော်တို့အဖွဲ့ပဲရှိလို့ ဒီမြန်မာ့ရုပ်မြင်သံကြား နှစ် (၇၀) ပြည့် အခမ်းအနားမှာ ဝင်ပါလိုက်ရတာဖြစ်ပါတယ်” ဟု ပြောသည်။

“မြန်မာပြည်မှာ အနုပညာအလုပ်လုပ်တဲ့သူရယ်၊ နိုင်ငံရေးလုပ်တဲ့သူရယ်။ ဒီနှစ်ခုကတော့ ဝေဖန်မှု လွတ်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ဝေဖန်တယ်ဆိုတဲ့နေရာမှာ မှန်တဲ့ဝေဖန်ရေးဆိုရင် မှန်တာက သမာသမတ်ကျတယ်။ ညီမျှတယ်။ အဲ့ဒီလိုမျိုးဆိုရင် ကျွန်တော်တို့က ကြိုဆိုရမှာပါ။ မလိုအပ်တာတွေ ပြောနေတာကတော့ အိမ်သာနံရံမှာရေးတဲ့ စာလိုပဲ သဘောထားတော့ ကျွန်တော်တို့က ဖတ်ကို မဖတ်ဘူး။ ဘယ်သူမှ တန်ဖိုးမထားကြဘူး။ တချို့ဖေ့စ်ဘွတ်ခ် စာမျက်နှာပေါ်မှာ ရေးနေကြတာတွေကလည်း အိမ်သာနံရံတွေပေါ်က စာတွေလိုပါပဲ။

“နိုင်ငံရေးအရ လှည့်ကွက်လုပ်တာမျိုးလည်း မဟုတ်ပါဘူး။ ဒီလုပ်ငန်းကြီးလုပ်နေတာက အခုမှလုပ်တာမဟုတ်ပါဘူး။ ကြာနေပါပြီ။ ဒီလိုအငြိမ့်ရိုက်ကူးနေတာ ရှေ့မှာ ၁၇ ငြိမ့်တောင် ရှိသွားပါပြီ။ တချို့က သေချာတဲ့ သမိုင်းတစ်ခုကို သေချာမလေ့လာဘူးလေ။ ကျွန်တော်တို့ကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် မြန်မာ့ရုပ်မြင်သံကြားက မွေးထားတဲ့ သားသမီးတွေလိုမျိုး ခံယူထားတဲ့အတွက်ကြောင့် ကိုယ့်မိခင်ဌာနကို ပြန်လာရတာ။ ကျွန်တော်က ကိုယ့်မိဘကို ပြန်လုပ်ကျွေးရတာ။ ကျွန်တော်တို့က ကိုယ့်အတွက်ကိုတောင် ဂုဏ်ယူရဦးမယ်။ ကျွန်တော်တို့အားလုံးက ဂုဏ်ယူပြီးလာကြတာပါ”ဟု လတ်တလော ဝေဖန်ပြောဆိုသံများနှင့် ပတ်သက်ပြီး မြန်မာ့အသံဝန်ထမ်းဟောင်းတစ်ဦးလည်းဖြစ်ခဲ့သူ ဦးဇာဂနာက ၎င်း၏ အမြင်နှင့် သဘောထားကို ပြောပြသည်။



မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားအတွက် မြပုဏ္ဏမာ အငြိမ့်အဖွဲ့ ဇာတ်တိုက်လေ့ကျင့်နေစဉ်။

“ကျွန်တော်တို့အနေနဲ့ ဒီမှာလာပြီး ရိုက်ကူးနေတာ နှစ်နှစ်ကျော်ပြီ။ ပြောတဲ့သူတချို့က အခုပြောနေကြတာ။ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်းရိုက်တာ ၁၉ ပိုင်းရှိသွားပြီ။ အပိုင်းက ဒီနေ့ညအထိဆို ၁၈ ပိုင်းလောက်လွှင့်ပြီးသွားပါပြီ။ ကျွန်တော်တို့ ရိုက်ထားတာ တစ်လတစ်ပိုင်းနှုန်းနဲ့ ပြန်တွက်ကြည့်ဦး။ ၁၉ ပိုင်းဆိုတော့ ၁၉ လရှိသွားပါပြီ။ အဲဒီတစ်ခုတည်း မဟုတ်ပါဘူး။ ဘယ်သူမှ မလုပ်သေးတဲ့ Channel Zero ဆိုတဲ့ ဇာတ်လမ်း၊ နောက် ရင်တွင်းရေး ပြဿနာ၊ Channel Zero ကတော့ လွှင့်ပြီးသွားပြီ။ နောက်တစ်ကြိမ်တောင် ပြန်လွှင့်ဖို့လုပ်နေတယ်။ ကျွန်တော်ချစ်တဲ့အလုပ်က လူပြက်ဘဝပဲ။ အငြိမ့်၊ ပြက်လုံးကအစ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ သမိုင်းဝင်မှတ်တမ်းတင်တယ်။ ကျွန်တော်တို့ဆီမှာ မူလေးတစ်ခုရှိနေတယ်။ အမျိုးသားရေးလို့ပြောရင် အမျိုးသားရေးလက္ခဏာက အငြိမ့်တစ်ခုပဲ ရှိတော့တယ်။ ဇာတ်လည်းမရှိတော့ဘူး။ ဒါ့ကြောင့် မြန်မာ့အသံနဲ့ညှိထားပြီး တစ်လတစ်ကြိမ် အငြိမ့်ကပြမယ်။ အရင်တုန်းကလည်း အငြိမ့်ကို လူတွေစောင့်ကြည့်ရတယ်။ အခုလည်း စောင့်ကြည့်ရအောင် ကျွန်တော်တို့ လုပ်မယ်။ ကပြတဲ့အငြိမ့်က မှတ်တမ်းတင်ရအောင်၊ မူမပျက်အောင် ထိန်းမယ်။ အငြိမ့်ကို တစ်လတစ်ကြိမ် ပုံမှန်ရိုက်ကူးသွားမယ်” ဟု ဆရာဝန်ဘဝကို စွန့်လွှတ်ပြီး လူရွှင်တော်ဘဝကို ချစ်ခင်နှစ်သက်သည့် ဦးဇာဂနာက ပြောသည်။

အငြိမ့်နှင့်ပတ်သက်ပြီး ခေတ်ကာလနှင့်အညီ ပြောင်းလဲမှုအပေါ် “ခုခေတ်မှာ အင်တာနက်တွေ ပေါ်လာတယ်။ နိုင်ငံတကာ Channel တွေ ပေါ်လာတယ်။ အကုန်လုံးကတော့ ဘယ်ကြည့်မလဲ။ ကိုယ်တွေက ကောင်းအောင်လုပ်ရမယ်။ ကိုယ့်ထမင်းဆိုင်က ကောင်းအောင် မချက်တတ်ရင်တော့ ဘယ်လာစားကြမလဲ။ ဒါကြောင့် ကိုယ့်ဘက်ကလည်း ပြုပြင်ပြောင်းလဲရမယ်။ ဒီအငြိမ့်ကို ဘယ်လိုရိုက်မလဲ။ ပြောင်းလဲရတော့မယ်ဆိုတော့ အဆင့်မီစက်ပစ္စည်းကိရိယာတွေပါလာပြီ။ လမ်းဘေးမှာထိုးပြီး ကပြနေတာမဟုတ်ဘဲ စတိတ်ခုံပေါ်မှာ ကပြနေတဲ့အတွက် ဆလိုက်မီးတွေကအစ အကုန်လုံးပြင်ဆင်တယ်။ သီချင်းက အစနားထောင်ကြည့်ပါ။ ကြားနေကျသီချင်းမဟုတ်တော့ဘူး။ ဒီနေ့ခေတ်လူငယ်တွေ စိတ်ဝင်စားတဲ့ Music ကို ပေးထားတယ်။ ပြက်လုံးကအစ ခေတ်နဲ့ညီတဲ့ စကားလုံးတွေသုံးပြီး လူကြီးတွေစိတ်ဝင်စားတာထက် လူငယ်တွေကို ထိုးဖောက်ဝင်ရောက်သွားအောင် အဓိကထားဆောင်ရွက်နေတာပါ။ စိန်ခေါ်မှုတွေရှိပေမယ့် အောင်မြင်အောင် ကြိုးစားချင်တယ်။ ရင်ဆိုင်သွားမယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

ရိုက်ကူးရေးနဲ့ပတ်သက်ပြီး လူရွှင်တော် ညောင်ညောင်က “ကျွန်တော့်အနေနဲ့ ရိုက်ကူးရေးမှာ ကျွန်တော်တို့ဆီမှာ ပါလာတဲ့ အတတ်ပညာရှင်တွေနဲ့ မြန်မာ့အသံက အတတ်ပညာရှင်တွေ ပူးပေါင်းပြီးဆောင်ရွက်မယ်။ အသံပိုင်းဆိုင်ရာက လူတွေလည်း ပါမယ်။ ကျွန်တော့်ရဲ့ ညောင်ညောင် ဆိုတဲ့နာမည်ကို ဦးဇာဂနာက မိုးနတ်သူဇာအငြိမ့်မှာကတော့ ပေးခဲ့တာပါ။ တချို့လူတွေက ကြိုက်တော့ ကြိုက်တယ်၊ မချီးမွမ်းချင်ကြဘူး။ မကောင်းတဲ့ဘက်က လှည့်ပြောချင်ကြတယ်။ အနုပညာနဲ့ ဝေဖန်ရေးက တွဲဖက်နေတာပဲ။ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့က လိုတယ်။ အဓိကကတော့ ယဉ်ကျေးမှုဝန်ကြီးဌာနပါ။ အပြင်က သဘင်

စာမျက်နှာ ၇ ကော်လံ ၅ သို့

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေသည့် ရှမ်းပြည်နယ်နေ့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။ တစ်နွယ်တည်းသော လူမျိုးတို့သည် ပြည်ထောင်စုမြေပေါ်တွင် ရှေးပဝေသဏီကပင် အတူတကွ နေထိုင်လာခဲ့ကြသည်။ မျိုးတူသွေးတူတို့ အေးအတူပူအမျှရင်းနှီးခဲ့ကြသည်။ မရှိအတူရှိအတူ ချစ်ကြည်ခဲ့ကြသည်။**

တစ်အူထုံ့ဆင်း ညီအစ်ကိုမောင်နှမတို့ ချစ်ခင်နေချိန်မှာပင် နယ်ချဲ့တို့ဝင်ရောက်လာကာ ဖိနှိပ်အုပ်ချုပ်ကြ၏။ နယ်ချဲ့တို့သည် တိုင်းရင်းသားညီရင်းအစ်ကိုတို့၏ တွဲသောလက်ကို ဖြုတ်ပစ်လိုက်၏။ သွေးစည်းမှုပျက်ပြားအောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းကြ၏။ ညီညွတ်ငြိမ်းချမ်းစွာနေထိုင်လာခဲ့သော နိုင်ငံတွင် ပြင်ပအနှောင့်အယှက်ပယောဂတို့ဖြင့် မွှေနှောက်ပစ်ကြ၏။ ခွဲခြမ်းပစ်ကြသည်။ စိတ်ဝမ်းကွဲအောင် သွေးခွဲပစ်ကြသည်။



ပြည်ပပယောဂနှင့် မြေရှင်အရင်းရှင်စနစ်တို့ကြောင့် တိုင်းရင်းသားညီညွတ်ရေးသည် ဝမ်းနည်းဖွယ်ကောင်းအောင် ပျက်ပြားလာခဲ့သည်။ ပြည်ထောင်စုကြီးပြိုကွဲတော့မည့် နိမိတ်များပင် ဖြစ်ပေါ်လာခဲ့ပေသည်။

ယင်းသို့ ပျက်ပြားလာခဲ့သော သွေးစည်းညီညွတ်ရေးကို ပြန်လည်ဖော်ထုတ်ရန် တိုင်းရင်းသားတို့သည် အသိရှိရှိ၊ တာဝန်သိသိဖြင့် ကြိုးပမ်းခဲ့ကြသည်။ တိုင်းရင်းသားချင်း သံသယရှိမှုကို ဖယ်ရှားလိုက်၏။ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ နယ်ချဲ့ရန်ကို တွန်းလှန်ကြ၏။ မူလကပင်ရှိခဲ့သော စည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်ကြ၏။ သွေးစည်းညီညွတ်သော အခြေခံအုတ်မြစ်ကို ပင်လုံညီလာခံတွင် ချခဲ့ကြသည်။

သို့ဖြစ်၍ ပင်လုံဒေသရှမ်းပြည်နယ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကဏ္ဍသစ်ဖွင့်ခဲ့သော ဘူမိနက်သန်မြေဖြစ်သည်။ အမျိုးသားလွတ်လပ်ရေးလမ်းစ ရယူခဲ့သော ဒေသဖြစ်၏။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပန္နက်ရိုက်ကာ စည်းလုံးမှုကို ပြန်လည်ပျိုးထောင်ပေးခဲ့သော နယ်မြေဖြစ်၏။ တစ်မျိုးနွယ်လုံး သွေးစည်းညီညွတ်ရေးကို ပြန်လည်သွေးသစ်လောင်းကာ မွေးဖွားပေးခဲ့သော ရှမ်းပြည်နယ်ဖြစ်ပေသည်။

ဤရှမ်းပြည်နယ်သည် ပြည်နယ်၏ နေ့ထူးနေ့မြတ်ကို ပင်လုံညီလာခံမှာပင် မော်ကွန်းတင်ခဲ့၏။ ရှမ်းပြည်နယ်နေ့သည် ပြည်နယ်၏ သမိုင်းဝင် နေ့မြတ်မဟာဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ ရှမ်းပြည်နယ်နေ့ကိုပင် ရှမ်းအမျိုးသားနေ့ဟူ၍ ခေါ်ဝေါ်ကြပြန်သည်။ မည်သို့ပင်ခေါ်ဝေါ်မှုကွဲပြားသော်လည်း အရင်းခံသဘောနှင့် ရည်ရွယ်ချက်အနှစ်သာရမှာ ခြားနားမှုမရှိပါပေ။ ရှမ်းပြည်နယ်နေ့ဖြစ်ပေါ်လာရခြင်း သမိုင်းကြောင်းဖြစ်ရပ်မှာ တစ်ထပ်တည်း၊ တစ်သားတည်း၊ တစ်ခုတည်းသာရှိပေသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရှမ်းပြည်နယ်အတွက် မည်သို့မျှ အကျိုးမပြုခဲ့သော ပဒေသရာဇ် ရှမ်းကောင်စီကို ဖျက်သိမ်းလိုက်၏။ ထို့ကြောင့် ဤနေ့သည် ရှမ်းပြည်နယ်စော်ဘွားကြီးများနှင့် လူထုကိုယ်စားလှယ်ခေါင်းဆောင်ကြီးများ ညီညွတ်သောနေ့၊ တိုင်းတစ်ပါးသားတို့၏ အစီအမံသြဇာအာဏာကို တွန်းလှန်နိုင်သောနေ့၊ ဒီမိုကရေစီအခွင့်အရေးကို လူထုလက်သို့ စတင် အပ်နှင်းပေးသော နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် ရှမ်းပြည်နယ်နေ့ဟု ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညီလာခံ အစည်းအဝေးက ဆုံးဖြတ်ခဲ့ကြသည်။ ထိုည ပင်လုံမြို့ စော်ဘွားများ ညစာစားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသော မိန့်ခွန်းတွင် ဗိုလ်ချုပ်က "တစ်တိုင်းတစ်ပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်" ဟူ၍ ပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားအချင်းချင်း သံသယပျောက်၍ အမုန်ဘဝရောက်စေချင်သည်။ အချင်းချင်းနားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများကိုသာ တိုင်းရင်းသားလူမျိုးအပေါင်း၏ အသည်းနှလုံးတွင် အစဉ်ကိန်းအောင်းစေချင်သည်။ ဤသည်မှာ ဗိုလ်ချုပ်၏ အကြီးမားဆုံးသော ဆန္ဒဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးပေးသော ဗိုလ်ချုပ်၏မိန့်ခွန်းအချို့ကို ဤနေရာတွင် အလျဉ်းသင့်၍ သာဓကအနေဖြင့် ကောက်နုတ်ဖော်ပြလိုပါသည်။ ၁၉၄၇ ခုနှစ်၊ ဇွန် ၁၀ ရက်တွင် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေး၌ ဗိုလ်ချုပ်က "တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ စားဖားတွေညီညွတ်တာ ကျွန်တော်မလိုချင်ဘူး။ တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ အဲဒီ ညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင်လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် (----) တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော် ပြောချင်တယ်။ အဲဒီတော့ ဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ အဲဒါအင်မတန်အရေးကြီးတယ်" ဟူ၍ ပြောကြားခဲ့သည်။

ဗိုလ်ချုပ်ပြောကြားခဲ့သော မိန့်ခွန်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်ကဖြစ်သော်လည်း ယနေ့အချိန်၊ ယနေ့ကာလအထိ မှန်ကန်နေဆဲဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မည်မျှအရေးကြီးသည်ကို ယနေ့တိုင်အပြင်းအထန် ကြိုးပမ်းနေရသည့် အခြေအနေက သက်သေပြလျက်ရှိပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့မှာပင် ရှမ်းအမျိုးသားသီချင်းနှင့် ရှမ်းအမျိုးသားအလံကို သတ်မှတ်ခဲ့ကြသည်။ ပင်လုံညီလာခံတွင် သမိုင်းတွင်မည့် ပင်လုံစာချုပ်လက်မှတ်ထိုးပြီးပြီးချင်း ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ခေါင်းဆောင်ကြီးများနှင့် ဗြိတိသျှ အစိုးရကိုယ်စားလှယ်တို့သည် ရှမ်းအမျိုးသားအလံကို ရှေးဦးစွာ လွှင့်ထူအလေးပြုခဲ့ကြသည်။ ဤသမိုင်းဝင် မော်ကွန်းတွင်ခဲ့သော ရှမ်းပြည်နယ်နေ့သည် ယခုအခါ (၆၉)နှစ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ရှမ်းပြည်နယ်သည် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားလူမျိုးများ၏အကျိုးစီးပွားကို ကောင်းတူဆိုးဖက် လက်တွဲဖော်ဆောင်ခဲ့သည်။ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးတို့အတွက် အမျိုးသားတိုက်ပွဲတွင် စည်းလုံးညီညွတ်စွာ အတူပါဝင်ဆင်နွှဲခဲ့သည်။

မျက်မှောက်ကာလတွင်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူတို့ ကတိကဝတ်ပြုထားခဲ့သည့်အတိုင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်လူမှုစီးပွားရေးအဆင့်အတန်းမြင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ပြုပြင်ပြောင်းလဲဖော်ဆောင်ပေးသည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ် ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပါတီစုံ ဒီမိုကရေစီစနစ်နှင့် နှစ်ပေါင်း ၄၀ ကျော်ကြာ ကင်းကွာ ခဲ့သည့်တိုင် နုသစ်စ နိုင်ငံသစ်ကို ဒီမိုကရေစီကျကျ ခင်းကျင်း ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ယင်းသည် ပင်လျှင် ပြည်ထောင်စုအမွေ၊ အမြဲတည်တံ့စေ၊ နိုင်ငံနှင့်ပြည်သူ ကောင်းစားစေဟူသည့် အဓိဋ္ဌာန်ပြုချက်ဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ဖော်ပြပါ အောင်မြင်မှုများမှထပ်ဆင့်၍ နိုင်ငံနှင့်ပြည်သူများအကျိုးအတွက် တန်ဖိုးကြီးသော အရေးရာကိစ္စများကို ပိုမိုအလေးထားဖော်ဆောင်နိုင်မည်ဟု ယုံကြည်ချက်များနှင့်အတူ အနာဂတ်ဘဝ သာယာလှပစေမည့် မြေ၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားသည့်မြေ၊ ခွင့်တူညီမျှ ဖြူစင်သည့် ဒီမိုကရေစီနိုင်ငံဖြစ်စေရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည့် မဟာတာဝန်ကြီးဖြစ်ကြောင်း ရေးသား တင်ပြရပါသည်။

စိုင်းသာလှိုင်(လိမ္မော်မြေ)

**ရှမ်းပြည်နယ်နေ့သည် ပြည်နယ်၏ သမိုင်းဝင် နေ့မြတ်မဟာဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ ရှမ်းပြည်နယ်နေ့ကိုပင် ရှမ်းအမျိုးသားနေ့ဟူ၍ ခေါ်ဝေါ်ကြပြန်သည်။**

# တန်းခိုးဆရာထွန်းစာပေဆု ချီးမြှင့်ပွဲကျင်းပမည်

**စစ်တွေ ဖေဖော်ဝါရီ ၂**

စတုတ္ထအကြိမ်မြောက် တန်းခိုးဆရာထွန်း စာပေဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းတွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ တန်းခိုးဆရာထွန်း၏ မွေးရပ်ဇာတိမြေ တန်းခိုးကျေးရွာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆု၊ ဆောင်းပါးဆု၊ ဝတ္ထုဆု၊ ကဗျာဆုနှင့် တေးရေးဆရာဆုများကို ချီးမြှင့်ပေးမည်ဖြစ်ပြီး စာပေဟောပြောပွဲကို ကျင်းပမည်ဖြစ်ရာ ဒွါရာဝတီ အသျှင်ကုသလ(ငွေသဇင်-သံတွဲ)၊ ပံသုခင်(ရခိုင်ပြည်)တို့က ဟောပြောကြမည်ဖြစ်သည်။

တန်းခိုးဆရာထွန်း အမည်ရင်း ဦးထွန်းဖြူ(ကောဇာ ၁၂၃၀-၁၂၀၄) သည် ကိုလိုနီခေတ်က ထင်ရှားကျော်ကြားခဲ့သော ရခိုင်အမျိုးသား စာရေးဆရာ၊ တေးရေးဆရာ၊ သာချင်းစာဆိုတစ်ဦးဖြစ်သည်။ နယ်ချဲ့ဗြိတိသျှတို့က မြန်မာ့စာပေယဉ်ကျေးမှု၊ ရခိုင်စာပေယဉ်ကျေးမှုများကို နည်းအမျိုးမျိုးသုံးကား ဖိနှိပ်ဖျက်ဆီးနေသောကာလ၌ ရိုးရာယဉ်ကျေးမှု၊ စာပေများ မပျောက်ပျက်ရအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

"ဗြိတိသျှခေတ်မှာ စာပေယဉ်ကျေးမှုတွေကို ဖျက်ဆီး ဖျောက်ဖျက်ပစ်ခဲ့တယ်။ စာပေသမားတွေကို ဖိနှိပ်ခဲ့တယ်။ ဒီလိုအခြေအနေမျိုးမှာ တန်းခိုးဆရာထွန်းဟာ စာအုပ်ပေါင်း ၆၀ ကျော်အထိ ရေးသားနိုင်ခဲ့တာဟာ အာဂပုဂ္ဂိုလ်တစ်ဦးလို့မြင်ပါတယ်။ ဆရာ့ဂုဏ်ကျေးဇူးတွေကို ပူဇော်တဲ့အနေနဲ့ ခုလိုပွဲမျိုးတွေ ဆောင်ရွက်ရတာပါ။ ရှေ့ဆက်ပြီးတော့လည်း ရခိုင်ပြည်နယ်တွင်သာမက နိုင်ငံတကာမှာရှိတဲ့ ရခိုင်တွေနဲ့ပါပူးပေါင်းပြီးတော့ ရခိုင်အမျိုးသားစာပေဆု ချီးမြှင့်နိုင်အောင် ကြိုးစားသွားဖို့အစီအစဉ်ရှိပါတယ်"ဟု တန်းခိုးကျေးရွာဇာတိသားတစ်ဦးဖြစ်သူ တန်းခိုးဆရာထွန်းစာပေဆု ချီးမြှင့်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးအောင်လှသံ (ပြည်စိုးကြီး) က ပြောပြသည်။

**ကိုကြီးစော**

# ဒီရေတောထိန်းသိမ်းရေး ပညာပေးဟောပြော

**တောင်ကုတ် ဖေဖော်ဝါရီ ၂**

တောင်ကုတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ဒီရေတောထိန်းသိမ်းရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ခေါင်းလောင်းတူနှင့် ကုလရောင်ကျေးရွာတို့၌ ကျင်းပခဲ့သည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်ဆင့်က ငါးသယံဇာတကြွယ်ဝရေး ဒီရေတောများ ထိန်းသိမ်းပေးဟူသော ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် ၈၆ ရာခိုင်နှုန်းသော ရေသတ္တဝါများ၏ ဘဝစက်ဝန်းသည် ဒီရေတောများအပေါ်မှီတည်နေကြောင်း၊ ငါးသယံဇာတမျိုးပြုန်းတီးမှုမရှိဘဲ ရေရှည်ထုတ်လုပ်စားသုံးနိုင်ရေးအတွက် ဒီရေတောများထိန်းသိမ်းရန်လိုအပ်ကြောင်း ပြောကြားပြီး တက်ရောက်လာသောဒေသခံများအား ဒီရေတော ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေကာ ဒီရေတောထိန်းသိမ်းရေးဧရိယာ အသိပေးပိုစတာများကိုလည်း ဒီရေတောအတွင်း စိုက်ထူခဲ့ကြသည်။ **ကျော်ဆင့်(တောင်ကုတ်)**



ဒေါ်ခင်စန်းလှိုင်
(ပုလဲမဲဆန္ဒနယ်)



ဦးလှထွန်းကျော်
(မောင်တောမဲဆန္ဒနယ်)



ဦးကျော်အောင်မြင့်
(စေတုတ္တရာမဲဆန္ဒနယ်)



ဦးမြင့်လွင်
(တွံတေးမဲဆန္ဒနယ်)



ဦးဇုန်းတိန့်
(ချီဖွေမဲဆန္ဒနယ်)



ဦးခင်မောင်သီ
(လှိုင်လင်မဲဆန္ဒနယ်)

*** ရှေ့ဖုံးမှ**

**ဒေါ်ခင်စန်းလှိုင် (ပုလဲမဲဆန္ဒနယ်)**

ငြိမ်းချမ်းရေး ဖြစ်စဉ်တွေ၊ တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်ရေးတွေကို လုပ်နိုင်မှာပါ။ ဘာလို့လဲဆိုတော့ ကျွန်မတို့ပါတီဟာ ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုနဲ့ ရွေးချယ်တင်မြှောက်ခံရတဲ့ ပါတီဖြစ်ပါတယ်။ လွှတ်တော်ထဲမှာလည်း အင်အား အများဆုံးပါတီတစ်ရပ်အနေနဲ့ ဒီထဲကိုရောက်ရှိလာတာပါ။ ကျွန်မတို့တစ်တွေရဲ့ အတွေ့အကြုံအရဆိုရင် အရင်လွှတ်တော်ရဲ့ သက်တမ်းဟာ အင်မတန်မှနုနယ်တဲ့ အချိန်အတွင်းမှာ ကျွန်မတို့ဆောင်ရွက်ချင်လျက်သားနဲ့ မဆောင်ရွက်ခဲ့ရတာတွေ၊ ဆောင်ရွက်သင့်လျက်သားနဲ့ မဆောင်ရွက်ခဲ့ရတာတွေ၊ မလုပ်ခဲ့ရတဲ့ အလုပ်တွေ ဒီသက်တမ်းမှာ လုပ်နိုင်လိမ့်မယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်။ အဲ့ဒီအတွက်ကြောင့် ကျန်ရှိနေသေးတဲ့ဥပဒေတွေကို ဆက်လက်ပြီးတော့ ရေးဆွဲနိုင်မယ်၊ ပြုပြင်နိုင်မယ်၊ ပြင်ဆင်နိုင်မယ်။ နောက်တစ်ခုက နိုင်ငံတော်အတွက် တကယ်လိုလားနေတဲ့ တိုင်းရင်းသားငြိမ်းချမ်းရေးကိစ္စတွေကို ဆက်လက်လုပ်ဆောင်နိုင်မယ်။ နောက်တစ်ခုက နိုင်ငံတော်ရဲ့ဘတ်ဂျက်တွေကို စနစ်တကျစီမံခန့်ခွဲနိုင်တဲ့အခွင့်အရေး ကျွန်မတို့ရလာပြီဆိုရင် ပိုမိုပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။

**ဦးလှထွန်းကျော် (မောင်တောမဲဆန္ဒနယ်)**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်မှာ ရခိုင်တိုင်းရင်းသားတွေဟာ ၂ ရာခိုင်နှုန်းပဲရှိတယ်။ နိုင်ငံသားမဟုတ်တဲ့သူတွေက ၉၈ ရာခိုင်နှုန်းရှိနေတော့ ရှိသမျှအခွင့်အရေးတွေက အကုန်လုံးဆုံးရှုံးနေတယ်။ ဆုံးရှုံးနေတဲ့ အခွင့်အရေးတွေကိုရအောင် တိုင်းရင်းသားတွေလုံခြုံစိတ်ချစွာနေနိုင်အောင် ဥပဒေတစ်ရပ်အနေနဲ့ ထုတ်ပြန်နိုင်ဖို့ ရည်မှန်းချက်ရှိတယ်။ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ အတတ်နိုင်ဆုံး ရည်မှန်းချက်ကိုရအောင် ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးကျော်အောင်မြင့် (စေတုတ္တရာမဲဆန္ဒနယ်)**

ကျွန်တော်တို့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ခေါင်းဆောင်မှု၊ ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ အကောင်းဆုံးပြီးမြောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားနိုင်မယ်ဆိုတာ ယုံကြည်ပါတယ်။ ပြည်သူကလည်း တစ်သွေးတစ်သားတည်း ဆောင်ရွက်မယ်လို့ ယုံကြည်ပါတယ်။

**ဦးလာမာလေး (ဆော့လော်မဲဆန္ဒနယ်)**

အခုလွှတ်တော်ရဲ့ကိုယ်စားလှယ်အများစုက NLD လွှတ်တော်ကိုယ်စားလှယ်တွေပါ၊ အဲ့ဒီလွှတ်တော်ကိုယ်စားလှယ်တွေထဲမှာ တိုင်းရင်းသားတွေလည်းပါတယ်။ ဒါပေမယ့်လည်း လက်ရှိကျွန်တော်မြင်ရတဲ့ အနေအထားအရ ပြောရမယ်ဆိုရင် NLD ပါတီကမဟုတ်ဘဲ အခြားပါတီက လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လွတ်လပ်မှုမရှိတာကို တွေ့ရပါတယ်။

ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး လက်ရှိအခြေအနေမှာဆိုရင် ကြည့်နေတုန်း၊ သုံးသပ်နေတုန်းပါပဲ။ လွှတ်တော်ကလည်း ဒီနေ့မှစတာဆိုတော့ ကျွန်တော်တို့အနေနဲ့ ဘာမှမပြောနိုင်သေးဘူး။ လောလောဆယ်တော့ စောင့်ကြည့်ရမယ့်အနေအထားပဲရှိဦးမှာပါလို့ ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ တပ်မတော်သား ကိုယ်စားလှယ်တွေကလည်း အရေးကြီးတဲ့ အခန်းကဏ္ဍမှာပါတယ်လို့ ကျွန်တော်မြင်ပါတယ်။ NLD ခေါင်းဆောင်တွေ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေ ပူးပေါင်းပြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်ကြမယ်ဆိုရင်တော့ ထာဝရငြိမ်းချမ်းရေးအထိ ရနိုင်တဲ့ အလားအလာကိုလည်း မြင်ရပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**

နိုင်ငံတော်ပြောင်းဖို့ ဆိုတာ အဓိကကတော့ ကြားဖြတ်ရွေးကောက်ပွဲမှာ ပြောခဲ့တဲ့ အခြေခံဥပဒေပြင်ဆင်ရေးရယ်၊ တရားဥပဒေစိုးမိုးရေးရယ်၊ တည်ငြိမ်အေးချမ်းရေးရယ်။ ပြည်သူတွေရဲ့ဘဝ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးပါ၊ အဓိက ကတော့ အခြေခံဥပဒေပြင်ဆင်ရေးပါ။ အခြေခံဥပဒေဟာ ဒီမိုကရေစီနည်းလမ်းကျတဲ့ ဖက်ဒရယ်ဒီမိုကရက်တစ်နိုင်ငံ ထူထောင်ဖို့အတွက် လိုက်လျောညီထွေဖြစ်တဲ့ အခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးကို အခု ဒီလွှတ်တော်က ဦးဆောင်ကြိုးစားသွားမယ်လို့ စိတ်ကူးထားပါတယ်။

ဒီမိုကရေစီအပြောင်းအလဲတွေ၊ ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အပြောင်းအလဲတွေဖြစ်လာမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဥပမာ လွှတ်တော်ဥက္ကဋ္ဌက NLD ပါတီက ဖြစ်တယ်၊ ဒုဥက္ကဋ္ဌက ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီကပါ။ ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌက အဓိကပါတီနှစ်ခုက ဖြစ်တယ်ဆိုတာကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံဟာ အရေးကြီးတဲ့ပြောင်းလဲမှုအဆင့်ကို စပြီးတော့လှမ်းနိုင်ခဲ့ပြီလို့ ယူဆရပါတယ်။

**ဦးဇုန်းတိန့် (ချီဖွေမဲဆန္ဒနယ်)**

ကျွန်တော့်ကို ပြည်သူတွေက ယုံကြည်တဲ့အတွက် အခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှာ ရွေးချယ်တာဝန်ပေးခဲ့ပါတယ်။ ပထမအကြိမ်တုန်းက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့အခြေခံအဆောက်အအုံတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒုတိယသက်တမ်းကာလမှာ ကျန်ရှိတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမယ့်အပြင် ပြည်သူတွေရဲ့ဆန္ဒဖြစ်တဲ့ နယ်စပ်ဒေသတွေမှာ ငြိမ်းချမ်းရေးနဲ့ လူနည်းစုရေးရာတွေကို အဓိကထားဆောင်ရွက်သွားပါမယ်။

**ဦးခင်မောင်သီ (လှိုင်လင်မဲဆန္ဒနယ်)**

ကျွန်တော့်မဲဆန္ဒနယ်က ပြည်သူတွေရဲ့ဆန္ဒဖြစ်တဲ့ ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို အဓိကထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ရပ်ရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေဖြစ်တဲ့ သန့်ရှင်းတဲ့သောက်သုံးရေရရှိရေး၊ ကျန်းမာရေးနဲ့ ပညာရေးတွေကို အလေးထားဖြည့်ဆည်းသွားမှာဖြစ်ပါတယ်။ ရပ်ရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါတီစွဲ၊ လူမျိုးစွဲမထားဘဲ အစိုးရ၊ လွှတ်တော်နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အကောင်းဆုံးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

# အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ကျွန်းစုမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) မှ ဗဟိုအလုပ်အမှုဆောင် ဒေါ်စုညွန့်ဦးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၆ ရက်က တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝဖွံ့ဖြိုးတိုးတက်၍ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး၊ ဆိုလာနည်းဖြင့် ကျေးရွာမီးရရှိရေးဆောင်ရွက်ပေးနိုင်ရန်၊ သက်န်းအုံကျေးရွာ၊ ပသုတ်ကျွန်းကျေးရွာ၊ လင်မလိုကြီးကျေးရွာ၊ လဲဝါပြင်ကျေးရွာ၊ ဒုံးညောင်မှိုင်းကျေးရွာနှင့် ကျားကြီးအော်ကျေးရွာနေ အမျိုးသမီးများနှင့် တွေ့ဆုံပြီး သတ်မှတ်ချက်နှင့်ညီညွတ်သော အမျိုးသမီးခြောက်ဦးကို ရွေးချယ်ကာ အိန္ဒိယနိုင်ငံ Barefoot Collage တွင် ဆိုလာနည်းပညာ ခြောက်လသင်တန်း တက်ရောက်နိုင်ရန် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်စဉ် ကျွန်းစုမြို့နယ်ခန်းမ၌ အသင်းရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး(**အောက်ပုံ**) ကျွန်းစုမြို့နယ်မှ MWCDF အသင်းသို့ ဝင်ရောက်မည့် အဖွဲ့ဝင်အဆိုပြုလွှာများကို လက်ခံရယူကာ အသင်းပြက္ခဒိန်များ၊ ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ထို့ပြင် MWCDF အသင်းမှ ဦးဆောင်ဖွင့်လှစ်ထားရှိသော အမျိုးသမီးငယ်လေးများအား စက်ချုပ်သင်တန်းအတွက် ပိတ်ဖြူ ကိုက် ၃၀၀၊ ကျောင်းစိမ်း ကိုက် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး ရွှေအဏ္ဏဝါ ပညာရေးဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၀ သိန်းနှင့် ဘာသာရေးအသင်းအဖွဲ့များသို့ အလှူငွေကျပ် ၁၀ သိန်း ထည့်ဝင်လှူဒါန်းခဲ့ကာ မြို့နယ်အတွင်းရှိ မူကြိုကျောင်းများ၊ စာသင်ကျောင်းများနှင့် မသန်စွမ်းအမျိုးသမီးကလေးများအတွက်လည်း ငွေကြေးနှင့် အာဟာရဖြည့်အစားအစာများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ စုစုပေါင်း အလှူငွေကျပ် ၅၁၁၅၀၀၀ ဝိ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



*စာမျက်နှာ ၅ မှ*

အစည်းအရုံးကလည်း ကြိုးစားနေကြရတာပဲ။ အငြိမ့်ဆိုလည်း နောက်ပိုင်းဆို ပရိသတ်က မကြည့်၊ ပရိသတ်မကြည့်ဘူးဆိုပြီး နောက်ပိုင်း ကမက ဆိုတာမျိုးတွေလည်း ရှိတာပဲ။ အားလုံးက ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့ လိုအပ်ပါတယ်" ဟု ပြောသည်။

မြန်မာ့အငြိမ့်သဘင် ဆက်လက်ရှင်သန်နေရန် လူငယ်များအနေဖြင့် မည်သို့ပြုလုပ်သင့်ကြောင်းကို လူရွှင်တော်ကင်းကောင်က "မြန်မာ့အသံနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အငြိမ့်တွေ တက္ကသိုလ်ကျောင်းသားဘဝကနေ လွှင့်ခဲ့တာ တောက်လျှောက်လွှင့်ခဲ့တယ်။ ဒီ ၂၀၁၆ ခုနှစ် နှစ် (၇၀) ပြည့်မှာ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားကို ကျွန်တော်တို့အနေနဲ့ လာရောက်ပိုင်းဝန်းကူညီပေးရမယ့်အခြေအနေရှိသွားပါပြီ။ နောင်မှာဆို ကျွန်တော့်သားသမီးတောင် မသိကြတော့ဘူး။ တခြားသူမပြောဘူး။ သူတို့တစ်တွေသိအောင်၊ နားလည်အောင်ရော၊ နှစ်(၇၀) ပြည့် အမှတ်တရလေးအနေနဲ့ပါ ကျွန်တော်တို့တစ်တွေဖျော်ဖြေတင်ဆက်တာ ဖြစ်ပါတယ်။ အငြိမ့်ကဏ္ဍဖျော်ဖြေတဲ့အတွက် ခေတ်လူငယ်တွေအနေနဲ့ အငြိမ့်ဟာသသရုပ်ဆောင်တွေ၊ အငြိမ့်မင်းသမီးတွေရဲ့ ကဟန် ဆိုဟန်တွေ။ ကျွန်တော်တို့ခေတ်က ကခဲ့တဲ့ သီချင်းတွေရဲ့ အနှစ်သာရက ဘယ်လောက် အရသာရှိတယ်ဆိုတာကို သိစေချင်တဲ့ဆန္ဒလည်း ပါပါတယ်။ မြန်မာ့အငြိမ့်သဘင် ဆက်လက်ရှင်သန်နေဖို့ အများကြီး လုပ်စရာမရှိဘူး။ လူငယ်တွေ စာများများဖတ်ကြပါ။ ဘယ်စာမဆို ဖတ်ပါ။ စာဖတ်ခြင်းအားဖြင့် အငြိမ့်ဆိုတာ သိလာပါလိမ့်မယ်။ အဓိက က စာဖတ်အားများဖို့ပဲ အရေးကြီးပါတယ်" ဟု ပြောသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင်ကျင်းပမည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ် (၇၀) ပြည့်အထိမ်းအမှတ်အခမ်းအနားတွင်ဖျော်ဖြေမှုအနေနဲ့ Emperor တေးဂီတအဖွဲ့၊ ပြင်ပအဆိုတော်များဖြစ်သည့် ဇော်ဝင်းထွဋ်၊ ရင်ဂို၊ ဇော်ပိုင်၊ ဝေလ၊ နီနီခင်ဇော်၊ ချမ်းချမ်း၊ ဆုန်သင်းပါရ်၊ သားစိုးနှင့်အဖွဲ့၊ ဝန်ထမ်းအနုပညာရှင်များပါဝင်တဲ့ Live Show အစီအစဉ်ကို ညနေ ၆ နာရီခွဲကနေ ၁၀ နာရီအထိ တင်ဆက်သွားမှာဖြစ်သည့်အတွက် တစ်နိုင်ငံလုံးမှ ပရိသတ်များကြည့်ရှုခံစားနိုင်ရန် MRTV News Channel နှင့် MRTV Intertainment Channel များမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ ပရိသတ်များအနေဖြင့် စောင့်မျှော်ကြည့်ရှုကြလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း စာရေးသူအနေဖြင့် အကြိုသတင်းကောင်းအနေဖြင့် ဖော်ပြလိုက်ပါသည်။

# မိတ္ထီလာတွင် အကြိမ်(၆၀)မြောက် ဓာတုပူဇနိယဓာတ်တော်ပူဇော်ပွဲ ကျင်းပမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂**

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် ဝမ်းတော်ပြည့်တိုးချဲ့နယ်မြေရှိ ဝမ်းတော်ပြည့်ကျောင်းတိုက်၌ အကြိမ်(၆၀)မြောက် ဓာတုပူဇနိယဓာတ်တော်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်တော်ပူဇော်ပွဲတွင် ကျောင်းတိုက်အတွင်းရှိ မူလဓာတုဗိမာန်တော်ကြီး၌ ထာဝရသီတင်းသုံးကိန်းဝပ်တော်မူသော ဓာတ်တော်မွေတော်၊ ဆံတော်၊ အံတော်၊ စွယ်တော်ပွားနှင့် မဟာဒုက်ရွှေဆင်းတုဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ ဆက်ကပ်လှူဒါန်း၍ ဗုဒ္ဓါဘိသေကအနေကဇာတင် ဓာတုပူဇော်သဘင်ပွဲ ဖွင့်လှစ်ကျင်းပပြီး ဓမ္မစကြာဝတ်အသင်းများက ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော် အပါး ၂၀၀ အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ တရားပွဲများကျင်းပခြင်း၊ ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူခြင်းအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဝမ်းတော်ပြည့်ကျောင်းတိုက်ကို စတင်တည်ထောင် သီတင်းသုံးတော်မူသည့် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယသည် အနယ်နယ်အရပ်ရပ်တွင် သာသနာပြုလုပ်ငန်းများ ကြွရောက်လှည့်လည်ဆောင်ရွက်ရာတွင် ဗုဒ္ဓ၊ ပစ္စေက၊ ရဟန္တာ အရိယာသာဝကများ၏ ဓာတ်တော်မွေတော်များကို နှစ်ပေါင်းများစွာ အလှူခံစုဆောင်းထားရှိပြီး အများပြည်သူ ကုသိုလ်ပွားအကျိုးများစေရန်ရည်ရွယ်၍ ဓာတုဗိမာန်ကြီးတည်ဆောက်ကာ နှစ်စဉ်ဓာတ်တော်ပူဇော်ပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




# မော်တင်လူကူးခုံးကျော်တံတားဖွင့်လှစ်ရန် ရက်သတ်မှတ်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် ယာဉ်သွားလာမှုများပြားပြီး လူသွားလူလာများသည့်နေရာများ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး လူကူးခုံးကျော်တံတားများ တည်ဆောက်ပေးလျက်ရှိရာ လမ်းမတော်မြို့နယ် လမ်းသစ်လမ်းရှိ စက်လှေကားပါ လူကူးခုံးကျော်တံတားကို မကြာမီဖွင့်လှစ်သွားရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးလှမြင့်က လာရောက်ကြည့်ရှုစစ်ဆေးပြီး ရက်သတ်မှတ်ပေးလိုက်သည်။

"ဖေဖော်ဝါရီ ၄ ရက်မှာ စတင်ဖြတ်သန်းခွင့်ပြုပါမယ်။ အဲဒီနေ့ကျရင် စတင်ဖြတ်သန်းသွားလာတဲ့ ပြည်သူတွေကိုလည်း လက်ကိုင်ပဝါလို အမှတ်တရပစ္စည်းလေးတွေ ပေးနိုင်ဖို့ စီစဉ်ဖို့လိုပါတယ်"ဟု မြို့တော်ဝန်က ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် လာရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ လူကူးခုံးကျော်တံတားမှာ လမ်းမတော်မြို့နယ်လမ်းသစ်လမ်းနှင့် မော်တင်လမ်းတို့ကို ဆက်သွယ်ပေးထားပြီး ယခင်နှစ် ဧပြီလအတွင်းမှ စတင်ကာ တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ကြောင်း သိရသည်။

ယင်းလူကူးခုံးကျော်တံတားသည် ရန်ကုန်မြို့၌ တည်ဆောက်ခဲ့သော လူကူးခုံးကျော်တံတားများအနက် ၁၃ စင်းမြောက် လူကူးခုံးကျော်တံတားဖြစ်လာမည်ဖြစ်သည်။ ထိုလူကူးခုံးကျော်တံတားမတိုင်မီက ဆူးလေ၌ လူကူးခုံးကျော်တံတားနှစ်စင်း၊ သိမ်ကြီးဈေးရှေ့၌ နှစ်စင်း၊ ဗိုလ်ချုပ်လမ်း သူနာပြုတက္ကသိုလ်ရှေ့၌ တစ်စင်း၊ ဗိုလ်ချုပ်ဈေးရှေ့၌တစ်စင်း၊ ဒဂုံမြို့နယ် အလံပြဘုရားလမ်း၌ တစ်စင်း၊ ကန်တော်ကြီး တိရစ္ဆာန်ဥယျာဉ်ရှေ့၌ တစ်စင်း၊ မင်္ဂလာဒုံ အောင်ဆန်းသူရိယ လှသောင်း ကျောင်းရှေ့၌တစ်စင်း၊ ကမ္ဘာအေးဂမုန်းပွင့်ရှေ့၌တစ်စင်း၊ ပန်းဆိုးတန်း-ကမ်းနားလမ်း၌တစ်စင်း၊ လှည်းတန်းမီးပွိုင့် အင်းစိန်လမ်းအနီး၌ တစ်စင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆူးလေ-အနော်ရထာလမ်းဆုံ၊ လမ်းမတော်-အနော်ရထာ (သံဈေးအနီး)၊ ဗဟန်း(၃)လမ်း၊ ပြည်လမ်း-အင်းလျားကန်ရှေ့၊ ပြည်လမ်း-မာလာဆောင်ရှေ့နှင့် ပြည်လမ်း-စိုက်ပျိုးရေး မှတ်တိုင်အနီးတို့တွင်လည်း စုစုပေါင်း လူကူးခုံးကျော်တံတားခြောက်စင်းကို ထပ်မံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး (မြန်မာ့အလင်း)**



**မကြာမီဖွင့်လှစ်တော့မည့် လမ်းမတော်မြို့နယ် လမ်းသစ်လမ်းရှိ မော်တင်လူကူးခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။** (ဓာတ်ပုံ-သက္က)

# အယ်လ်နီညိုဖြစ်ပေါ်လာပါက ရေအခက်အခဲမရှိစေရန် ကြိုတင်ဆောင်ရွက်နေ

**မန္တလေး ဖေဖော်ဝါရီ ၂**

လာမည့်နွေရာသီတွင် အယ်လ်နီညိုရိုက်ခတ်မှုဖြစ်ပေါ်လာပါက မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် သောက်သုံးရေအခက်အခဲမရှိစေရန် ကြိုတင်စီမံဆောင်ရွက်မှုလုပ်ငန်းများကို စိုက်ပျိုးရေးနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာအသုံးချနိုင်ရေး ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းကာ ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၁၆ ခုနှစ် နွေရာသီတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုတွင် အယ်လ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့် ရာသီဥတုပူပြင်းပြီး စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အခက်အခဲများရှိလာနိုင်ကြောင်း သတင်းထုတ်ပြန်ချက်များအရ မန္တလေးတိုင်းဒေသကြီးအတွင်း စပါးအပါအဝင် အခြားသီးနှံများစိုက်ပျိုးရာတွင် ရေအခက်အခဲမဖြစ်ပေါ်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း ၍ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာအသုံးချနိုင်ရေး ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်း အတွင်းရေးမှူး ဦးမြင့်ဦးက ပြောသည်။

"အဓိကအနေနဲ့ စိုက်ပျိုးရေးအတွက် ရေအခက်အခဲမရှိဖို့၊ ဆည်တွေမှာ ရေလက်ကျန်နဲ့ အခြားရေရရှိနိုင်မယ့် နည်းလမ်းတွေကို ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် နွေစပါးနဲ့ အခြားသီးနှံတွေ စိုက်ပျိုးချိန်နဲ့ ရိတ်သိမ်းချိန်တွေမှာ ဆုံးရှုံးမှုမရှိစေဖို့ ဌာနကဝန်ထမ်းတွေနဲ့ တောင်သူတွေတွေ့ဆုံပြီး အသိပညာပေးစည်းရုံးမှုတွေ လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် စိုက်ပျိုးရာတွင် ရေသုံးစွဲမှုသက်သာစေသည့် သက်တမ်းတိုနှင့် သက်လျှင် အထွက်ကောင်းစပါးများကို ရွေးချယ်စိုက်ပျိုးရန်၊ မြစ်ရေတင်ဒေသများတွင် သက်တမ်းတိုစပါးများအပြင် ရေအနည်းလိုသီးနှံများ တိုးချဲ့စိုက်ပျိုးရန်နှင့် ရေကိုအလေအလွင့်မရှိ အကျိုးရှိစွာအသုံးချနိုင်ရေး၊ စိုက်ပျိုးရေအနည်းဆုံးလိုအပ်ချက်ကို အဆင့်ဆင့်ကြီးကြပ်မှုဖြင့် ပေးဝေရေး၊ သောက်သုံးရေကန်နှင့် စက်ရေတွင်းများမှရေကို အလေအလွင့်နည်းပါးစွာ ထုတ်ယူသုံးစွဲရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း နွေစပါးကို ဧကတစ်သိန်း စိုက်ပျိုးရန် လျာထားလျက်ရှိပြီး အများအားဖြင့် သက်တမ်းတိုမျိုးများဖြစ်သော ရွှေသွယ်ရင်၊ ပုလဲသွယ်၊ သီးထပ်ရင်နှင့် MR-9 တို့ကို စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အစိုးရငွေချေးသက်သေခံလက်မှတ်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးတွဲကျင်းပသော အစိုးရငွေချေး သက်သေခံလက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အစိုးရငွေတိုက်လက်မှတ်များအား လေလံစနစ်ဖြင့် ရောင်းချခြင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် စတင်ကျင်းပခဲ့ရာ ယခုအခါ တစ်နှစ်သက်တမ်းရှိပြီး ပြည်တွင်းဈေးကွက်၏ လက်ရှိအခြေအနေ၊ အစိုးရငွေတိုက်လက်မှတ်လေလံပွဲရလဒ်များ၊ အစိုးရငွေတိုက်လက်မှတ်များကို သက်တမ်းတိုးချဲ့ထုတ်ဝေမည့်အစီအစဉ်၊ အစိုးရငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချရာတွင် ဘဏ်များနှင့် ရင်းနှီးမြှုပ်နှံသူများ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဈေးကွက်တုံ့ပြန်ခြင်းဆိုင်ရာ အခြေအနေတို့ကို သိရှိနိုင်ရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်မှစ၍ အစိုးရငွေတိုက်စာချုပ်များကိုလည်း လေလံစနစ်ဖြင့် စတင်ထုတ်ဝေရောင်းချသွားရန် အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နည်းပညာအကူအညီဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိအစိုးရငွေတိုက်လက်မှတ်များ၏ သက်တမ်းမှာ သုံးလဖြစ်ပြီး သက်တမ်းခြောက်လနှင့် တစ်နှစ်ရှိ ငွေတိုက်လက်မှတ်များကို တိုးချဲ့ထုတ်ဝေရန်နှင့် အစိုးရငွေတိုက်စာချုပ်များ၏ လက်ရှိသက်တမ်း နှစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်တို့အပြင် ကာလရှည်ငွေတိုက်စာချုပ်များ ထုတ်ဝေရန်တို့ကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများ၊ အာရှဖွံ့ဖြိုးရေးဘဏ်က စီးပွားရေးပညာရှင် ဦးသာသာလှနှင့် အကြံပေးပညာရှင် Mr. Ian Storkey၊ အာရှ ငွေချေးသက်သေခံစာချုပ် ဈေးကွက်ဆိုင်ရာ ပဏာမအစီအစဉ်–ABMI မှ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ ပြည်တွင်းငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မျက်စိအလင်းအလှူ ရွှေအလင်းရောင်မှကူညီမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ငွေကြေးချို့တဲ့သည့် မျက်စိဝေဒနာရှင်များ မျက်စိခွဲစိတ်ရန် ရွှေအလင်းရောင် မျက်စိဖောင်ဒေးရှင်းသို့ အကူအညီတောင်းခံလိုပါက လျှောက်ထားသည့်နေ့စွဲ၊ အကြောင်းအရာ (မျက်စိစမ်းသပ်ခွဲစိတ်မှုကို အခမဲ့ခွဲစိတ်ကုသခွင့်ပြုပါရန် လျှောက်ထားခြင်း)၊ အမည်/နေရပ်လိပ်စာအပြည့်အစုံ၊ (တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ရပ်ကွက်/ကျေးရွာ/ ဖုန်းနံပါတ်)၊ ဝန်ထမ်းဖြစ်ပါက ဌာနထောက်ခံချက် (သို့မဟုတ်) အရပ်သားဖြစ်ပါက ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ငွေကြေးချို့တဲ့ကြောင်း ထောက်ခံချက်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတို့နှင့်အတူ အတွင်းရေးမှူး ရွှေအလင်းရောင် (မျက်စိ)ဖောင်ဒေးရှင်း အမှတ်(၈၀) ၅လွှာ (၅၆)လမ်း(လမ်းတို) ပုဇွန်တောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး လိပ်မူဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် စနေ၊ တနင်္ဂနွေနေ့(အစိုးရရုံးပိတ်ရက်)မှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ဖုန်း-၀၁-၃၉၇၆၉၀၊ ၀၉-၇၃၁၄၃၆၀၆၊ Fax ၀၁-၃၉၇၆၉၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# ပြည်ပခရီးသွားလုပ်ငန်းများအတွက် အာမခံချက်ကောင်းများရရှိမည့် ပြည်ပခရီးစဉ်လိုင်စင်များထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

**မြန်မာနိုင်ငံသည် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ယခုအခါတွင် ခရီးသွားကုမ္ပဏီများအနေဖြင့် ပြည်တွင်းခရီးစဉ် (Inbound Tour) အပြင် ပြည်ပခရီးစဉ် (Outbound Tour) များအတွက်ပါ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လိုင်စင်များပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။**

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-သက်ထက်**

မြန်မာနိုင်ငံသားများအနေဖြင့်လည်း ပြည်ပသို့သွားရောက်သည့် ခရီးသွားဦးရေ တစ်နှစ်ထက်တစ်နှစ် များပြားလာလျက်ရှိရာ အပန်းဖြေခရီး၊ ဘုရားဖူးခရီး၊ ကျန်းမာရေးအတွက် ဆေးဝါးကုသရန်သွားရောက်သည့် ခရီးများနှင့် ပညာသင်သွားရောက်သည့် ခရီးစဉ်များတွင် ခရီးသွားကုမ္ပဏီများ၏ ဝန်ဆောင်မှုများဖြင့် ခရီးသွားသည့်အရေအတွက် များပြားလာကြောင်း သိရသည်။

"မြန်မာနိုင်ငံသားတွေ ပြည်ပကိုသွားရောက်တဲ့အခါမှာ အရင်က ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ထုံးလုပ်နည်းဥပဒေမှာ ခရီးသွားကုမ္ပဏီက ပြည်တွင်းခရီးစဉ် (Inbound Tour)၊ ပြည်ပခရီးစဉ် (Outbound Tour) လိုင်စင်ဆောင်ရွက်ခွင့်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က နိုင်ငံတော်စည်းမျဉ်းစည်းကမ်းနဲ့အညီ ညွှန်ကြားချက်မရရင် ဆောင်ရွက်ခွင့်မရှိတဲ့အတွက် နိုင်ငံရဲ့အခြေအနေအရ Outbound Tour လိုင်စင်ကို ခွင့်ပြုမပေးခဲ့ပါဘူး။ အခုတော့ မြန်မာပြည်က ခရီးသွားတဲ့ဦးရေများလာတဲ့အပြင် ကုမ္ပဏီတွေရဲ့ ဝန်ဆောင်မှုကိုယူပြီး သွားတဲ့ခရီးသွားတွေများတဲ့အတွက် ၂၀၁၃ ခုနှစ် နောက်ပိုင်းမှာ ပြည်ပခရီးစဉ်လိုင်စင်ထုတ်ပေးဖို့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ပေးခဲ့တာဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးဝင်းညွှန့်က ပြောကြားသည်။

ဆက်လက်၍၎င်းက "အဲဒီလို ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီတွေနဲ့ ခရီးသွားတဲ့ဦးရေများလာတဲ့အတွက် တကယ်လို့ကုမ္ပဏီတွေကို ဥပဒေနဲ့အညီ လိုင်စင်ထုတ်ပေးနိုင်ရင် ကုမ္ပဏီကို စည်းမျဉ်းစည်းကမ်းနဲ့အညီ ကိုင်ထားမယ်ဆိုရင် သွားတဲ့လူလည်း အာမခံချက်ရှိတယ်။ ခရီးသည်တွေ နိုင်ငံခြားမှာ တစ်ခုခုဖြစ်တယ်၊ ကုမ္ပဏီအားနည်းချက်ရှိတယ်ဆိုရင် သက်ဆိုင်ရာကုမ္ပဏီကို ကြပ်မတ်လို့ရတယ်။ ဖြေရှင်းပေးလို့ရတယ်။ ဒါက ခရီးသွားတွေအတွက် အဆင်ပြေတဲ့အချက်ဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့လည်း သူ့မှာပြည်ပခရီးလိုင်စင် တရားဝင်ရှိရင် ပြည်ပမှာရဲရဲတင်းတင်းနဲ့ ဥပဒေကြောင်းအရ လုပ်မယ်ဆိုရင်လည်း ခိုင်ခိုင်မာမာပြောလို့ရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယခင်က ပြည်ပခရီးစဉ် (Outbound Tour)အတွက် ကုမ္ပဏီများကို လိုင်စင်ထုတ်ပေးခြင်းမရှိခဲ့သည့်အတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲများရှိခဲ့ကြောင်း၊ ယခုပြုလုပ်ပေးနေသည့် ပြည်ပခရီးစဉ်လိုင်စင်မှာ ခရီးသွားများနှင့် ကုမ္ပဏီများအတွက်ပါ အကျိုးရှိစေရန်အတွက် ပြုလုပ်ပေးနေသည့်လိုင်စင်ဖြစ်ကြောင်း သိရသည်။

"ဒီပြည်ပခရီးစဉ် လိုင်စင်ချပေးဖို့အတွက် ၂၀၁၃ ခုနှစ် ဩဂုတ်လက ရန်ကုန်မြို့မှာခရီးသွားကုမ္ပဏီတွေ၊ ခရီးသွားလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ကျွမ်းကျင်သူတွေ၊ စိတ်ပါဝင်စားသူတွေပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲဒီကရလာတဲ့ရလဒ်တွေကနေ ကျွန်တော်တို့ဝန်ကြီးဌာနက စည်းမျဉ်းစည်းကမ်းတွေပြန်ဆွဲခဲ့ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေ ရေးဆွဲတဲ့အခါမှာလည်း အာဆီယံနိုင်ငံတွေ၊ ကိုယ့်နိုင်ငံနဲ့ အလေ့အထတူတဲ့ နိုင်ငံတွေက စည်းမျဉ်းစည်းကမ်းတွေကိုယူပြီး စည်းကမ်းတွေ ရေးဆွဲခဲ့ပါတယ်။ အဲဒီစည်းကမ်းတွေထဲမှာ ပထမစီစဉ်ထားတာက ပြည်ပမှာခရီးသည်တစ်ယောက် တစ်စုံတစ်ခုဖြစ်သွားရင် ကုမ္ပဏီက တာဝန်ယူဖြေရှင်းရမှာတွေရှိတယ်။ မဖြေရှင်းနိုင်ခဲ့ရင် မြန်မာပြည်မှာ ဘဏ်အာမခံချက်ထားရမယ်ဆိုပြီး သတ်မှတ်လိုက်တယ်။

"အိမ်နီးချင်းနိုင်ငံတွေကိုကြည့်ပြီး ပထမဆုံးသိန်းငါးရာ အာမခံချက်ထားရမယ်ဆိုပြီး သတ်မှတ်ခဲ့ပါတယ်။ နောက်ပြီး ခရီးသွားလုပ်ငန်း အတွေ့အကြုံ ပြည်တွင်းခရီးစဉ် လိုင်စင်အနည်းဆုံး နှစ်နှစ်ရှိရမယ်ဆိုပြီး သတ်မှတ်ခဲ့ပါတယ်။ အဲဒီလိုသတ်မှတ်ပြီး ခရီးသွားလုပ်ငန်းရှင်တွေနဲ့ ချပြဆွေးနွေးတဲ့အခါမှာ တချို့ကုမ္ပဏီတွေက အသေးစားလုပ်ငန်းတွေ လုပ်ကိုင်ကြတဲ့အတွက် ဘဏ်အာမခံကြေး ကျပ်သိန်းငါးရာဆိုရင် သူတို့မှာအခက်အခဲရှိတဲ့အတွက် သိန်းတစ်ရာထားပေးပါလို့ တောင်းဆိုတဲ့အတွက် ကျပ်သိန်း



မြန်မာ့ကျေးလက်ဓလေ့ကို လာရောက်လည်ပတ်လေ့လာနေကြသည့် ကမ္ဘာလှည့်ခရီးသွားများကို တွေ့ရစဉ်။

တစ်ရာနဲ့ဖြေလျှော့ပေးခဲ့ပါတယ်။ ဘဏ်အာမခံကြေး သိန်းတစ်ရာ ထားရှိရမယ်ဆိုပြီး ပြန်လည်ပြင်ဆင်ပေးခဲ့ပါတယ်။ ဒါပေမယ့် အချို့ကုမ္ပဏီတွေက သိန်းတစ်ရာဆိုရင်လည်း ခက်ခဲနေသေးတဲ့အတွက် ထပ်မံတောင်းဆိုမှုတွေ ရှိလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရယ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းရယ်ကို ချပြခဲ့ပါတယ်။ မဖြစ်မနေ အာမခံက တစ်ခုခုထားရမှာဖြစ်တဲ့အတွက် တင်ပြလာတဲ့လုပ်ငန်းရှင်တွေကို ပြည်ပခရီးစဉ်မှာ ခရီးသွားတွေ တစ်စုံတစ်ခုဖြစ်လာခဲ့ရင် ပြေလည်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးရမယ်ဆိုတဲ့ ကတိဝန်ခံချက်ပြုလုပ်ရမယ်ဆိုပြီး ဝန်ကြီးဌာနက ဖြေလျှော့မှုတွေပေးခဲ့ပါတယ်။

"နောက်ပြီး ကတိဝန်ခံချက်ကို ပိုမိုခိုင်မာအောင်တရားရုံးမှာ ကျမ်းကျိန်လွှာပြုလုပ်ရမယ်ဆိုပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက စည်းမျဉ်းစည်းကမ်းတွေ ရေးဆွဲခဲ့ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေ ရေးဆွဲပြီးတဲ့နောက်မှာ အစိုးရအဖွဲ့ကို တင်ပြခဲ့ပါတယ်။ အစိုးရအဖွဲ့ကသဘောတူခွင့်ပြုတာနဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှာ အသင်းကို အကြောင်းကြားလိုက်ပါတယ်။ အဲဒီလို အကြောင်းကြားလိုက်တဲ့အတွက် ကုမ္ပဏီလိုင်စင်တွေ လျှောက်လာခဲ့ကြပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးမျိုးဝင်းညွှန့်က ပြောကြားသည်။

ပြည်ပခရီးစဉ်(Outbound Tour)လိုင်စင်များကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ လိုင်စင်စတင်ထုတ်ပေးသည့်ကာလမှ ပြီးခဲ့သည့်အပတ်အထိ လိုင်စင်ပြုလုပ်ပြီးသည့် ကုမ္ပဏီပေါင်း ၃၃ ခုအထိရှိကြောင်းနှင့် ထပ်မံစိစစ်ဆဲကုမ္ပဏီများလည်းရှိကြောင်း သိရသည်။

ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေအရ ဟိုတယ်နှင့် ခရီးသွားရေးလုပ်ငန်းများကို လုပ်ကိုင်မည်ဆိုပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင်ပြုလုပ်ရမည်ဖြစ်ပြီး လိုင်စင်မရှိဘဲ ခရီးသွားလုပ်ငန်များ လုပ်ကိုင်ဆောင်ရွက်ခဲ့လျှင် တစ်စုံတစ်ရာပြဿနာနှင့် ကြုံတွေ့လျှင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက လိုင်စင်တွေကို အဘက်ဘက်ကနေ ဖြေလျှော့ပြီးပြုလုပ်ပေးနေတယ်။ မြန်မြန်ဆန်ဆန်လည်း စိစစ်ခွင့်ပြုပေးနေတယ်ဆိုတာ ခရီးသွားကုမ္ပဏီတွေ သိစေချင်ပါတယ်။ အခုလို လိုင်စင်ယူပြီးတဲ့ ကုမ္ပဏီတွေနဲ့ ခရီးသွားရတဲ့အတွက် ခရီးသွားတွေအတွက်လည်း အာမခံချက်ရှိတယ်၊ လုံခြုံမှုရှိတယ်။ ဧည့်သည်က မှားခဲ့ရင်လည်း ကုမ္ပဏီက သဘောတူညီချက်မှာပါတဲ့ စည်းကမ်းအတိုင်း ခိုင်ခိုင်မာမာ လုပ်လို့ရပါတယ်။ ဒါကြောင့်မို့ လိုင်စင်လုပ်ပေးတဲ့ ကုမ္ပဏီအနေနဲ့ရော၊ ခရီးသည်တွေအတွက်ပါ အာမခံချက်ရှိပါတယ်။ လိုင်စင်မလုပ်သေးတဲ့ ကုမ္ပဏီတွေကိုလည်း ပြည်ပခရီးစဉ် လိုင်စင်လုပ်စေချင်ပါတယ်။

"အခုကာလကတော့ ပညာပေးကာလလည်းဖြစ်တယ်။ လိုင်စင်တွေ စတင်ထုတ်ပေးနေတဲ့ကာလလည်း ဖြစ်တဲ့အတွက် ထိထိရောက်ရောက် အရေးယူမှုတွေမရှိသေးပါဘူး။ ဒီလိုဆိုရင်တော့ လိုင်စင်မရှိတဲ့ကုမ္ပဏီတွေ တစ်စုံတစ်ရာဖြစ်လာခဲ့ရင်တော့ ဥပဒေနဲ့အညီ အရေးယူသွားမှာ ဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကြီးကြပ်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးဝင်းညွှန့်က ပြောကြားသည်။

# ဂျာမနီနိုင်ငံသူ၏ ပျောက်ဆုံးသွားသောလက်ကိုင်ဖုန်းအား စုံစမ်းရှာဖွေ၍ ပြန်လည်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာ၌ တာဝန်ထမ်းဆောင်နေသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(ရှမ်း)မှ တပ်ဖွဲ့ဝင်များထံသို့ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက Inle Inn တွင် တည်းခိုနေသည့် ဂျာမနီနိုင်ငံသား ခံယူထားသူ ကိုရီးယားလူမျိုး Ms. Joo Jin Rin ရောက်ရှိလာပြီး ၎င်း၏ iPhone 4S အနက်ရောင် လက်ကိုင်ဖုန်းတစ်လုံး ပျောက်ဆုံးသွားသဖြင့် ကူညီရှာဖွေပေးရန် အကူအညီတောင်းခံခဲ့သည်။



ဆက်လက်၍ တပ်ဖွဲ့စု(ရှမ်း)မှ တပ်ဖွဲ့ဝင်များက Ms.Joo Jin Rin သွားရောက်လည်ပတ်ခဲ့သည့် နေရာများသို့ လိုက်လံစုံစမ်းရှာဖွေခဲ့ရာ အင်းတိန်ဘုရားစောင်းတန်း၌ ရှေးဟောင်းပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်ရောင်းချသူ အင်းတိန်ကျေးရွာနေ မစန်းမြင့်က ၎င်း၏ဈေးဆိုင်အနီး နိုင်ငံခြားသားများ ဖိနပ်ချွတ်သည့်နေရာတွင် လက်ကိုင်ဖုန်းတစ်လုံးအား ပိုင်ရှင်မဲ့တွေ့ရှိရ၍ သိမ်းဆည်းထားကြောင်း ပြောဆိုအပ်နှံသဖြင့် လက်ခံယူခဲ့ပြီး ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် တပ်ဖွဲ့စု(ရှမ်း)မှ တပ်ဖွဲ့ဝင်များက မစန်းမြင့်နှင့် အင်းတိန်ဘုရားဂေါပကဦးစံမြတ်တို့ရှေ့၌ ပိုင်ရှင်ဖြစ်သူ Ms.Joo Jin Rin သို့ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် အအေးပိုနေမည်။

**(မိုး/ဇလ)**

# လေဖြတ်ရောဂါနှင့် ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းကို သွေးခဲပျော်ဆေးဖြင့်ကုသခြင်း

တွဲဖက်ပါမောက္ခ ဒေါက်တာစမ်းဦး
(ဦးနှောက်နှင့် အာရုံကြောအထူးကု)

**လေဖြတ်ရောဂါ**

လေဖြတ်ရောဂါဆိုသည်မှာ ဦးနှောက်သို့သွေးသွားလာမှုရပ်ဆိုင်းသွားခြင်းကြောင့်ဖြစ်ပေါ်လာသော ရလဒ်ဖြစ်သည်။ ဦးနှောက်သည် ၎င်း၏လုပ်ငန်းများဆောင်ရွက်နိုင်ရန် လုံလောက်သော သွေးပုံမှန်ရရှိရန် လိုပါသည်။ ဦးနှောက်၏အစိတ်အပိုင်းများသည် လုံလောက်သောသွေးပမာဏကိုမရရှိပါက ၎င်းအစိတ်အပိုင်းမှထိန်းချုပ်ထားသော ခန္ဓာကိုယ်၏လုပ်ငန်းများရပ်ဆိုင်းသွားသဖြင့်လေဖြတ်ရောဂါလက္ခဏာများကို ဖြစ်ပေါ်စေပါသည်။

**လေဖြတ်ရောဂါအမျိုးအစားများ**

အဓိကအားဖြင့် ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း (Ischaemic Stroke)နှင့် ဦးနှောက်သွေးကြောပေါက်၍လေဖြတ်ခြင်း (Haemorrhagic Stroke)ဟူ၍ လေဖြတ်ရောဂါအမျိုးအစားနှစ်မျိုး ရှိပါသည်။

**လေဖြတ်ခြင်း၏ရောဂါလက္ခဏာများ**

သွေးသွားလာမှုရပ်ဆိုင်းသွားသည့်ဦးနှောက်၏ နေရာပေါ်မူတည်၍ တွေ့ရသော လက္ခဏာများမှာ

- မျက်နှာ၊ လက်၊ ခြေ၊ တစ်ဖက်ထုံခြင်း၊ လေးလံခြင်း၊ လုံးဝမလှုပ်ရှားနိုင်တော့ခြင်း။
- စကားပြောဆိုဆက်ဆံရာတွင် အခက်အခဲရှိခြင်း။
- အစာ၊ ရေ မျိုရခက်ခဲခြင်း။
- ဆီး၊ ဝမ်း၊ မထိန်းနိုင်ခြင်း။
- ထိတွေ့မှုအာရုံပျက်ယွင်းခြင်း။
- အမြင်အာရုံချို့ယွင်းခြင်း။
- မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် အာရုံစူးစိုက်မှုအားနည်းခြင်း။
- သတိလစ်မေ့မြောခြင်း၊ တက်ခြင်း။

**လေဖြတ်ရောဂါကုသခြင်း**

လေဖြတ်ရောဂါဖြစ်ပါက ကျွမ်းကျင်သောဆရာဝန်၊ သူနာပြု၊ အကြောအဆစ်သန်စွမ်းရေးကျွမ်းကျင်သူများရှိသော လေဖြတ်ရောဂါအထူးကု ဌာန (သို့) ဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူသင့်ပါသည်။

**အရေးပေါ်အခြေအနေ**

လေဖြတ်ရောဂါသည်ဆေးပညာဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် (Medical Emergency) ဖြစ်ပေသည်။ ထို့ကြောင့် အချိန်မီကုသမှု မရရှိသည်နှင့်အမျှ ဦးနှောက်၏လုပ်ဆောင်ချက်များ ဆုံးရှုံးမည်ဖြစ်သည်။

**လေဖြတ်ရောဂါ၏ အစောပိုင်းလက္ခဏာများ**

လူတစ်ဦးလေဖြတ်သည်ဟု ထင်ပါက

(၁) မျက်နှာကိုကြည့်ပါ။ မျက်နှာ (သို့) ပါးစပ်ရွဲ့နေပါသလား။
(၂) လက်မြှောက်ခိုင်းကြည့်ပါ။ လက်နှစ်ဖက်စလုံး မြှောက်နိုင်ပါသလား။
(၃) စကားပြောခိုင်းကြည့်ပါ။ စကားဗလုံးဗထွေးပြောနေပါသလား (သို့) သင်ပြောသောစကားကို နားမလည်ဖြစ်နေပါသလား။

အထက်ပါလက္ခဏာများ သုံးခုမှာ တစ်ခုကိုတွေ့သည်နှင့် အလျင်အမြန်ဆေးကုသမှုခံယူရန် အနီးဆုံးဆေးရုံသို့ သွားရပါမည်။

**ရောဂါရှာဖွေစမ်းသပ်၊ စစ်ဆေးခြင်း**


ဆေးရုံသို့ရောက်ရှိလာသောလူနာများကို ရောဂါရာဇဝင်မေးမြန်းခြင်း၊ စမ်းသပ်မှုများပြုလုပ်ခြင်း၊ သွေးစစ်ဆေးခြင်းနှင့် ကွန်ပျူတာဓာတ်မှန် (CT Scan) ဖြင့် ဦးနှောက်ကိုစမ်းသပ်ခြင်းတို့ပြုလုပ်ကာ လေဖြတ်ခြင်း အမျိုးအစားကို ခွဲခြားသတ်မှတ်ရပါသည်။

**ဦးနှောက်သွေးကြောပိတ်ခြင်း** (Ischaemic Stroke)

ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်သောလူနာဖြစ်ပါက လေဖြတ်ရောဂါလက္ခဏာများ စတင်ဖြစ်ပေါ်သည့်အချိန်မှ သုံးနာရီအတွင်း ဆေးရုံသို့ရောက်ရှိလာလျှင် သွေးခဲပျော်ဆေး rTPA(recombinant Tissue plasminogen Activator) ဖြင့် ကုသမှုပေးရန် စာရင်းတွင်ထည့်သွင်းပြီး အခြားသောသတ်မှတ်ချက်များနှင့် ကိုက်ညီသင့်လျော်ခြင်း ရှိ/မရှိ NIHSS (National Institute of Health Stroke Scale)၊ လေဖြတ်ရောဂါ လက္ခဏာများ၏အတိမ်အနက် ဆန်းစစ်ခြင်း အမှတ်ပေးစနစ်ကိုသုံး၍ ဆန်းစစ်ရပါသည်။

**သွေးခဲပျော်ဆေးသွင်း၍ မရနိုင်သောလူနာများ**

အကယ်၍လူနာသည် သွေးကြောပိတ်၍ လေဖြတ်ခြင်းဖြစ်သော်လည်း အသက် ၈၀ ကျော်နေခြင်း၊ ဦးနှောက်သွေးကြောတစ်ကြိမ်ပေါက်ဖူးခြင်း၊ လွန်ခဲ့သောသုံးလက လေဖြတ်ဖူးခြင်း(သို့)ခေါင်းဒဏ်ရာရဖူးခြင်း၊ နှလုံးသွေးကြောပိတ်ရောဂါဖြစ်ဖူးခြင်း၊ အစာအိမ်သွေးယိုစိမ့်ဖူးခြင်း၊ ခန္ဓာကိုယ်မှသွေးယိုစိမ့်ဖူးခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးဖြစ်ခြင်း စသည့် အကြောင်းများရှိပါက သွေးခဲပျော်ဆေးသွင်း၍ ကုသမရနိုင်ပါ။




**ဦးနှောက်သွေးကြောပေါက်ခြင်း**

ကွန်ပျူတာဓာတ်မှန် (CT Scan) စမ်းသပ်စစ်ဆေးချက်အရ ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းဖြစ်ကြောင်းတွေ့ရှိပါက လေဖြတ်စေသည့် အကြောင်းတရားများဖြစ်သည့် သွေးတိုး၊ ဆီးချိုရောဂါများကို ကုသမှုပေးကာ လူနာ၏ဦးနှောက်သွေးကြောပေါက်သည့်သွေးပမာဏ အနည်းအများနှင့် လူနာ၏ရောဂါလက္ခဏာအခြေအနေအပေါ်မူတည်၍ လိုအပ်ပါက ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဆရာဝန်များမှ ခွဲစိတ်ကုသမှုပြုရပါသည်။

**သွေးခဲပျော်ဆေးဖြင့် ကုသခြင်း၏ကောင်းကျိုးများ**

နိုင်ငံတကာမှ သုတေသနပြုချက်များအရ လေဖြတ်သည့်ရောဂါလက္ခဏာများ စတင်ဖြစ်ပေါ်သည့်အချိန်မှ ဆေးသွင်းကုသမှုပေးသည်အထိ ကြာမြင့်ချိန်အပေါ်မူတည်၍ လေဖြတ်ရောဂါလက္ခဏာ သက်သာပျောက်ကင်းမှု ကွာခြားချက်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| ကြာမြင့်ချိန် | ကုသမှုပေးသည့် လူနာဦးရေ | သက်သာပျောက်ကင်းသည့် လူနာဦးရေ |
|---|---|---|
| တစ်နာရီခွဲ | (၃)ဦး | (၁)ဦး |
| သုံးနာရီ | (၈)ဦး | (၁)ဦး |
| လေးနာရီခွဲ | (၁၄) ဦး | (၁)ဦး |

ထို့ကြောင့် လေဖြတ်သည့်ရောဂါလက္ခဏာများစတင်ဖြစ်ပေါ်သည့် အချိန်နှင့် ဆေးရုံသို့ရောက်ရှိချိန် ကွာခြားချက်နည်းလေလေ သက်သာပျောက်ကင်းသည့်လူနာများလေလေဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဆေးသွင်းကုသသည့်လူနာများ၏ ၃၀ ရာခိုင်နှုန်းမှာ ဆေးသွင်းကုသပြီး သုံးလအကြာတွင် ကုသမှုခံယူခဲ့ရသူများနှင့်နှိုင်းယှဉ်ပါက ကိုယ်တစ်ခြမ်းမသန်စွမ်းခြင်းသည် အချို့သောလူနာများတွင် လုံးမမကျန်တော့ဘဲ အချို့လူနာများတွင် အနည်းငယ်သာကျန်ရှိတော့ကြောင်း တွေ့ရှိရပါသည်။

**သွေးခဲပျော်ဆေး၏ ဘေးထွက်ဆိုးကျိုးများ**

အဓိကဘေးထွက်ဆိုးကျိုးတစ်ခုမှာ သွေးယိုစိမ့်ခြင်းဖြစ်သည်။ ဆေးသွင်းကုသမှုခံယူထားသော လေဖြတ်ရောဂါလူနာများတွင် လက္ခဏာမပြသော သွေးယိုစိမ့်မှုမှာ ၁၉ ရာခိုင်နှုန်းရှိပြီး အသက်အန္တရာယ်ရှိသော သွေးယိုစိမ့်မှုမှာ ၀ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိထားပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး လေဖြတ်ရောဂါအထူးကုသဆောင် (Acute Stroke Unit)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး လေဖြတ်ရောဂါအထူးကုသဆောင်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင်စတင်၍ ဖွင့်လှစ်ခဲ့ပါသည်။ သွေးခဲပျော်ဆေး rTPA ဆေးဝါးများအပါအဝင် ခုတင်လေးလုံးဆံ့လေဖြတ်ရောဂါ အထူးကြပ်မတ်ကုသဆောင်တစ်ဆောင် ထူထောင်ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သောပစ္စည်းများကို ICCG (International Cultural and Charity Group) အဖွဲ့က ဝယ်ယူလှူဒါန်းခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံလိုအပ်သော စက်ပစ္စည်းကိရိယာများ ဝယ်ယူထောက်ပံ့ပေးပြီး ဦးနှောက်နှင့် အာရုံကြောအထူးကုဆရာဝန်များ၊ သူနာပြုဆရာမများကို ထိုင်းနိုင်ငံ Prasat Neurological Institute သို့ စေလွှတ်သင်တန်းပေးခဲ့ပါသည်။

လေဖြတ်ရောဂါအထူးကုသဆောင်ဖွင့်လှစ်ပြီး တစ်ပတ်အကြာ ဒီဇင်ဘာ ၂၁ ရက်တွင် အသက် (၄၇ နှစ်)အရွယ်အမျိုးသမီးတစ်ဦးသည် ခန္ဓာကိုယ်ဘယ်ဘက်တစ်ခြမ်းမလှုပ်နိုင်ဖြစ်သွားသည့်အချိန်မှ သုံးနာရီအတွင်း ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနသို့ရောက်ရှိလာပြီး ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းဖြစ်ကြောင်း စမ်းသပ်စစ်ဆေးမှုနှင့် CT Scan တို့မှ သိရှိရပြီး သွေးခဲပျော်ဆေးဖြင့် ဆေးသွင်းကုသရန် သတ်မှတ်ချက်များနှင့်လည်း ကိုက်ညီမှုရှိသဖြင့် rTPA ဆေးဝါးဖြင့် ကုသမှုပေးခဲ့ရာ အောင်မြင်ခဲ့ပါသည်။ အဆိုပါလူနာသည် ပါးတစ်ခြမ်း အနည်းငယ်ရွဲ့သည်မှလွဲ၍ လက်နှင့်ခြေထောက်များ နဂိုအတိုင်း ပြန်လည်သန်စွမ်းလာသဖြင့် ဇန်နဝါရီ ၁၁ ရက်တွင် ဆေးရုံမှ ပေးဆင်းနိုင်ခဲ့ပါသည်။

အလားတူ ဇန်နဝါရီ ၁၂ ရက်တွင် အသက်(၅၀ နှစ်)အရွယ်ရှိ အမျိုးသမီးလူနာတစ်ဦးသည် ခန္ဓာကိုယ်ဘယ်ဘက်တစ်ခြမ်းမလှုပ်နိုင်၍ ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနသို့ မိနစ် ၃၀ အတွင်းရောက်ရှိလာပြီး စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပြီးသည့်အခါ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းဖြစ်ကြောင်းတွေ့ရှိရပြီး သွေးခဲပျော်ဆေးဖြင့် ဆေးသွင်းကုသရန် သတ်မှတ်ချက်များနှင့်ကိုက်ညီသဖြင့် အောင်မြင်စွာဆေးသွင်းကုသနိုင်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်တွင် ပြန်လည်လမ်းလျှောက်နိုင်ပြီးဖြစ်ပါသည်။

ယခုကဲ့သို့ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်သောလူနာများကို သွေးခဲပျော်ဆေးဖြင့် အောင်မြင်စွာဆေးကုသမှုပေးနိုင်ရန်အတွက် အရေးပေါ်ဌာနမှ အထူးကုဆရာဝန်၊ ဆရာမများ၊ ဓာတ်မှန်အထူးကုဆရာဝန်ကြီးများ၊ ရောဂါဗေဒဓာတ်ခွဲခန်းမှ အထူးကုဆရာဝန်ကြီးများ၊ လေဖြတ်ရောဂါအထူးကုသူနာပြုများနှင့် ဦးနှောက်နှင့်အာရုံကြောရောဂါအထူးကုဆရာဝန်ကြီးများသည် အချိန်နှင့်တစ်ပြေးညီ ကြိုးစားလုပ်ဆောင်ခဲ့ကြရပါသည်။

သွေးခဲပျော်ဆေး (rTPA) ကို လေဖြတ်ရောဂါလက္ခဏာများစတင်သည့်အချိန်မှ ၄ နာရီခွဲအတွင်းသွင်းရပါသည်။ ဆေးရုံတွင် လေဖြတ်လူနာအား စမ်းသပ်စစ်ဆေးမှုပြုခြင်း၊ ဦးခေါင်းကွန်ပျူတာဓာတ်မှန်ရိုက်ခြင်း၊ (CT Scan) သွေးဖောက်စစ်ဆေးစမ်းသပ်ခြင်းတို့သည် တစ်နာရီမှ တစ်နာရီခွဲခန့်အထိ ကြာမြင့်ပါသည်။ သို့ဖြစ်၍ လေဖြတ်လူနာသည် ဆေးရုံသို့ လေဖြတ်လက္ခဏာများစတင်သည့်အချိန်မှ သုံးနာရီအတွင်း ရောက်ရှိမှသာ ဆေးသွင်းကုသရန် အချိန်မီပါသည်။ သုတေသနတွေ့ရှိချက်များအရ အချိန်လေးနာရီခွဲကျော်မှ သွေးခဲပျော်ဆေးသွင်းလျှင် ဆေး၏ဘေးထွက်ဆိုးကျိုးဖြစ်သည့် ခန္ဓာကိုယ်သွေးယိုစိမ့်မှုများကို ပိုမိုတွေ့ရှိကြောင်း သိရပါသည်။

ယခုလက်ရှိအချိန်တွင် ရန်ကုန်ဆေးရုံကြီး၌ အဆိုပါ rTPA ဆေးဖြင့် ဦးနှောက်သွေးကြောပိတ်လူနာများအား ဆေးသွင်းကုသပေးမှုကို အစိုးရရုံးဖွင့်ရက်များတွင် နံနက် ၈ နာရီမှ ညနေလေးနာရီအထိ ဝန်ဆောင်မှုပေးနိုင်ပြီဖြစ်ပါသည်။ သက်ဆိုင်ရာဌာနအသီးသီးမှလည်း ကျွမ်းကျင်သောဆရာဝန်နှင့်ဝန်ထမ်းများ ထပ်မံလေ့ကျင့်သင်တန်းများပေးလျက်ရှိနေပြီး ယခုထက် အချိန်ပိုမိုတိုးချဲ့၍ ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးစားလျက်ရှိပါသည်။

**လေဖြတ်လူနာသည် ဆေးရုံသို့ လေဖြတ်လက္ခဏာများစတင်သည့်အချိန်မှ သုံးနာရီအတွင်း ရောက်ရှိမှသာ ဆေးသွင်းကုသရန် အချိန်မီ။**

**သုတေသနတွေ့ရှိချက်များအရ အချိန်လေးနာရီခွဲကျော်မှ သွေးခဲပျော်ဆေးသွင်းလျှင် ဆေး၏ဘေးထွက်ဆိုးကျိုးဖြစ်သည့် ခန္ဓာကိုယ်သွေးယိုစိမ့်မှုများကို ပိုမိုတွေ့ရှိ။**

---

❖ *ကျောဖုံးမှ*

အမာခံကစားသမားအချို့မပါနိုင်သော်လည်း ရန်ကုန်အသင်းမှာ အဝေးကွင်းတွင် ချောင်ဘူရီအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၁၈ မိနစ်တွင် ကျော်ကိုကို၏တစ်ကိုယ်တော်အစွမ်းဖြင့် ဖန်တီးပေးသည့်ဘောလုံးကို မာဆယ်လိုက ကန်သွင်းယူခဲ့သောကြောင့် ရန်ကုန်အသင်း ဂိုးစတင်ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် ချောင်ဘူရီအသင်းက ချေပဂိုးရရှိရန် အားဖြည့်လာခဲ့ပြီး ၆၂ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒေ့ါဆန်းတို့စ်က ခေါင်းတိုက်သွင်းကာ ချေပဂိုးရယူခဲ့သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းတိုက်စစ်ပြန်ဆင်လာပြီး ၇၉ မိနစ်တွင် ခြေစွမ်းပြနေသည့် ကျော်ကိုကိုက ဒုတိယဂိုးသွင်းယူခဲ့သည်။ ရန်ကုန်၏ဦးဆောင်မှုမှာ တစ်မိနစ်သာကြာခဲ့ပြီး မိနစ် ၈၀ တွင် ထောင့်ကန်ဘောမှ ဖူခွန်က ခေါင်းတိုက်သွင်းကာ ချောင်ဘူရီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ရန်ကုန်အသင်းမှာ အချိန်ပိုတွင် ကစားအားကျသွားသောကြောင့် ချောင်ဘူရီအသင်းက တောက်လျှောက်ဖိကစားနိုင်ခဲ့သည်။

အချိန်ပိုပထမပိုင်းပြီးခါနီးတွင် ရန်ကုန်အသင်း ဂိုးထပ်ပေးခဲ့ရပြီး ခံစစ်ပိုင်းအားနည်းမှုမှတစ်ဆင့် သာဝီကန်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲပြီးခါနီးတွင် နှစ်ဖက်ကစားသမားများ အချင်းများခဲ့ပြီး ရန်ကုန်အသင်းမှ ဇော်မင်းထွန်းက နှစ်ဝါ တစ်နီ၊ သန်းထက်အောင်က တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

# အင်းတော်ကြီးကန်ကို ကမ္ဘာလုံးဆိုင်ရာအရေးပါသော ရမ်ဆာ ရေတိမ်ဒေသအဖြစ်သတ်မှတ်



မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရမ်ဆာရေတိမ်ဒေသ အင်းတော်ကြီးကန်ကို တွေ့ရစဉ်။

အင်းတော်ကြီးကန်ကို ကမ္ဘာ့အသိအမှတ်ပြု ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်လိုက်ခြင်းကြောင့် ဒေသခံ အသိုက်အဝန်းများနှင့် သဘာဝဂေဟစနစ်တို့အတွက် ဤရေတိမ်ဒေသက ဖြည့်ဆည်းပေးနေသော အကျိုးကျေးဇူးများကို ကောင်းစွာ ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့သည် ကမ္ဘာ့ရေတိမ်ဒေသနေ့ဖြစ်ပြီး ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီး ရေတိမ်ဒေသအတွက်လည်း မင်္ဂလာရှိသောနေ့ရက်တစ်ရက်ဖြစ်သည်။ ဤနေ့တွင်ပင် အင်းတော်ကြီး ရေတိမ်ဒေသအား နိုင်ငံတကာ အသိအမှတ်ပြု ရေတိမ်ဒေသ (Ramsar Site) အဖြစ် သတ်မှတ်လိုက်သောကြောင့် ဖြစ်သည်။

အင်းတော်ကြီးကန်၊ အဝင်အထွက်ချောင်းများ၊ ရာသီလိုက်ရေဝပ်သော စားကျက်မြေများနှင့် စပါးခင်းများပါဝင်သော အင်းတော်ကြီး ရေတိမ်ဒေသမှာ ပြည်တွင်းသာမက နိုင်ငံတကာအတွက်ပါ အရေးပါသော သဘာဝတန်ဖိုးများရှိပြီး ရမ်ဆာ သဘောတူညီချက်ပါ စံနှုန်းများနှင့် ကိုက်ညီသဖြင့် ဤသို့ အသိအမှတ်ပြုခံရခြင်းဖြစ်သည်။ ရမ်ဆာ ရေတိမ်ဒေသဖြစ်လာခြင်းကြောင့် ပြည်တွင်း၊ ပြည်ပမှ အာရုံစိုက်မှုကို ပိုမိုရရှိလာမည်ဖြစ်ကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများသာမက ဒေသခံများ၏ လူမှုဘဝ ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

"နိုင်ငံတကာ အသိအမှတ်ပြု ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ခံရတဲ့အတွက် မြန်မာနိုင်ငံရဲ့ အရေးအပါဆုံး ရေတိမ်ဒေသဖြစ်တဲ့ အင်းတော်ကြီးကန်ကို ရေရှည်ထိန်းသိမ်းရေးနဲ့ စနစ်တကျ အသုံးပြုနိုင်ရေးတို့အတွက် များစွာအထောက်အကူဖြစ်ပါတယ်။ မိုးယွန်းကြီး ရမ်ဆာ ရေတိမ်ဒေသပြီးရင် အင်းတော်ကြီးဟာ မြန်မာနိုင်ငံရဲ့ ဒုတိယမြောက် ရမ်ဆာ ရေတိမ်ဒေသဖြစ်ပါတယ်။ အစိုးရအနေနဲ့ နိုင်ငံတစ်ဝန်းကာကွယ်ထိန်းသိမ်းထားတဲ့ ရေတိမ်ဒေသကွန်ရက်တည်ထောင်နိုင်ဖို့ ရမ်ဆာ ရေတိမ်ဒေသတွေ ပိုမိုသတ်မှတ်နိုင်ရေးအတွက် စီစဉ်နေပါတယ်" ဟု သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်ကဆိုသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံး သဘာဝရေချိုကန်ဖြစ်သော အင်းတော်ကြီးကန်တွင် ကမ္ဘာတစ်ဝန်း ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များအပါအဝင် ငှက်မျိုးပေါင်း ၁၀၀ ကျော် နေထိုင်ကျက်စားပြီး နိုဝင်ဘာလမှ မတ်လအတွင်း ဆောင်းခိုငှက်နှင့် ဌာနေငှက် စုစုပေါင်း အနည်းဆုံး ကောင်ရေ ၂၀၀၀၀ ခန့်အား ပုံမှန်တွေ့ရှိရသည်။ ဤဒေသတွင်တွေ့ရသော ရှားပါး ကြိုးကြာခေါင်းနီကို ငှက်ကြည့်သူများနှင့် ခရီးသွားဧည့်သည်များက အထူးစိတ်ဝင်စားကြသည်။

ကမ္ဘာတစ်ဝန်းတွင် မျိုးသုဉ်းရန် ခြိမ်းခြောက်ခံနေရသော လိပ်မျိုးစိတ် ငါးမျိုးကိုလည်း အင်းတော်ကြီးကန်၌ တွေ့ရှိရသည်။ ကန်အတွင်းရှိ ငါးမျိုးစိတ်များမှာ စုံလင်ကွဲပြားလှကာ မျိုးစိတ်အရေအတွက် ၆၃ မျိုးအထိ တွေ့ရှိမှတ်တမ်းတင်ထားပြီး ယင်းတို့အနက် ခုနစ်မျိုးမှာ မကြာသေးမီကမှ တွေ့ရှိထားခြင်းဖြစ်ကာ သိပ္ပံပညာတွင် မှတ်တမ်းတင်ထားခြင်း လုံးဝမရှိသေးသော ဒေသရင်းမျိုးစိတ်များဖြစ်သည်။

ဤရေတိမ်ဒေသတွင် လူဦးရေ ၃၀၀၀၀ ခန့်ရှိပြီး အများစုမှာ ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် တောထွက်ပစ္စည်းများ ထုတ်ယူခြင်းလုပ်ငန်းများလုပ်ကိုင်ကာ အသက်မွေးကြသည်။ ထိုလုပ်ငန်းများမှာ အများအားဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသော်လည်း အင်းတော်ကြီးကန်အတွင်း ငါးအလွန်အကျွံဖမ်းခြင်း၊ ပတ်ဝန်းကျင် ရေဝေရေလဲ သစ်တောများမှာ ထင်းအလွန်အကျွံထုတ်ခြင်းကဲ့သို့ ရေရှည်တွင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သော နည်းလမ်းများလည်း လုပ်ကိုင်လာကြသည်။

"ဒီပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် ကျွန်တော်တို့ ၂၀၁၀ ပြည့်နှစ်က စတင်ပြီး ဒေသခံတွေအပါအဝင် သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့နဲ့ ပူးပေါင်းပြီး အင်းတော်ကြီးကန်မှာ ထိန်းသိမ်းရေးလုပ်ငန်းတွေ ဖော်ဆောင်ခဲ့ပါတယ်"ဟု နိုင်ငံတကာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI) ၏ မြန်မာနိုင်ငံ အစီအစဉ်ဒါရိုက်တာ ဖရန့်မွန်းဘတ်က ဆိုသည်။

ထင်းသုံးစွဲမှုနည်းသော မီးဖိုများ ဖြည့်ဆည်းပေးခြင်းနှင့် ရပ်ရွာအခြေပြုသစ်တောလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချလာနိုင်ခဲ့သည်။ ငါးကောင်ရေများ ထိန်းသိမ်းရေးအတွက်လည်း ဒေသခံများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငါးသားပေါက်ကြီးထွားရာနေရာများတွင် ငါးထိန်းသိမ်းရေးဇုန်များ သတ်မှတ်လာနိုင်ခဲ့သည်။ ငါးလုပ်ငန်းဦးစီးဌာနက အင်းတော်ကြီးကန်အတွင်း ငါးထိန်းသိမ်းရေးဇုန် ကိုးဇုန်ကို မကြာသေးမီက အတည်ပြုပေးခဲ့ပြီး အင်းတော်ကြီးကန်၏ အထိမ်းအမှတ်ဖြစ်သော ရွှေမဥ္ဇူရေလယ်ဘုရားပတ်လည်ရှိ "ငါးမဖမ်းရဇုန်" လည်း အပါအဝင်ဖြစ်သည်။ အင်းတော်ကြီးကန်၏ ထူးခြားလှပသော ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များက ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိကာ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်သူဦးရေ တိုးတက်လာလျက်ရှိသည်။ ရေရှည်တည်တံ့၍ ဒေသခံများအားအကျိုးပြုသော ခရီးသွားလုပ်ငန်း ပေါ်ပေါက်လာရေး အတွက် FFI မှ ရပ်ရွာအခြေပြု သဘာဝခရီးသွားလုပ်ငန်း စီမံကိန်းတစ်ရပ်စတင်ခဲ့ရာ ကယက်လှေလှော်ခြင်း၊ စက်ဘီးစီးခြင်းနှင့် ခြေကျင်ခရီးထွက်ခြင်း စသည့် စိတ်ဝင်စားဖွယ်အစီအစဉ်များလည်း လုပ်ဆောင်လာနိုင်ပြီး ဒေသခံလူငယ်များလည်း အလုပ်အကိုင်များရရှိလာပါသည်။

"ရေတိမ်ဒေသတွေဟာ လူသားတွေအတွက် သောက်သုံးဖို့နဲ့ စိုက်ပျိုးဖို့ ရေအရင်းအမြစ်ပေးတဲ့အပြင် ငါးအစရှိတဲ့ အစားအစာတွေလည်း ဖြည့်ဆည်းပေးတဲ့အတွက်အရေးပါလှပါတယ်။ ဒါကြောင့် ရေတိမ်ဒေသတွေကို စနစ်တကျ အသုံးချနိုင်ဖို့နဲ့ ဒေသခံတွေနဲ့ ညှိနှိုင်းပြီး ဒီဒေသတွေကို ထိန်းသိမ်းစီမံဖို့က အလွန်အရေးကြီးပါတယ်"ဟု ဖရန့်မွန်းဘတ်က ဆိုသည်။

ရမ်ဆာ ရေတိမ်ဒေသအဖြစ် နိုင်ငံတကာအသိအမှတ်ပြုခံရမှုနှင့်အတူ ဒေသတွင်းထိန်းသိမ်းရေးလုပ်ငန်းများတွင် ကောင်းစွာ တိုးတက်မှုရရှိနေသော်လည်း အကြီးစားစိန်ခေါ်မှုများ ကျန်ရှိနေပါသေးသည်။ အဓိကအားဖြင့် အင်းတော်ကြီးကန် တောင်ပိုင်းရှိ ချောင်းလက်တက်များတွင် တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေခြင်းကြောင့် နုန်းကျခြင်းနှင့် ရေထုညစ်ညမ်းခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

**မြန်မာ့အလင်း**

# ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် ၂၀၂၂ ခုနှစ်၌ အပြီးတည်ဆောက်နိုင်ရန် လျာထား

**ရန်ကုန် ဖေဖော်ဝါရီ ၂**

နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ လေကြောင်းမှ တစ်ဆင့်ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာမှုကြောင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ထက် လေယာဉ်နှင့် ခရီးသည်ပိုမိုလက်ခံနိုင်မည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ကို လာမည့် ၂၀၂၂ ခုနှစ်တွင် အပြီးတည်ဆောက်နိုင်ရေး လျာထားကြောင်း ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီက ကျင်းပသော လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် JGC Corporation ၊ Yongnam Holdings Limited ၊ Changi Airports International တို့၏ Framework Agreement လက်မှတ်ရေးထိုးပွဲအပြီး ပူးတွဲထုတ်ပြန်ချက်၌ ဖော်ပြသည်။



ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ပုံစံကို တွေ့ရစဉ်။

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျောက်တိုင်ကန်ရွာအနီး လေယာဉ်ကွင်းဟောင်း နေရာ အကျယ်အဝန်းဧက ၉၆၉၀ ပေါ်တွင် တည်ဆောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ဟံသာဝတီအပြည်ပြည် ဆိုင်ရာလေဆိပ်ကို မြန်မာနိုင်ငံ၏ အဓိကလေကြောင်းဝင်ပေါက်နှင့် ဒေသအတွင်း အချက်အချာ လေဆိပ်အဖြစ် ရည်ရွယ်ကာ ကနဦးအနေဖြင့် တစ်နှစ်လျှင် ခရီးသည် ၁၂ သန်း ဝင်/ထွက်နိုင်သည့် လေဆိပ်အသစ် တည်ဆောက်သွားမည်ဖြစ်သည်။

**သတင်း-ဝေယံဦး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ကျေးရွာချင်းဆက် ချောင်းကူးတံတားဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စုအုပ်စု ငွေးတောက်ရိုး-ပိတောက်ကုန်း ကျေးရွာချင်းဆက် ချောင်းကူးတံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ နောက်ဆုံးပတ်က တံတားမုခ်ဦး၌ ကျင်းပသည်။

အဆိုပါကျေးရွာချင်းဆက် ချောင်းကူးတံတားမှာ အရှည်ပေ ၇၀၊ အကျယ် ၁၄ ပေရှိ ကွန်ကရစ်သံပေါင် ရက်မအမျိုးအစားဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ငွေကြယ်မင်းကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာချင်းဆက် ချောင်းကူးတံတား ဆောင်ရွက်ပေးသဖြင့် အဆိုပါ အုပ်စုရှိ ကျေးရွာ ခြောက်ရွာမှ ဒေသခံများ ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



ဒေါပုံမြို့နယ် သာသနာ့ဝံသစာသင်တိုက်အတွင်း ဆွမ်းစားဆောင်အသစ်ဆောက်လုပ်ရန်အတွက် ဖေဖော်ဝါရီ ၁ ရက်က ဦးမောင်မောင်ဝင်း နှစ်နှစ်ပြည့်အားရည်စူး၍ ကျန်ရစ်သူမိသားစုမှ အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ တာဝန်ရှိသူတစ်ဦး လက်ခံယူစဉ်။ မီးမီး(လှိုင်)

## ဝါးခယ်မမြို့နယ်၌ မြေသားလမ်းဖောက်လုပ်

**ဝါးခယ်မ ဖေဖော်ဝါရီ ၂**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဖောက်လုပ်လျက်ရှိသော ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရွှေလောင်း-အဂါတ်လက်ပန်-ကလိပ်ကျုံပတုပ်- ဝါးတောစု- အောင်ဆည်ကြီးတို့ကို ဆက်သွယ်ထားသော အရှည် သုံးမိုင် ငါးဖာလုံရှိ မြေသားလမ်းဖောက်လုပ်လျက်ရှိရာ ဇန်နဝါရီလနောက်ဆုံးပတ်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသန့်ဇင်သိန်းနှင့်အဖွဲ့က လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(ဝါးခယ်မ)**

# သဘာဝဘေးကြိုတင်ပြင်ဆင်မှုပုံစံငယ်များဖြင့် လက်တွေ့သရုပ်ပြသ

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရန်ကုန်)က ကြီးမှူးဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ သင်တန်းသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် SEEDS Asica JAPAN (ဘဝသစ်)နယ်လှည့် အသိပညာပေးအဖွဲ့က သဘာဝဘေးကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိနိုင်ရန် သဘာဝဘေးရှစ်မျိုးနှင့် သက်ဆိုင်သော ပုံစံငယ်များဖြင့် လက်တွေ့ သရုပ်ပြရှင်းလင်းပွဲကို အဆိုပါ ရုံးဝင်းအတွင်း ယနေ့မွန်းတည့် ၁၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



မိမိတို့၏ နေရာဒေသများတွင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာသည့်အခါ ပတ်ဝန်းကျင်ရှိပစ္စည်းများနှင့် အသုံးပြုဖန်တီး အသက်ကယ်ခြင်း၊ ရေကြီးခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ဆူနာမီ ဘေးအန္တရာယ်မကျမီနှင့် ကျရောက်ခဲ့လျှင် ကာကွယ်မှုနည်းစနစ်များ အရေးပေါ်ပြင်ဆင်မှု ပုံစံငယ်များဖြင့် လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲကို ဖိလစ်ပိုင်နိုင်ငံမှ စီမံခန့်ခွဲရေးနှင့် မြေရာအသုံးချရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်ပေးဌာနတို့မှ အရာရှိ ခုနစ်ဦးခန့် တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြန်မာ့ရုပ်မြင်သံကြား News Channel အစီအစဉ်

၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း ၀၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း ၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း(2016 Myanmar Investment outlook Seminar) (အပိုင်း-၂)
- ၈း ၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၉း ၃၅ - သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၁း ၃၅ - မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ်
- ၁၂း ၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၈၁)
- ၁၃း၂၅ - မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း **ရေဒီယိုအငြိမ့်** (အပိုင်း-၂)
- ၁၄း ၁၀ - မဟာဂီတဆယ့်နှစ်လရာသီဘွဲ့(ပြာသိုလ)
- ၁၄း ၃၅ - **မြန်မာ့လေ့ရိုးရာလက်ဖွေ့** (ကိုကိုအောင်နှင့် ခွန်းလင်းထက်)

**ညပိုင်း**

- ၁၆း ၃၅ - Football မဂ္ဂဇင်း(ရန်ကုန်ယူနိုင်တက်)
- ၁၇း ၁၅ - တောင်ပိုင်းပိုးလမ်းမကြီးစတင်ရာ BAOSHAN Tenschoy (အပိုင်း-၃)
- ၁၇း ၃၅ - နည်းပညာမြင့်ခေတ်ကြီးထဲက ကျွမ်းကျင်လက်မှုပညာရှင်များ သံမဏိနန်းကြိုးကျစ်ခြင်း
- ၁၈း ၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ **တွယ်ငြိတတ်သည်**
- ၁၉း ၁၅ - မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း **မိုးနတ်သူဇာအငြိမ့်**
- ၂၀း ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
  - မှတ်မှတ်သားသားပုံပြင်များ **မော်ဝင်ဓား**
  - ဂီတသမားဂီတစကား (မြဝတီမင်းကြီးဦးစ၏ အထူးထူးငယ်နှင့် ပတ်ပျိုး)

မှတ်ချက်။ ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

**နေပြည်တော် တပ်ကုန်းမြို့နယ် ဒဟတ်ကုန်း အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်နှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၂ ရက်က ကြာဆံဟင်းခါး ကျွေးမွေးစဉ်။**

သူဇာလှိုင်(စက်မှု)



## ငွေဆောင်၌ နိုင်ငံခြားသားနှစ်ဦး ယာဉ်တိုက်မှုဖြစ်ပွား

**ငွေဆောင် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေတွင် ဖေဖော်ဝါရီ ၂ ရက်မွန်းလွဲ ၁ နာရီက ငွေဆောင်မြို့တွင်းမှ ရွှေဟသ်ာဟိုတယ်သို့ ပြင်သစ်နိုင်ငံသားနှစ်ဦးမောင်းနှင်လာသော ၄၄ယ/---- ဆိုင်ကယ်နှင့် တစ်ဖက်ယာဉ်ကြောမှ ယာဉ်မောင်း ဦးထင်ကျော် မောင်းနှင်လာသော ယာဉ်အမှတ် 4D/---HIGER ယာဉ်တို့ ဆက်သွယ်ရေးကွေ့၌ မျက်နှာချင်းဆိုင်တိုက်မိရာ နိုင်ငံခြားသားနှစ်ဦး ဒဏ်ရာများရရှိခဲ့သည်။

အခင်းဖြစ်ပွားရာသို့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ရဲထွန်းဦးနှင့် နယ်မြေခံရဲတပ်ဖွဲ့များ၊ ဟိုတယ်ဝန်ထမ်းများက အချိန်မီရောက်ရှိလာပြီး အမြန်ဆုံးဆေးကုသမှုခံယူနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဖေဖော်ဝါရီ ၂ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | (ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၆၀၀၀ မှ ၄၈၅၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၆၀၀၀ | အသစ် |
| ၃။ | ဧရာ/ ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၂၅၀၀ | အသစ် |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၄၀၀၀ | အသစ်/ရှယ် |
| ၇။ | ပဲစင်းငုံနီ RC(2016) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၅၉၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၅၀ မှ ၂၀၂၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား၊ တောင်တွင်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၅ မှ ၈၀၀ | |
| ၁၀။ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၆၀၀ မှ ၄၀၀၀ | ထူး-၂၃၄၅ |
| ၁၁။ | အာလူး | လွိုင်ကော်၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀ မှ ၇၀၀ | A1,OK,S1,S2,S3,ဆွဲ |
| ၁၂။ | ခရမ်းချဉ်သီး | အင်းလေး | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၀၀၀ မှ ၃၅၀၀ | ရှယ် |
| ၁၃။ | ခရမ်းချဉ်သီး | ဗမာကိုင်းသီး (မုံရွာ၊ ကြံခင်း) | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀၀ မှ ၇၀၀၀ | ရှယ် |
| ၁၄။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၁၄၀၀ | |
| ၁၅။ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀ | |
| ၁၆။ | စိမ်းစားဥ | | တစ်တွဲ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၂၀ | |
| ၁၇။ | နှင်းသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။


MUSIC EDUCATION




**NUAC Orchestra**
**Music Show Case 2016**

ဂီတတူရိယာဖြစ်လာတဲ့ဒေသတွေ ကွဲနေပေမယ့်၊ တူရိယာပုံစံတွေကွဲနေပေမယ့် အခြေခံဂီတသဘောတရားကတော့ အတူတူပါပဲဆိုတာ သိစေချင်မိတယ်။ မြန်မာတူရိယာများဖြစ်တဲ့ စောင်း၊ ပတ္တလား၊ နဲ့၊ ပလွေ၊ ကြေး၊ မောင်း၊ ဆိုင်း၊ ဗုံတို့နဲ့ အနောက်တိုင်းတူရိယာများ၊ သီချင်းများကို ပေါင်းစပ်ပြီး Orchestra အသွင်တင်ဆက်တဲ့အခါ ထွက်ပေါ်လာမယ့်ဂီတသံကို ကြားစေချင်တယ်။ပေါင်းစပ်တီးခတ်ခြင်းဖြင့် ရသအသစ်တစ်ခုကိုလည်း ခံစားစေချင်တယ်။ မျိုးဆက်သစ်လူငယ်များ ဂီတတန်ဖိုးကို ပိုပြီးထိတွေ့နားလည်စေချင်မိတယ်။

ဒါကြောင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ( National University of Arts and Culture )က တူရိယာတီးခတ်မယ့် ကျောင်းသား၊ ကျောင်းသူ ( ၅၄ )ဦး၊ အဆို Chorus ( ၄၀ ) ဦး၊ စုစုပေါင်းအဖွဲ့ဝင် ( ၉၀ ) ကျော် ပါဝင်တဲ့ NUAC Orchestra အဖွဲ့ကိုဖွဲ့စည်းပြီး မြန်မာ့ဂီတတူရိယာများနဲ့ နိုင်ငံတကာတူရိယာများတွဲဖက်ပြီး ပုံဖော်တီးခတ်ကြမယ်။

အခုလိုတီးခတ်တဲ့အခါမှာ ဂီတအမျိုးအစားတစ်ခုချင်းအလိုက် တီးခတ်ပြသနိုင်ဖို့အတွက် မေတ္တာဖြင့်လာရောက် ကူညီသီဆိုပေးဖို့ စိုင်းစိုင်းခမ်းလှိုင်၊ ဝေလ၊ DJ Wine ၊ နီနီခင်ဇော်နဲ့ချမ်းချမ်း တို့ကို အကူအညီတောင်းထားပြီး အဆိုတော်များက ကျောင်းသား၊ ကျောင်းသူများနဲ့ တွဲဖက်သီဆိုပေးမှာဖြစ်ပါတယ်။

ဒါကြောင့် (၅-၂-၂၀၁၆)ရက် (သောကြာနေ့)၊ အမျိုးသားဇာတ်ရုံမှာ Music Education အတွက် ရည်ရွယ်ပြီး ဆောင်ရွက်မယ့် NUAC Orchestra ကို လာရောက်ကြည့်ရှုအားပေးဖို့ ဖိတ်ခေါ်ပါတယ်။

အမျိုးသားဇာတ်ရုံကို လာရောက်ကြည့်ရှုအားပေးဖို့ မအားလပ်သူများကတော့ Channel 9 ရုပ်သံလိုင်းမှာ ကြည့်ရှုအားပေးနိုင်ပါတယ်။

ကျေးဇူးတင်စွာဖြင့်
ဦးမောင်မောင်ဇော်ထက် (အကယ်ဒမီ မိရာမိုရ်)
ပါမောက္ခ( ဌာနမှူး )၊ ဂီတပညာဌာန
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)

# ယာဉ်တိုက်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်သွားသည့် ယာဉ်မောင်းအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၁) ရပ်ကွက် ပုသိမ်-ချောင်းသာ ကားလမ်းပေါ်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၀၀း၄၅ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပုသိမ်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ပုသိမ်မြို့မရဲစခန်းမှူးနှင့် အမှတ်(၁၃)ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲမှူးရုံးမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ယင်းနေ့ နံနက် ၀၀း၁၅ နာရီက ပုသိမ်မြို့အမှတ်(၁၄)ရပ်ကွက်နေ အလီ(ခ) ချစ်မုန်းသနား(၁၇ နှစ်)သည် ၎င်း၏ဆိုင်ကယ်ကို ပုသိမ်-ချောင်းသာကားလမ်း ယာဘက်ဘေး၌ ပြုပြင်နေသဖြင့် သူငယ်ချင်းဖြစ်သူ တစ်ရပ်ကွက်တည်းနေ ဇော်နိုင်ထွန်း(ခ) ခေါင်းကြီး (၂၀ နှစ်)က ၄၅ယ/---- Anbo-125 ဆိုင်ကယ်ဖြင့် ရပ်စောင့်နေစဉ် ကြိုးတံတားဘက်မှ ရုပ်တုအဝိုင်းဘက်သို့ မောင်းနှင်လာသော 2I/---- ကင်တာကုန်တင်ယာဉ်က ဝင်ရောက်တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဇော်နိုင်ထွန်း(ခ)ခေါင်းကြီးသည် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အလီ(ခ)ချစ်မုန်းသနားမှာ မော်တော်ယာဉ်ဖြင့် ချိတ်ပါသွား၍ ရုပ်တုအဝိုင်းအလွန် မြက်တိုဘက်သို့သွားသည့် လမ်းမပေါ်တွင် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် အလောင်းများကို ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့သည်။

ထို့နောက် ထွက်ပြေးတိမ်းရှောင်သွားသည့် ယာဉ်မောင်းအား ဖမ်းဆီးရမိရေးအတွက် ဆက်စပ် နယ်မြေရဲစခန်းများနှင့် ချိတ်ဆက်၍ ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ယာဉ်တိုက်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ပုသိမ်မြို့ အမှတ်(၆) ရပ်ကွက်နေ ကျော်ဝင်းအေး(၄၂ နှစ်)အား ကျောင်းကုန်းမြို့မရဲစခန်းမှူး ဦးစီးသည့် တပ်ဖွဲ့ဝင်များက ယင်းနေ့ နံနက် ၄ နာရီတွင် ကျောင်းကုန်းမြို့ဝင်ဂိတ်၌ သက်သေခံယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ပုသိမ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် ၂၇၁ ၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီခွဲခန့်က ဘိလပ်မြေအိတ်များ တင်ဆောင်လာသော ဟွန်ဒိုင်း ၂၂ ဘီး ယာဉ်အမှတ် 3D/---- သည် ယာဉ်မောင်း ထမင်းစားသွားခိုက် ဂီယာပြုတ်၍ လမ်းအောက်သို့ ဆင်းသွားရာ ကားခေါင်းပိုင်းနှင့် ကုက္ကိုပင်တို့ တိုက်မိစဉ်။

မောင်ကျော်ကြီး





# ပျဉ်းမနားမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**ပျဉ်းမနား ဖေဖော်ဝါရီ ၂**

နေပြည်တော် ပျဉ်းမနားရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် ည ၁၀ နာရီက ပျဉ်းမနားမြို့ ကင်ပွန်းတန်းအုပ်စု အောင်ချမ်းသာရပ်ကွက် ကုန်ထုတ်လမ်းပေါ်ရှိ ဦးအောင်နိုင်မော်-ဒေါ်စိုးစိုးခိုင်တို့၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေသည်။

ထိုသို့ရှာဖွေရာ နေအိမ်အောက်ထပ်တွင် ကောင်းကောင်း(ခ) ကောင်းထက်မော်ကို တွေ့ရှိရပြီး နေအိမ်အတွင်း ရှာဖွေရာ နောက်ဘေးခန်းတွင် ဟွန်ဒါကလစ် ၁၂၅ ဆိုင်ကယ်တူးဘောက်အတွင်းမှ ငွေကျပ်သုံးသိန်းနှင့် အိမ်အပေါ်ထပ်၌ ဒေါ်စိုးစိုးခိုင်နှင့် နန္ဒကျော်(ခ)လူသစ် တို့ကို တွေ့ရပြီး WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများကို လည်းကောင်း၊ နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်းရှာဖွေရာ ရဲရင့်(ခ)ရဲရင့်မင်းအိမ်အား တွေ့ရှိရပြီး မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ပိုက်တပ်ထားသည့် ကော်ဘူး ငါးဘူး၊ ငွေရောင်ခဲပြားလိပ်တစ်လိပ်၊ အရှည် ရှစ်လက်မခန့်ရှိသော ပိုက်အချောင်း ၆၀၊ အရိုးခြောက်လက်မခွဲ၊ အသွား ၁၃ လက်မခန့်ရှိ ဓားရှည်တစ်ချောင်း၊ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ တို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်မျိုးနိုင်**

# လောက်ကိုင်မြို့နယ်၌ ဘိန်းဖြူဘလောက်တုံး ၁၈ တုံး (အလေးချိန် ၁ ဒသမ ၆ ကီလို)ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

နယ်မြေခံတပ်နှင့် ချင်းရွှေဟော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက်က ချင်းရွှေဟော်-လောက်ကိုင်သွားကားလမ်း ဆီဆိုင်ကုန်း၌ လောက်ကိုင်မှ ချင်းရွှေဟော်ဘက်သို့ မလော်ရှောက်ကျူ မောင်းနှင်လာသော ယာဉ်အမှတ် KK/---- MARK II မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဘလောက်တုံး ၁၈ တုံး (အလေးချိန် ၁ ဒသမ ၆ ကီလို) သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့တွင် တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် နယ်မြေ(၅) အနောက်မြို့ပတ်လမ်း ဆေးတပ်ရင်းသက်သာဈေးဆိုင်တန်းရှိ ဖိုးသားဝပ်ရှော့အလုပ်ရုံကို ရှာဖွေရာ ပိုက်ထွေး(ခ)သားငယ်အား တွေ့ရှိပြီး ခုတင်ခြေရင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းဆီခဲ ၀ ဒသမ ၅ ကီလိုတို့ကို သိမ်းဆည်းရမိသည်။ ဆက်လက်၍ ပိုက်ထွေး၏ ဝပ်ရှော့သို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ အောင်သိန်းဝင်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ နှင့် ဘိန်းဆီခဲ ၀ ဒသမ ၀၅ ကီလို တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ဖေဖော်ဝါရီ ၁ ရက်က ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု ရင်းမှီးတောင်ကျေးရွာ ညောင်ပင်အနီး၌ ပင်လောင်းမှ ဖယ်ခုံဘက်သို့ စောသာဂေထူးမောင်းနှင်လာသည့် ယာဉ်အမှတ် YGN 4D/ ---- ကရောင်းအမျိုးအစားယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၆ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထီးလင်း၌ ယာဉ်နှင့်ဆိုင်ကယ်တိုက်မှုဖြစ်ပွား

**ထီးလင်း ဖေဖော်ဝါရီ ၂**

ထီးလင်းမြို့အထွက် မိုင်တိုင်အမှတ် (၉၆/၇) နှင့် (၉၇/၀)ကြားတွင် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က ဂန့်ဂေါဘက်မှ ထီးလင်းဘက်သို့ ယာဉ်မောင်း ကျော်ဌေးအောင်(၂၁ နှစ်) မြိုင်မြို့နယ် ကြံစိမ့်ကြီးကျေးရွာနေသူ မောင်းနှင်လာသော အပြာရောင်ခြောက်ဘီးယာဉ်နှင့် ဆိုင်ကယ်စီးနင်းလာသူ ခင်မောင်လွင်(၃၉ နှစ်) ကံတော်လေးရပ်ကွက် ထီးလင်းမြို့နေသူတို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ ခင်မောင်လွင်မှာ အခင်းဖြစ်နေရာ၌ ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ယာဉ်မောင်း ကျော်ဌေးအောင်မှာ ကားမောင်းထွက်ပြေးသွားသဖြင့် ထီးလင်းမြို့ ရဲစခန်းမှ ဒုရဲအုပ်ကျော်သက်နှင့်အဖွဲ့က လိုက်လံဖမ်းဆီးရာ ကျောက်ထုမြို့နယ် လယ်ဆောရွာ၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**






# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်၌ ဂေါတမမြတ်စွာဘုရားဓာတ်တော်နှင့် အဂ္ဂသာဝက ရဟန္တာမထေရ်မြတ်ကြီးနှစ်ပါးတို့၏ ဓာတ်တော်များ ဖူးမြော်နိုင်

**ရန်ကုန်  ဖေဖော်ဝါရီ ၂**

ဂေါတမမြတ်စွာဘုရားဓာတ်တော်၊ လက်ယာရံအဂ္ဂသာဝက ရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးဓာတ်တော်၊ လက်ဝဲရံအဂ္ဂသာဝက ရှင်မဟာမောဂ္ဂလာန် ရဟန္တာမထေရ်မြတ်ကြီးတို့၏ ဓာတ်တော်များကို **(ဝဲပုံ)**အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ပန်ဒစ်နေရူး၏ စီမံဆောင်ရွက်ပေးမှုဖြင့် အိန္ဒိယနိုင်ငံအနောက်မြောက်ဘက် ပဿျဝါစေတီ(ယခုပါကစ္စတန်နိုင်ငံ)မှ ပင့်ဆောင်ခဲ့ပြီး ၁၉၅၁ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

အဆိုပါဓာတ်တော်များအား သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်အတွင်း အများပြည်သူ ဖူးမြော်နိုင်ရေးအတွက် အပတ်စဉ်ဥပုသ်နေ့များနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဖူးမြော်နိုင်ရန် ဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်ထားရှိကြောင်း သာသနာရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## ■ *ကျောဖုံးမှ*

တောင်ကိုရီးယား ဂေါက်သီးကစားသမားများဖြစ်သည့် ယောင်ဟန်ဆောင်နှင့် ကင်မ်၊ သီရိလင်္ကာဂေါက်သီးကစားသမား ပီရီရာတို့ တက်ရောက်ကြပြီး 2016 Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချီးမြှင့်မည့် ဆုဖလားနှင့် အမှတ်တရဓာတ်ပုံရိုက်ကြသည်။ တောင်ကိုရီးယားဂေါက်သီးကစားသမား ယောင်ဟန်ဆောင်မှာ ဇန်နဝါရီလနောက်ဆုံးပတ်က ကျင်းပခဲ့သည့် စင်ကာပူ အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိ ကမ္ဘာ့နံပါတ်(၁) အမေရိကန်နိုင်ငံသား ဂျော်ဒန်စပီဒ်ကို အနိုင်ယူကာ ချန်ပီယံဆုရရှိခဲ့သူဖြစ်ပြီး ယခုပြိုင်ပွဲကို ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။ ယောင်ဟန်ဆောင်က "မြန်မာနိုင်ငံမှာ ပထမဆုံးလာရောက်ယှဉ်ပြိုင်ဖူးတာပါ။ နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ စင်ကာပူအိုးပင်းပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့သလို အခုပြိုင်ပွဲမှာလည်း ဗိုလ်စွဲချင်ပါတယ်။ လောလောဆယ်တော့ မြန်မာအိုးပင်းပြိုင်ပွဲအတွက် အာရုံစိုက်ထားပါတယ်"ဟု ပြောကြားခဲ့သည်။ ၂၀၁၅ မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုကြေးငွေအများဆုံးရရှိပြီး Order of Merit ဆုရရှိခဲ့သည့် ဇော်ဇော်လတ်က "နာမည်ကြီးကစားသမားတွေ လာရောက်ယှဉ်ပြိုင်ကြမှာဖြစ်လို့ ပိုပြီးကြိုးစားရမှာပါ။ လေ့ကျင့်ပြင်ဆင်နေပါတယ်"ဟု ပြောကြားခဲ့သည်။

၂၀၁၆ မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၇ ရက်အထိ ရွှိုင်ရယ်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ ဂေါက်သီးကစားသမား ၁၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ လက်ရှိကမ္ဘာ့ဂေါက်သီး နံပါတ်(၁) ဂျော်ဒန်စပီဒ်ကို အနိုင်ယူထားသည့် တောင်ကိုရီးယားဂေါက်သီးကစားသမား ယောင်ဟန်ဆောင်အပါအဝင် လက်ရှိ မြန်မာအိုးပင်းချန်ပီယံချာဝါလစ်ပလာဖိုလ် (ထိုင်း)နှင့် တောင်အာဖရိကမှ ဂျမ်းကင်စတန်၊ အမေရိကန်မှ အန်တိုနီကင်း၊ ဩစတြေးလျမှ ကီရန်ပရတ်၊ ထိုင်းနိုင်ငံမှ ဘွန်ချူး၊ ရန်ကစ်သောင်ချိုင်း၊ ဂျိုက်ဒီနှင့် ပရာယတ်တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဂေါက်သီးအကျော်အမော်များ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

# ရန်ကုန်-မြိတ်လမ်း(ထားဝယ်-မလွှဲတောင်)အပိုင်းနှင့် ကလိန်အောင်တံတား တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော်  ဖေဖော်ဝါရီ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ထားဝယ်မြို့မှ တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်း၊ တံတားဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်-မြိတ်လမ်း(ထားဝယ်-မလွှဲတောင်)အပိုင်း လမ်းအထူးအဖွဲ့(၁၃)မှ မိုင်တိုင် အမှတ်(၁/၇ နှင့် ၂/၀)အကြားတွင် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၄)မှ မိုင်တိုင်အမှတ်(၄၆/၂)အကြားတွင် တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကလိန်အောင်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ရှိ တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**(သတင်းစဉ်)**

နိုင်ငံတကာအားကစား

# မန်ယူနည်းပြ ဗန်ဟားလ်ကို ထုတ်ပယ်ရန်အစီအစဉ်ရှိ



ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟို

ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်း ကစားပုံနှင့်ပတ်သက်၍ အသင်းပရိသတ်များ စိတ်တိုင်းကျမဖြစ်မှုကြောင့် မန်ယူနည်းပြ ဗန်ဟားလ်ကို ရာသီကုန်၌ အသင်းမှထုတ်ပယ်ရန် အစီအစဉ်ရှိကြောင်း မန်ယူအသင်း ဒုတိယအမှုဆောင်အရာရှိချုပ် အက်ဝုဒ်ဝတ်က ဖေဖော်ဝါရီ ၂ ရက်က ပြောကြားသည်ကို မန်ချက်စတာအီးဗနင်းနယူးစ်တွင် ဖော်ပြချက်အရ သိရသည်။

မန်ယူအသင်းအနေဖြင့် နည်းပြဗန်ဟားလ်ကို ထုတ်ပယ်ဖြစ်ပါက ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုကို ခန့်အပ်ရန်ရှိကြောင်း သိရသည်။ မော်ရင်ဟိုသည်လည်း ယခုနှစ်ရာသီ၌ ချယ်လ်ဆီးကို ကိုင်တွယ်ခဲ့ရာတွင် အသင်းရလဒ်မကောင်းသဖြင့် ခရစ္စမတ်အလွန်၌ ချယ်လ်ဆီးအသင်းမှ နုတ်ထွက်ခဲ့သည်။ ဗန်ဟားလ်သည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိသေးကြောင်း သိရသည်။



မန်ယူနည်းပြ ဗန်ဟားလ်


DUAL TECH Summer For Kids

နွေ ကလေးသင်တန်းများ ကျောင်းပိတ်ရက်များကို အကျိုးရှိရှိအသုံးချဖို့...

✓ကွန်ပျူတာ၊
✓အင်္ဂလိပ်စာ
✓ပန်းချီ



သင်တန်း (၃) မျိုး 15%Off
သင်တန်း (၂) မျိုး 10%Off
သင်ထောက်ကူ + T-shirt အခမဲ့
Age 9 to 13 ထိ "မတ်လဆန်းစမည်"

တိုက်(၂၀၆/၂)၊ ရန်ကင်းလမ်းမကြီး၊ ၁၂လုံးတန်းမှတ်တိုင်(မီးပွိုင့်ထောင့်)၊ရန်ကင်း၊
Ph: (01) 855 0596, (09) 730 20 803, 420 313 719

**ပျောက်ဆုံးကြောင်း**

ဦးကျော်နိုင် ၁၂/ကတန(နိုင်)၀၇၈၆၄၄၏ ရေယာဉ်အုပ်နံပါတ် ၀၈၉၂/၀၈နှင့် မော်ဒီဖိုင်းလက်မှတ်တို့မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၂၀၀၀၁၅၉**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ် ၅၄၊ ၃လမ်း၊ မြို့မရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃ စီ)၊ မြေကွက်အမှတ်(၁၃၊ ၁၅အေနှင့်၂၀အေ၏ အစိတ်အပိုင်း) ဧရိယာ ၀ ဒသမ ၀၃၂၈ဧကရှိ အစိုးရမြေအား မြေငှားစာချုပ်(အထူးဂရန်) ခွင့်ပြုပေးပါရန် ဒေါ်ထားရင် ၁၂/ဗဟန(နိုင်)၀၁၂၈၁၉ က လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်) ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်**

**ကျေးဇူးဆပ်ပါမည်**

မမေသူ၀၇/ပခန(နိုင်)၁၈၄၅၅၁၏ ပတ်စ်ပို့ ၉၆၁၉၃၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၄၉၄၆၃၈**

**လူပျောက်ကြော်ငြာ**

(အဘ) ဦးသိန်းဝင်း ၏ သမီးဖြစ်သူ မသီတာသိန်းဝင်း (၁၂/မဂတ(နိုင်)၁၀၂၆၆၃) သည် ၃၁-၁-၂၀၁၆ ရက်နေ့ ည ၆း၃၀ နာရီ တွင် နေအိမ်မှအပြင်သွားရာ အိမ်ပြန်ရောက်မလာခဲ့ပါ၍ လက်ခံထားသူများနှင့် တွေ့ရှိသူများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။ ဖုန်း - ၀၉ ၅၀ ၂၀ ၅၈၅၊ ၀၉ ၅၀ ၇၅၀ ၇၀။

**ကြော်ငြာချက်**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအဖြစ်သို့ ပြောင်းလဲပြင်ဆင်ပြီးဖြစ်၍ ပင်စင်ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိပါသဖြင့် အငြိမ်းစားများသည် အောက်ဖော်ပြပါ အချက်များနှင့်အတူ လူကိုယ်တိုင် ၁၅-၂-၂၀၁၆ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ ဌာနခွဲ/စက်ရုံများသို့ လာရောက်ဆက်သွယ်ရန် အကြောင်းကြားပါသည်-

(က) လိုင်စင်ဓာတ်ပုံ(၅)ပုံ
(ခ) မှတ်ပုံတင်မိတ္တူ(၁)စောင်
(ဂ) မိမိထုတ်ယူလိုသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲ/အမှတ်/မြို့နယ်

**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**

| | |
|---|---|
| ရန်ကုန်ရုံး | ၀၁-၂၅၁၈၉၂/၀၁-၂၅၁၉၉၅ |
| ဗဟိုပုံနှိပ်စက်ရုံ | ၀၁-၂၉၄၅၈၀ |
| ဖိုသိုလစ်သိုပုံနှိပ်စက်ရုံ | ၀၁-၅၄၂၆၉၅ |
| အောင်ဆန်းပုံနှိပ်စက်ရုံ | ၀၁-၆၄၅၇၃၁ |
| စာပေပုံနှိပ်စက်ရုံ | ၀၁-၆၄၅၇၃၂ |
| ဂျီတီစီပုံနှိပ်စက်ရုံ | ၀၁-၆၄၅၇၃၃ |
| မန္တလေး(အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ) | ၀၂-၆၂၉၃၂ |

**OHSAMA Japanese Restaurant**
**(Hot Pot, B.B.Q, Japanese Food)**
**(ဖေဖော်ဝါရီလ တစ်လလုံးအထူး Promotion အစီအစဉ်)**
**မီးသွေးမီးဖိုဖြင့် B.B.Q စတင်ခြင်းအဖြစ်**

● Japan Beef, Black Pork, Chicken and Natural Sea Foods-20%Discount
● တစ်လအတွင်း ဒုတိယအကြိမ် ထပ်မံလာရောက်အားပေးသော ဧည့်ပရိသတ်များအား 30% Discount ရရှိမည် ဖြစ်ပါသည်။
● Special Menu - လေးဦးနှင့်အထက် တစ်ဦးလျှင် (12000 Ks) ကြိုက်နှစ်သက်ရာမှာအဝစား ● လာရောက်အားပေးသော ဧည့်ပရိသတ်အားလုံးအား Dessert အဖြစ် (ကူလ်ဖီး) လက်ဆောင်ဧည့်ခံကျွေးမွေးပါမည်။

No.28/B, Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph : 01-555539, 09-31382082, 09-30224438
Lunch - 11:00 am to 3:00 pm & Dinner - 5:00 pm to 11:00pm

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3H/2881၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5E/5355၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7F/6690 Toyota Ipsun ACM 21 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်ခိုင် ၉/အမဇ(နိုင်)၀၂၁၀၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်ထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**သက်ဆိုင်သူများသိရှိနိုင်ရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ ကံဘဲ့၊ မြေကွက်အမှတ်- ၄၈(ဇ) ဦးအောင်အမည်ပေါက် လ/န-၃(ခ)၊ မြေပိုင်မြေကွက်၏ တစ်စိတ်တစ်ဒေသဖြစ်သော (ယခု)၄၈-ဠ၊ အကျယ် (၄၅ပေxပေ၇၀)၊ ဧရိယာ ၀ဒသမ၀၆၂၈ဧကရှိမြေကွက်၊ လူနေရပ်ကွက် အမှတ်(၁)၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၃)၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်ရှိ နေအိမ်ခြံမြေ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသည်မှာ ယနေ့ထက်တိုင် ဖြစ်ပါသည်။

အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုပေးပါရန် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ဆက်သွယ်ဆောင်ရွက်ပေးခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မိုးလွင်(LL.B,D.I.L)**
**ဒေါ်ခိုင်ဇင်ဝင်း(LL.B,D.B.L)**
**ဒေါ်နွယ်နီမြင့်(LL.B,D.M.L)**
**ဒေါ်သန္တာအောင်(LL.B,D.M.L)**
**(အထက်တန်းရှေ့နေများ)**

**ဒေါ်ထာနွယ်ခင်(LL.B,D.I.R,D.I.L)**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)**
**ရှေ့နေနားနေခန်း၊ ဒဂုံတောင်တရားရုံးအတွင်း**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၇၃၀၂၇၂၀၄**

# ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပြဋ္ဌာန်း

***ယမန်နေ့မှအဆက်***

( ခ ) ဘဏ်လုပ်ငန်း၏ မတည်ငွေရင်းသည် ဤဥပဒေအရ ဘဏ်က ထိန်းသိမ်းထားရှိရသည့် အနည်းဆုံး မတည်ငွေရင်း၏ ထက်ဝက်အောက် လျော့နည်းနေသည်ဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်ခြင်း၊

( ဂ ) ဘဏ်၏ ရရန်ပိုင်ခွင့်တန်ဖိုးသည် ကြွေးမြီတန်ဖိုးအောက် လျော့နည်းနေခြင်း သို့မဟုတ် ဘဏ်သည် ကြွေးမြီပေးဆပ်နိုင်စွမ်း မရှိဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဃ) ပုဒ်မ ၉၇ အရ ခန့်ထားသည့် အုပ်ချုပ်သူက ဘဏ်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန် အကြံပြုခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များတွင် ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်**

၁၁၉။ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကိစ္စရပ်များတွင် ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်အဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များက ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံပိုင်ဘဏ် မဟုတ်သည့် ပြည်တွင်းဘဏ် တစ်ခုအတွက် ဘဏ်ပိုင်ဆိုင်သူများက ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် အခြားပုဂ္ဂိုလ်တစ်ဦးအား ခန့်အပ်ထားခြင်းမရှိပါက ဘဏ်ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌရာထူးအား လက်ရှိဆောင်ရွက်နေသူ သို့မဟုတ် ၎င်းက အခွင့်အာဏာ အပ်နှင်းထားသည့် ကိုယ်စားလှယ်၊

( ခ ) နိုင်ငံပိုင်ဘဏ်တစ်ခုအတွက် အစိုးရအဖွဲ့ သို့မဟုတ် ၎င်းဘဏ်က အခွင့်အာဏာအပ်နှင်းခြင်း ခံရသူ၊

( ဂ ) နိုင်ငံခြားဘဏ်တစ်ခု၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲတစ်ခုအတွက် နိုင်ငံခြားဘဏ်၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ၎င်း၏လက်ထောက်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန်အတွက် လျှောက်ထားခြင်း**

၁၂၀။ ဗဟိုဘဏ်သည် ဘဏ်အား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း စတင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

**လျှောက်ထားခြင်းအား ပယ်ချခြင်း**

၁၂၁။ ဘဏ်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား လျှောက်ထားသည့်စာသည် အောက်ပါအကြောင်း တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ပယ်ချနိုင်သည်-

(က) ပုဒ်မ ၁၁၈၊ ပုဒ်မခွဲ (က) နှင့်သက်ဆိုင်သည့် အကြောင်းအချက်များ မပါရှိခြင်း၊

( ခ ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် လိုအပ်သော အထောက်အထားများ လျှောက်လွှာတွင် ပူးတွဲ တင်ပြမှုမရှိခြင်း၊

( ဂ ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာတမ်းအမှတ်အသား သို့မဟုတ် အထောက်အထားသည် မှားယွင်းကြောင်း ထင်ရှားခြင်း သို့မဟုတ် တိကျခိုင်မာမှုမရှိခြင်းနှင့်ဥပဒေအရ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် အထောက်အထားနှင့် စာတမ်းအမှတ်အသားများ လျှောက်လွှာတွင် ပူးတွဲမပါရှိခြင်း၊

(ဃ) ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်သည် ဗဟိုဘဏ်၏ သဘောတူညီချက်ဖြင့် လုံလောက်သော ငွေကြေးရန်ပုံငွေကို ဘဏ်အနေဖြင့် မတည်ရင်းနှီးငွေအဖြစ် ချက်ချင်း ရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြနိုင်ခြင်း၊

( င ) လျှောက်လွှာသည် နိုင်ငံတော်အစိုးရပိုင် ပြည်တွင်းဘဏ်တစ်ခုအတွက်ဖြစ်ပါက ဘဏ်၏ ပေးရန်တာဝန်များအားလုံးကို ပေးချေမည်ဖြစ်ကြောင်း စာဖြင့်ရေးသားထားသည့် အာမခံစာကို တင်ပြခြင်း၊

( စ ) လျှောက်လွှာသည် ဥပဒေ၏ အခြားသော လိုအပ်ချက်တစ်ရပ်ရပ်ကို မဖြည့်ဆည်းနိုင်ခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိခန့်အပ်ခြင်း**

၁၂၂။ ဘဏ်တစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်သည် ဗဟိုဘဏ်ကိုဖြစ်စေ၊ ဗဟိုဘဏ်က အမည်စာရင်းပေးသည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များကိုဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရမည်။

**ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်း**

၁၂၃။ (က) ဘဏ်အား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဗဟိုဘဏ်၏ ကြိုတင်သဘောတူညီချက်ရယူ၍ ဘဏ်၏ မြီစား၊ မြီရှင်တစ်ဦးဦး၏ တောင်းဆိုလွှာများအပေါ်တွင် ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်းများကို ပြုလုပ် ဆောင်ရွက်နိုင်သည်။

( ခ ) စာရင်းရှင်းလင်းချက်များကို ဆန့်ကျင်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အယူခံဝင်ခြင်းများအရ မဖြစ်စေရ။

**ဦးစားပေးရမည့် ပေးချေမှုများ**

၁၂၄။ ဘဏ်၏ ရရန်ပိုင်ခွင့်များကို အောက်ပါဦးစားပေးအစီအစဉ်အရ မြီရှင်များအကြား ခွဲဝေပေးရမည်-

(က) အာမခံဖြင့်ကြွေးမြီများ၊

( ခ ) လူမှုစာရင်းခံယူရာတွင် ကုန်ကျငွေနှင့်စရိတ်အားလုံး၊

( ဂ ) ကြွေးမြီသက်သေခံလက်မှတ်များပုံစံဖြင့် မဟုတ်ဘဲ အပ်နှံငွေနှင့် ပတ်သက်၍ တောင်းခံမှုများ၊

(ဃ) စီမံခန့်ခွဲခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ဗဟိုဘဏ်သို့ ပေးရန်ရှိသော ပေးရန်တာဝန်များ စာရင်းအရ ဘဏ်၏ ပေးရန်တာဝန်များ၊

( င ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အဆုံးအဖြတ်မတိုင်မီ တစ်နှစ်ထက် မပိုသော အချိန်ကာလ တစ်ခုထိ ပေးရန်ရှိသော နိုင်ငံတော်နှင့် ပြည်တွင်းအခွန်အခများ၊

( စ ) ဒါရိုက်တာအဖွဲ့ဝင်များ၏ လစာငွေများမပါဝင်ဘဲ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ကိစ္စရပ်ပြုလုပ်ရန် အဆုံးအဖြတ်ပေးသောနေ့အထိ ပေးရန်ရှိသော ဘဏ်၏ ဝန်ထမ်းများသို့ ပေးရန် လစာငွေများ၊

(ဆ) အာမခံမဲ့မြီရှင်များ၏ တောင်းခံငွေများ၊

( ဇ ) ပုဒ်မခွဲ (က) မှ (စ) တွင် မပါဝင်သော အခြားတောင်းခံငွေများ။

**နယ်စပ်ဖြတ်ကျော် ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိခြင်း**

၁၂၅။ (က) စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို နယ်စပ်ဖြတ်ကျော် ဆောင်ရွက်ရာတွင် ဘဏ်၏ ရရန်ပိုင်ခွင့်စုစုပေါင်းကို ပြည်တွင်းနေထိုင်သူနှင့် ပြည်တွင်းနေထိုင်သူ မဟုတ်သူ မြီရှင်များ တန်းတူအခွင့်အရေး ရရှိအောင် ဆောင်ရွက်ရန်အလို့ငှာ -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းသည့် ဘဏ်သည် နိုင်ငံခြား တိုင်းပြည်တွင် လုပ်ငန်းခွဲရှိလျှင် ထိုနိုင်ငံရှိ အာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်ရမည်။

(၂) စာရင်းရှင်းလင်း ဖျက်သိမ်းသည့် ဘဏ်၏ မြီရှင်တစ်ဦးသည် နိုင်ငံခြားတိုင်းပြည်တွင် ထိုသူ၏ တောင်းခံလွှာအပေါ် တစ်စိတ်တစ်ပိုင်းပေးချေမှု ရရှိထားလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီအစဉ်လုပ်ဆောင်ရာတွင် ကျသင့်သော ကုန်ကျစရိတ်များနှင့်အတူ ပေးချေမှုအတွက် ထိုသူတောင်းခံလွှာ၏ လက်ကျန်ရှင်းတမ်းကို တင်ပြရမည်။

(၃) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဆောင်ရွက်သော စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း ဆောင်ရွက်မှုတွင် နိုင်ငံခြားဘဏ်ခွဲသည် နိုင်ငံခြားတွင် ကြွေးမြီများ မည်သည့် အတိုင်းအတာအထိ အပြည့်အဝ ပေးဆပ်နိုင်ခြင်းရှိသည်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဆုံးဖြတ်နိုင်သည်။

(၄) နိုင်ငံခြားဘဏ်ခွဲသည် ၎င်း၏လုပ်ငန်း အဓိက ဆောင်ရွက်သော နိုင်ငံတွင် စာရင်းရှင်းလင်းဖျက်သိမ်းလျှင် နိုင်ငံခြားဘဏ်ခွဲ အနေဖြင့် မြန်မာနိုင်ငံတွင် အပ်နှံသူများနှင့်ထိုနိုင်ငံခြား ဘဏ်ခွဲ၏ မြီရှင်များအကျိုးစီးပွားအတွက် အကြံဉာဏ်များ ပေးနိုင်ပြီး မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲ၏ အဆိုပါရရန်ပိုင်ခွင့်များကို ထိုနိုင်ငံရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ နိုင်ငံခြားဘဏ်ခွဲ၏ တောင်းဆိုချက်ဖြင့် လွှဲပြောင်းရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ အခွင့်အာဏာပေးနိုင်သည်။

( ခ ) နိုင်ငံခြားဘဏ်ခွဲ၏ ပြည်တွင်းနေထိုင်သူမဟုတ်သူ မြီရှင်များ၏ တောင်းခံလွှာများ၊ ပေးရန်တာဝန်များကို ခုနှိမ်ခြင်း သို့မဟုတ် အသား တင်ခြားနားခြင်း ဆောင်ရွက်နိုင်ခွင့် မရှိသကဲ့သို့ နိုင်ငံခြားဘဏ်ခွဲကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်လည်း ပါဝင်ခွင့် မပြုရ။

( ဂ ) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ရာတွင် ၎င်းဘဏ်ခွဲကို ပိုင်ဆိုင်သည့် နိုင်ငံခြားဘဏ်ခွဲ၏ မြီရှင်များ၏ တောင်းခံလွှာများအတွက် ပြည်ပရရန်ပိုင်ခွင့်များရယူခြင်း၌ မြီရှင်များ၏အခွင့်အရေးများကို ကန့်သတ်ခြင်းမရှိစေရ။

၁၂၆။ ဗဟိုဘဏ်သည် အောက်ပါတို့ကိုသတ်မှတ်နိုင်သည်-

(က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊

( ခ ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်နှင့်စည်းမျဉ်းစည်းကမ်းများ၊

( ဂ ) နောက်ဆုံး ငွေပေးချေခြင်း၊ ရှင်းလင်းခြင်းနှင့် ညှိနှိုင်းဖြေရှင်းခြင်းစနစ်များ၊

(ဃ) ခုနှိမ်ခြင်းနှင့် အသားတင်ခြားနားခြင်း လုပ်ငန်းစဉ်များ၊

( င ) ဖြန့်ဝေခြင်းအတွက်လုပ်ငန်းစဉ်များ၊

( စ ) နိုင်ငံခြားဘဏ်ခွဲနှင့်သက်ဆိုင်သည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်၊

(ဆ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိုရပ်စဲခြင်း။

၁၂၇။ (က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် ကုမ္ပဏီများ လူမွဲခံယူခြင်းနှင့်သက်ဆိုင်သော အခြားဥပဒေ၏ ပြဋ္ဌာန်းချက်များသည် ဤအခန်းတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဘဏ်တစ်ခုအား အကျိုးသက်ရောက်ခြင်းမရှိစေရ။

( ခ ) ဘဏ်တစ်ခုအတွက် အပြီးသတ်အမိန့် သို့မဟုတ် ထိန်းသိမ်းသူ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် မည်သည့် အသနားခံစာကိုမဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကသာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထား တင်ပြရမည်။

## အခန်း (၁၈)

## အီလက်ထရွန်နစ် ငွေကြေး၊ အီလက်ထရွန်နစ် ဘဏ်လုပ်ငန်းနှင့် မိုဘိုင်းဘဏ်လုပ်ငန်း

၁၂၈။ အီလက်ထရွန်နစ်ငွေကြေး ဆိုသည်မှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်အရ ကတ်ထုတ်ဝေသူ အပေါ် တောင်းခံနိုင်သည့် ငွေကြေးတန်ဖိုးကို ဆိုသည် -

(က) ကတ်တစ်ခုခုအပါအဝင် ငွေကြေးတန်ဖိုး သိုမှီးထားသော အီလက်ထရွန်နစ် ကိရိယာ၊

( ခ ) လက်ခံရရှိသည့် ငွေကြေးတန်ဖိုးထက်မပိုသည့် ထုတ်ပေးရန်ငွေပမာဏ၊

( ဂ ) ကတ်ထုတ်ဝေသူအပါအဝင် အခြားပုဂ္ဂိုလ်များက ငွေပေးချေမှု နည်းလမ်းအဖြစ် လက်ခံခြင်း။

**အီလက်ထရွန်နစ်ငွေကြေးနှင့် ချေးငွေတိုကင်ထုတ်ဝေခြင်းနှင့်ဆိုင်သော ကန့်သတ်ချက်များ**

၁၂၉။ (က) မည်သူမျှ အောက်ပါအချက်တစ်ရပ်ရပ်နှင့် မကိုက်ညီလျှင် အီလက်ထရွန်နစ်ငွေကြေးကို ဖြစ်စေ၊ ချေးငွေတိုကင်ကိုဖြစ်စေ အများပြည်သူသို့ ထုတ်ပေးခြင်းမပြုရ -

( ၁ ) ဘဏ်တစ်ခုခုဖြစ်ခြင်း၊ သို့မဟုတ်

( ၂ ) ၎င်း၏ရည်ရွယ်ချက်အတွက် ဗဟိုဘဏ်က မှတ်ပုံတင်ပြုလုပ်ပေးထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုဖြစ်ခြင်း။

( ခ ) အီလက်ထရွန်နစ်ငွေကြေးနှင့် ချေးငွေတိုကင်အတွက် သုံးစွဲနိုင်သည့်ကာလနှင့် ၎င်းကို မည်သို့ပြန်လည်ပေးဆပ်မည်ဟူသော စည်းကမ်းသတ်မှတ်ချက်များပါရှိသည့် အီလက်ထရွန်နစ် ငွေကြေးနှင့် ချေးငွေတိုကင်ထုတ်ပေးသူနှင့် လက်ခံသူတို့အကြား ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အီလက်ထရွန်နစ်ငွေကြေးနှင့် ချေးငွေတိုကင်ကို ထုတ်ဝေနိုင်သည်။

**အီလက်ထရွန်နစ်ငွေကြေးနှင့် ချေးငွေတိုကင်ကို ကြပ်မတ်ကွပ်ကဲခြင်း**

၁၃၀။ ဗဟိုဘဏ်သည် -

(က) ပုဂ္ဂိုလ်တစ်ဦးက အီလက်ထရွန်နစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ကို အများပြည်သူထံ ထုတ်ပေးခြင်းမပြုနိုင်မီ ဗဟိုဘဏ်ထံတွင် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် စည်းကမ်းချက်များ၊ လိုအပ်ချက်များနှင့် ဗဟိုဘဏ်က ယင်းမှတ်ပုံတင်ကို ဖျက်သိမ်းရမည့် သို့မဟုတ် ဖျက်သိမ်းနိုင်သည့် အခြေအနေကို သတ်မှတ်နိုင်သည်။

( ခ ) အီလက်ထရွန်နစ် ငွေကြေးအသုံးပြုသူများ၏ ငွေကြေးလုံခြုံရေး၊ စာရင်းရေးသွင်းချက်နှင့်သတင်းပေးပို့ချက်များ အပါအဝင် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်နိုင်သည်။

( ဂ ) အီလက်ထရွန်နစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ကို ထုတ်ပေး၊ လက်ခံအသုံးပြုသည့် ပုဂ္ဂိုလ်များအကြား စာချုပ်စည်းကမ်းချက်များ၊ အစီအစဉ်များနှင့် ငွေပေးချေမှု လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) အီလက်ထရွန်နစ် ငွေကြေးလုပ်ငန်းကို စစ်ဆေးမှုလွယ်ကူစေရန် အီလက်ထရွန်နစ် ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ဝေသူများအပေါ် စည်းမျဉ်းများ သတ်မှတ်နိုင်သည်။

၁၃၁။ အီလက်ထရွန်နစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ဝေသူတစ်ဦးဦးသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်ကိုသော်လည်းကောင်း၊ ဤဥပဒေပုဒ်မတစ်ခုခုအရ ထုတ်ပြန်သည့် စည်းမျဉ်းများကို သော်လည်းကောင်း ချိုးဖောက်လျှင် ဤဥပဒေအရ ပြစ်မှုမြောက်သည်။

**အီလက်ထရွန်နစ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ**

၁၃၂။ (က) ဗဟိုဘဏ်သည် နိုင်ငံတော်တွင် အင်တာနက် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ၊ မိုဘိုင်းဘဏ်လုပ်ငန်းနှင့် အခြားအီလက်ထရွန်နစ် ဘဏ်လုပ်ငန်းများပါဝင်သော အီလက်ထရွန်နစ် ဘဏ်ဝန်ဆောင်မှု များအတွက် စနစ်များနှင့်လုပ်ထုံးလုပ်နည်းများ တည်ထောင်ဖွဲ့စည်း ရေးအတွက် ခွင့်ပြုပေးနိုင်သည်။

( ခ ) ဗဟိုဘဏ်သည် အောက်ပါတို့အတွက် လိုအပ်သောစည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည် -

( ၁ ) ငွေရေးကြေးရေးဈေးကွက်တည်ငြိမ်မှုကို အန္တရာယ်ရှိစေနိုင်သော သို့မဟုတ် ငွေပေးချေမှုစနစ်တွင် ယုံကြည်မှုလျော့နည်းစေနိုင်သည့် စနစ်ဆိုင်ရာဆုံးရှုံးနိုင်ခြေများနှင့် အခြားဆုံးရှုံးနိုင်ခြေများကို လျော့နည်းပပျောက်စေရန်၊

( ၂ ) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများအား ၎င်းတို့၏ အခွင့်အရေးနှင့်တာဝန်များကို ပညာပေးရေးနှင့် အကာအကွယ်ပေးရေးအတွက် အဖွဲ့အစည်းများအား အားပေး တိုက်တွန်းရန်၊

( ၃ ) အသုံးပြုသူများနှင့် စီးပွားရေးလုပ်ငန်းများထံ အီလက်ထရွန်နစ် ဝန်ဆောင်မှုများမှတစ်ဆင့် ထိရောက်ပြီး ဆုံးရှုံးနိုင်ခြေနည်းပါးသည့် ငွေပေးချေမှုနှင့် ငွေကြေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ၄ ) အဖွဲ့အစည်းများသည် အီလက်ထရွန်နစ် ဘဏ်ဝန်ဆောင်မှုများဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်စေရန်၊

( ၅ ) အီလက်ထရွန်နစ် ဘဏ်ဝန်ဆောင်မှုများ ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့် လုပ်ငန်းစဉ်များ သတ်မှတ်ရန်။

## အခန်း (၁၉)

## ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှု စနစ်ကို ကြီးကြပ်ထိန်းကျောင်းခြင်း

**ငွေပေးချေမှုစနစ်မူဝါဒ**

၁၃၃။ (က) ဗဟိုဘဏ်သည် နိုင်ငံတော်၏ငွေပေးချေမှု မူဝါဒအကောင်အထည်ဖော်ရေးကို စနစ်တကျ စီစဉ်ဖော်ထုတ်ခွင့်၊ ချမှတ်ကျင့်သုံးခွင့်နှင့် စောင့်ကြပ်ကြည့်ရှုခွင့် လုပ်ပိုင်ခွင့်များရှိသည်။

( ခ ) လုံခြုံမှုနှင့်ထိရောက်မှုရှိသော ငွေပေးချေမှုစနစ် တိုးမြှင့်ဆောင်ရွက်ရေးတွင် ဗဟိုဘဏ်သည် အခြားနိုင်ငံများ၏ ဗဟိုဘဏ်များနှင့်ဖြစ်စေ၊ အဆင့်တူအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်ရာ ပြည်တွင်းပြည်ပ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ရမည်။

**ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်များ**

၁၃၄။ ဗဟိုဘဏ်သည် အောက်ပါတို့ကိုဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ရှိသည် -

(က) ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်များကို စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ရန်၊

( ခ ) ဗဟိုဘဏ်တွင် ထိန်းသိမ်းထားသော ငွေချေးသက်သေခံလက်မှတ် စာရင်းများရှိ ငွေချေး သက်သေခံလက်မှတ်များအား စာရင်းရှင်းလင်းရေး ဆောင်ရွက်ရန်၊

( ဂ ) အများပြည်သူထံ ငွေကြေးဝန်ဆောင်မှုပေးသူများနှင့်အခြားငွေပေးချေမှု စာချုပ်စာတမ်း ပုံစံဖြင့် ထုတ်ပေးသူများအား စည်းမျဉ်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) အီလက်ထရွန်နစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်းကို ဆောင်ရွက်ပေးရန်။

၁၃၅။ ဗဟိုဘဏ်သည် အောက်ပါတို့ကို တည်ထောင်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ စည်းရုံး ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် တိုးမြှင့်ခြင်းတို့ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေရန် လိုအပ်သော လုပ်ငန်း တည်ထောင်မှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ စည်းရုံးဖွဲ့စည်းမှု၊ လုပ်ငန်းမြှင့်တင်မှု၊ ပါဝင်ဆောင်ရွက်မှု သို့မဟုတ် အကူအညီပေးမှုများပြုနိုင်ပြီး လိုအပ်သော စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်းနှင့် ကြီးကြပ်ခြင်း တို့ပြုနိုင်သည် -

***စာမျက်နှာ (၁၆) သို့***

*စာမျက်နှာ ၁၅ မှ*

(က) ပြည်တွင်းငွေကြေးဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ငွေပေးချေမှုများ ပြုလုပ်ခြင်း သို့မဟုတ် ငွေလဲလှယ်ခြင်းများအတွက် စာရင်းရှင်းလင်းခြင်းနှင့် ပေးချေမှုစနစ် သို့မဟုတ် အခြားအစီအစဉ်များ၊

( ခ ) ငွေချေးသက်သေခံလက်မှတ်များ စာရင်းရှင်းလင်းခြင်းအတွက် စနစ်တစ်မျိုးမျိုးနှင့်ငွေချေး သက်သေခံလက်မှတ် လဲလှယ်ခြင်းအတွက် အခြားအစီအစဉ်များ၊

( ဂ ) စာရင်းရှင်းလင်းခြင်းနှင့်ပေးချေမှုကို ငွေကြေးတစ်ခုမှ အခြားငွေကြေးတစ်ခုဖြင့် ပြုလုပ်ခြင်းနှင့် လဲလှယ်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ခြင်းကို ငွေကြေးတစ်မျိုးမှ အခြားငွေကြေးတစ်မျိုးဖြင့် ပြုလုပ်သောစနစ် သို့မဟုတ် အခြားအစီအစဉ်များ။

၁၃၆။ (က) ငွေပေးချေမှုအဖြစ်အသုံးပြုသော ချက်လက်မှတ်များနှင့် အီလက်ထရွန်နစ်နည်းလမ်းများ အပါအဝင်အခြားနည်းလမ်းများကို စာရင်းရှင်းလင်းရန်အလို့ငှာ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) များကို လိုအပ်သည့်နေရာများတွင် ဖွဲ့စည်းတည်ထောင်နိုင်သည်။

( ခ ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းရေးစနစ် (clearing and settlement system) နှင့် စာရင်းရှင်းလင်းရေးအဖွဲ့များ (clearing houses) နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ဆောင်ရွက်ချက်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်သော စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်အခွင့်အာဏာရှိသည်-

( ၁ ) ဆုံးရှုံးမှုမျှဝေကျခံခြင်း (loss-sharing mechanism) အပါအဝင် ဗဟိုမှပြန်လှန်စာရင်းရှင်းလင်းသူ (Central counter-party) အဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

( ၂ ) ငွေရေးကြေးရေးရရန်ပိုင်ခွင့်များကို ထိန်းသိမ်းပေးသူအဖြစ်လည်းကောင်း သို့မဟုတ် စာရင်းရှင်းလင်းရေး ကိုယ်စားလှယ်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း သို့မဟုတ် နှစ်ခုလုံးကို ဆောင်ရွက်ခြင်း၊

( ၃ ) စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) မှဖြစ်စေ၊ ပါဝင်ဆောင်ရွက်သူမှ ဖြစ်စေ၊ ဗဟိုမှ ပြန်လှန်စာရင်းရှင်းလင်းသူမှဖြစ်စေ အပ်နှံငွေများလက်ခံခြင်းနှင့် အတိုးပေးချေခြင်း၊

( ၄ ) ပါဝင်ဆောင်ရွက်သူများအား နေ့ချင်းငွေကြေးလိုအပ်ချက်ပမာဏ ဖြည့်ဆည်းပေးခြင်း။

**စာရင်းရှင်းလင်းခြင်းသဘောတူညီချက်စာချုပ်များ၏ တရားဝင်တည်ရှိမှု**

၁၃၇။ ဗဟိုဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အသားတင်ရှင်းလင်းခြင်း သဘောတူ စာချုပ်တစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပါက ဗဟိုဘဏ်မှဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းမှဖြစ်စေ ထိုသဘောတူစာချုပ်အား အကျိုးသက်ရောက်စေရန် ဆောင်ရွက်ရမည်။

၁၃၈။ ပေးချေခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ပံ့ပိုးသူတွင် ငွေကြေးဝန်ဆောင်မှုပံ့ပိုးပေးသူ၊ ငွေပေးချေမှု စာချုပ်စာတမ်းထုတ်ဝေသူများနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်လုပ်ငန်း ဆောင်ရွက်သူများ ပါဝင်သည်။

**စာရင်းရှင်းလင်းခြင်းဆိုင်ရာ နည်းဥပဒေများ တရားဝင်တည်ရှိမှု**

၁၃၉။ (က) စာရင်းရှင်းလင်းရေးအဖွဲ့ ပါဝင်ဆောင်ရွက်သူများ၊ ဗဟိုပြန်လှန်စစ်ဆေးရေးအဖွဲ့ဝင်များသည် စာရင်းရှင်းလင်းရေးစနစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရမည်။

( ခ ) ပေးချေမှုတစ်ခုအတွက် အာမခံထားသည့် အပေါင်ပစ္စည်း သို့မဟုတ် သတ်မှတ်ထားသည့် စာရင်းရှင်းလင်းရေးစနစ်တွင်ဖြစ်ပေါ်သည့် ပေးရန်တာဝန်ရှိမှုကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်သူ၊ စာရင်းရှင်းလင်းရေးအဖွဲ့၊ ဗဟိုပြန်လှန် စစ်ဆေးရေးအဖွဲ့ဝင်များ သို့မဟုတ် ဗဟိုဘဏ်၏ အခွင့်အရေးနှင့်သက်သာခွင့်များသည် လူမွဲစာရင်း ခံယူခြင်း တရားစွဲဆိုခြင်းကြောင့် ထိခိုက်မှုမရှိစေရ။ ထို့ပြင် ဆိုင်းငံ့ထားသည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် အာမခံပစ္စည်းနှင့်စပ်လျဉ်း၍ မြီရှင်၏ကျင့်သုံးနိုင်သည့် အခွင့်အရေး နှင့်သက်သာခွင့်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**အီလက်ထရွန်နစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်း**

၁၄၀။ (က) အီလက်ထရွန်နစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ်ဖြင့် ထုတ်ယူမည့် ငွေပေးချေမှုအတွက် ဘဏ်သို့ အီလက်ထရွန်နစ်နည်းလမ်းဖြင့် ချက်လက်မှတ် တင်ပြနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ချက်လက်မှတ်ကို အီလက်ထရွန်နစ်နည်းဖြင့် တင်ပြရာတွင် ဘဏ်သည် အခြားဘဏ် သို့မဟုတ် စာရင်းရှင်းလင်းရေးအဖွဲ့အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းပံ့ပိုးသူ တတိယပုဂ္ဂိုလ်မှ တစ်ဆင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ ယင်းဝန်ဆောင်မှုပေးသူကို ဘဏ်၏ ကိုယ်စားလှယ်အဖြစ် မှတ်ယူရမည်။

( ဂ ) ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ်ကို တရားရုံး တစ်ရုံးရုံးတွင်တင်ပြသည့် ချက်လက်မှတ်စာရွက်နှင့် တူညီသည်ဟု အသိအမှတ်ပြု လက်ခံရမည်။

(ဃ) ရန်ပုံငွေလွှဲပြောင်းခြင်းကို ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် စာရင်းသွင်း၍ရသည့်ချက်လက်မှတ် (truncated cheque) ဖြင့် တစ်ကြိမ်အစားထိုးပြီးလျှင် မူရင်းချက်လက်မှတ်ကို ထပ်မံ၍ လွှဲပြောင်းခြင်းမပြုနိုင်။

၁၄၁။ ဗဟိုဘဏ်သည် ငြင်းပယ်သည့် ချက်လက်မှတ်များ၊ ချက်လက်မှတ်ပုံရိပ်နှင့် ကိုင်တွယ်၍ရသည့် ချက်လက်မှတ်ကို ဆက်လက်ထိန်းသိမ်းထားခြင်း၊ အီလက်ထရွန်နစ်တင်ပြခြင်းနှင့်စပ်လျဉ်းသည့် စနစ်များနှင့် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်သလို သတ်မှတ်နိုင်သည်။

**အခန်း (၂၀)**

**ချေးငွေဆိုင်ရာ သတင်းအချက်အလက်**

**ချေးငွေသတင်းအချက်အလက်ဌာနနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏လုပ်ပိုင်ခွင့်**

၁၄၂။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၇၅ အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ချေးငွေဆိုင်ရာ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်။

( ခ ) ဗဟိုဘဏ်သည် နိုင်ငံတော်ရှိ ဘဏ်အားလုံး၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူများ၏ ချေးငွေပြန်လည်ပေးဆပ်မှု မှတ်တမ်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များစုဆောင်းပြီး ပြန်လည်ဖြန့်ဖြူးပေးသည့် ချေးငွေ သတင်းအချက်အလက်ဌာနတစ်ခုကို တည်ထောင်ခြင်းဖြစ်စေ၊ တည်ထောင်ခွင့်ကို ဖြစ်စေပြုနိုင်သည်။

( ဂ ) ဗဟိုဘဏ်သည် ငွေချေးပေးရန် ထိုက်တန်သူဖြစ်ကြောင်း ရည်ညွှန်းပေးသည့် စနစ်အရ လိုအပ်သည့် သတင်းအချက်အလက်များကို အစီရင်ခံတင်ပြရန် ချေးငွေထုတ်ချေးသည့် လုပ်ငန်းဆောင်ရွက်နေသည့် ချေးငွေအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်တို့အား ညွှန်ကြားနိုင်သည်။

(ဃ) ဘဏ်များ၊ ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများသည် ချေးငွေသတင်းအချက်အလက်ဌာနသို့ တင်ပြသော သတင်းအချက်အလက်များ မှန်ကန်မှုရှိစေရန် ဆောင်ရွက်ရမည်။

**ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနများအား ကြပ်မတ်ကွပ်ကဲခြင်း**

၁၄၃။ (က) ဗဟိုဘဏ်သည် ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဇယားဝင် အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်နိုင်သည့် ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနများတည်ထောင်ရန် လိုင်စင်ထုတ်ပေးရမည့်အပြင် ၎င်းတို့ကို ကြပ်မတ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်ရှိသည်။

( ခ ) မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးသည့် တရားဝင်လိုင်စင်မရှိဘဲ ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနတစ်ခုကို တည်ထောင်လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၄၄။ ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာနထံမှ လိုအပ်သော သတင်းအချက်အလက်များကို ရယူနိုင်သည်။

**အခန်း (၂၁)**

**ကင်းလွတ်ခွင့်၊ အခကြေးငွေပြန်လည်ရရှိခြင်း၊ ဘဏ်ပိတ်ရက်များနှင့် တရားရေးဆိုင်ရာ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတို့အတွက် လုပ်ပိုင်ခွင့်**

**အခကြေးငွေ၊ ကုန်ကျစရိတ် အစရှိသည်များ ပြန်လည်ရယူကောက်ခံခြင်း**

၁၄၅။ (က) သက်ဆိုင်ရာဘဏ်ထံမှ ဗဟိုဘဏ်သည် အောက်ပါတို့ကို ကြွေးမြီတစ်ရပ်အဖြစ် ပြန်လည် ရယူကောက်ခံခွင့်ရှိစေရမည်-

( ၁ ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ပေးချေရမည့် အခကြေးငွေ တစ်ရပ်ရပ်၏ ငွေပမာဏ၊

( ၂ ) ဘဏ်က အောက်ဖော်ပြပါပုဂ္ဂိုလ်တစ်ဦးဦးအား ပေးချေရမည့် အခကြေးငွေနှင့် ကုန်ကျစရိတ် တစ်ရပ်ရပ်-

(ကက) ခန့်အပ်သည့် စာရင်းစစ်၊

( ခခ ) ပုဒ်မ ၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်အပ်သည့် အုပ်ချုပ်သူ တစ်ဦး၊

( ၃ ) ဤဥပဒေအရ ဘဏ်ကပေးချေရမည့် ငွေရေးကြေးရေး ပြစ်ဒဏ်တစ်ရပ်ရပ်။

( ခ ) ဤပုဒ်မအရ ပြန်လည်ရရှိမည့်ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပြန်လည်ရရှိရန် ဆောင်ရွက်မှုသည် ထိုသို့ ဆောင်ရွက်သည့်နေ့မှ ခြောက်နှစ်ထက် မကျော်လွန်စေရ။

**ဘဏ်ပိတ်ရက်များ ကြေညာခြင်း**

၁၄၆။ (က) ဗဟိုဘဏ်သည် နေ့တစ်နေ့နေ့ သို့မဟုတ် နေ့များကို ဘဏ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်များအဖြစ် မည်သည့်အချိန်တွင်မဆို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ဘဏ်ပိတ်ရက်အဖြစ် ကြေညာထားသည့်နေ့တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက် မရဘဲ နိုင်ငံတော်ရှိ မည်သည့်ဘဏ်မျှ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။

၁၄၇။ (က) ဗဟိုဘဏ်နှင့်စပ်လျဉ်း၍ တရားစွဲဆိုတင်သွင်းလာသော အမှုတစ်ခုခုကို စီရင်ပိုင်ခွင့် အာဏာရှိသည့် တရားရုံးတစ်ခုခုသည် ဗဟိုဘဏ်ကသော်လည်းကောင်း သို့မဟုတ် ဗဟိုဘဏ်၏ကိုယ်စား ဆောင်ရွက်ရန် ဗဟိုဘဏ်က ခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦး၊ ဗဟိုဘဏ်၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက သော်လည်းကောင်း တရားရုံးရှေ့၌ ကြားနာရာ၌ အရေးယူဆောင်ရွက်မှုတစ်ခုနှင့်စပ်လျဉ်းသည့် အောက်ဖော်ပြပါတို့ကို သုံးသပ်ရမည် -

( ၁ ) ဗဟိုဘဏ်သည် ၎င်း၏ဥပဒေအရ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ခြင်း ရှိ မရှိ၊

( ၂ ) ဗဟိုဘဏ်က ဆုံးဖြတ်ရာတွင် လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ကွဲလွဲပြီး ဆောင်ရွက်ခြင်း ရှိ မရှိ၊

( ၃ ) ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာ သို့မဟုတ် ထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများသည် ဤဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

( ၄ ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်သည် ဤဥပဒေ သို့မဟုတ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် သိသာထင်ရှားစွာ ဆန့်ကျင်ခြင်း ရှိ မရှိ။

( ခ ) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆိုစေကာမူ ဗဟိုဘဏ်၏ အရေးယူ ဆောင်ရွက်ချက် တစ်ရပ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားစွဲဆိုသည့်ကာလ အတောအတွင်း ဆိုင်းငံ့ခြင်း သို့မဟုတ် ကန့်သတ်ခြင်းမရှိစေဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှုရှိနေရမည် သို့တည်းမဟုတ် အယူခံပိုင်ခွင့်၊ ထပ်မံအယူခံပိုင်ခွင့် သို့တည်းမဟုတ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အခြားတရားစွဲဆိုဆောင်ရွက်မှုရှိစေရမည်။

( ဂ ) ဗဟိုဘဏ်ကပြုလုပ်သည့် အရေးယူဆောင်ရွက်မှုတစ်ခုခုအပေါ် တရားရုံးတစ်ရုံးရုံးက သက်သာခွင့် သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်ပါက ငွေကြေးဖြင့်သာ ပေးလျော်စေရမည်။

(ဃ) ဗဟိုဘဏ်အပေါ်ဖြစ်စေ၊ ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြသည့် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ဖြစ်စေ အရေးယူဆောင်ရွက်မှု သို့မဟုတ် တရားစွဲဆိုမှုတစ်ခုခုကို သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင်သာ စတင် စွဲဆိုရမည်။

**အချို့သော လွှဲပြောင်းခြင်းများအတွက် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်များ**

၁၄၈။ ဘဏ် သို့မဟုတ် ယင်းဘဏ်၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုခု၏ အစုရှယ်ယာများနှင့်ရရန်ပိုင်ခွင့်များကို လွှဲပြောင်းခြင်းအတွက်သော်လည်းကောင်း၊ ပုဒ်မ ၁၀၇ အရ ဘဏ်၏ အစုရှယ်ယာများ နှင့် ရရန်ပိုင်ခွင့်များကို ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ ရောင်းချခြင်း သို့မဟုတ် ထုခွဲလွှဲပြောင်းခြင်းအတွက် သော်လည်းကောင်း တည်ဆဲတံဆိပ်ခေါင်းခွန် သို့မဟုတ် အခွန်ဥပဒေအရ ကင်းလွတ်ခွင့် ရရှိလိုပါက ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

**အခန်း (၂၂)**

**အီလက်ထရွန်နစ် သက်သေခံချက်**

**အီလက်ထရွန်နစ် စာတမ်းအမှတ်အသားများကို မှန်ကန်ကြောင်းသက်သေခံထင်ရှားစေခြင်း**

၁၄၉။ သက်သေခံအက်ဥပဒေ၌ မည်သို့ပင်ပြဋ္ဌာန်းချက်များပါရှိစေကာမူ အီလက်ထရွန်နစ်စာတမ်း အမှတ်အသားကို သက်သေခံချက်အဖြစ် တင်သွင်းလိုသူ မည်သူမဆို အီလက်ထရွန်နစ်စာတမ်း အမှတ်အသားသည် တွေ့ရှိချက်ကို အထောက်အကူပြုနိုင်သည့် သက်သေခံချက်ဖြင့် ယင်း၏မှန်ကန်မှုကို သက်သေပြရန် တာဝန်ရှိသည်။

**အီလက်ထရွန်နစ်စာတမ်းအမှတ်အသားများအတွက် သက်သေခံရမည့် နည်းလမ်းများ**

၁၅၀။ (က) အောက်ပါနည်းလမ်း တစ်ရပ်ရပ်နှင့်ညီညွတ်သော အီလက်ထရွန်နစ်စာတမ်းအမှတ်အသားကို အကောင်းဆုံး သက်သေခံချက်နည်းလမ်းအဖြစ် လက်ခံနိုင်သည်-

( ၁ ) အီလက်ထရွန်နစ် စာတမ်းအမှတ်အသားတွင် မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းပြုထားသော အီလက်ထရွန်နစ်စာတမ်း အမှတ်အသားများစနစ်၏ ယုံကြည်စိတ်ချရမှုကို သက်သေပြသခြင်း၊

( ၂ ) အခိုင်အမာ သက်သေထင်ရှားပြသထားသည်ဟု မှတ်ယူခြင်း။

( ခ ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ ဆန့်ကျင်ကွဲလွဲသည့် သက်သေခံချက် မတင်ပြနိုင်သည့်ကိစ္စ၌ ပုံနှိပ်စက်မှထုတ်ပေးသော စာသည် မှတ်တမ်းတင်သည့် သို့မဟုတ် သိမ်းဆည်းသည့် သတင်းအချက်အလက် မှတ်တမ်းတစ်ခုအဖြစ် ထင်ရှားစွာ သို့မဟုတ် လိုက်လျောညီစွာ ပြုလုပ်ထားလျှင် ထိုသို့ထုတ်ပေးသော အီလက်ထရွန်နစ်စာတမ်း အမှတ်အသားစာသည် အကောင်းဆုံး သက်သေခံနည်းလမ်းအဖြစ် ကျေနပ်လက်ခံနိုင်သည်။

**အီလက်ထရွန်နစ် စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို အသိအမှတ်ပြုခြင်း**

၁၅၁။ ဆန့်ကျင်ကွဲလွဲ၍ သက်သေခံချက် မတင်ပြနိုင်သည့်ကိစ္စတွင် မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရွန်နစ်စာတမ်းအမှတ်အသားများစနစ်၏ မှန်ကန်မှုကို အောက်ပါအထောက်အထားတစ်ရပ်ရပ်ဖြင့် သက်သေထင်ရှားပြနိုင်သည်-

(က) အီလက်ထရွန်နစ်စာတမ်းအမှတ်အသားစနစ်တွင် အသုံးပြုသည့် ကွန်ပျူတာစနစ် သို့မဟုတ် အခြားအလားတူ ပစ္စည်းကိရိယာတို့သည် စနစ်တကျလည်ပတ်နေကြောင်း သို့မဟုတ် ပုံမှန်လည်ပတ်ခြင်းမရှိသော်လည်း အီလက်ထရွန်နစ်စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို ထိခိုက်မှုမရှိကြောင်းနှင့် သံသယရှိစေသည့် အထောက်အထားမရှိသည်ကို သက်သေထင်ရှားပြသခြင်း၊

( ခ ) အီလက်ထရွန်နစ်စာတမ်းအမှတ်အသားကို တင်သွင်းလိုသောပုဂ္ဂိုလ်၏ အကျိုးစီးပွား နှင့် ဆန့်ကျင်သော ပုဂ္ဂိုလ်က မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရွန်နစ် စာတမ်းအမှတ်အသားဖြစ်ခြင်း၊

( ဂ ) အီလက်ထရွန်နစ် စာတမ်းအမှတ်အသားမှာ တင်သွင်းလိုသော ပုဂ္ဂိုလ်၏ကြီးကြပ်မှုအရ မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းမပြုဘဲ ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ ပုံမှန်နှင့် သာမန်လုပ်ငန်းတွင် မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော အီလက်ထရွန်နစ်စာတမ်းအမှတ်အသားဖြစ်ခြင်း။

**ထည့်သွင်းစဉ်းစားရမည့် စံနှုန်းများ**

၁၅၂။ (က) တရားရုံးတစ်ရုံးသည် အီလက်ထရွန်နစ် စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် လက်ခံနိုင်မခံနိုင်ဆိုသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေ၏ နည်းဥပဒေတစ်ရပ်ရပ်အရ ဆုံးဖြတ်ရန်အလို့ငှာ သက်သေခံချက်ကို အီလက်ထရွန်နစ် စာတမ်းအမှတ်အသား၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်၊ အီလက်ထရွန်နစ်စာတမ်းအမှတ်အသားကို အသုံးပြုသော သို့မဟုတ် မှတ်တမ်းတင်သော သို့မဟုတ် သိမ်းဆည်းသော လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကြိုးပမ်းအားထုတ်မှုပုံစံနှင့်ပတ်သက်မှုရှိခြင်း၊ အီလက်ထရွန်နစ် စာတမ်းအမှတ်အသားများကို မှတ်တမ်းတင်စေရန် သို့မဟုတ် သိမ်းဆည်းစေရန် နည်းလမ်းနှင့်သက်ဆိုင်သောစံနှုန်း၊ လုပ်ထုံးလုပ်နည်း၊ အလေ့အထ သို့မဟုတ် အလေ့အကျင့်တစ်ရပ်ရပ်ကို တင်ပြခြင်းဖြင့် သက်သေခံအဖြစ် လက်ခံနိုင်သည်။

( ခ ) အီလက်ထရွန်နစ် စာတမ်းအမှတ်အသားဖြင့် ဖော်ပြသော သတင်းအချက်အလက်တွင် ကိန်းဂဏန်းအချက်အလက်များ၊ စာသားများ၊ အသံများ၊ သင်္ကေတများ၊ ကွန်ပျူတာ အစီအစဉ်များ၊ ကွန်ပျူတာ ညွှန်ကြားချက်များ သို့မဟုတ် ကွန်ပျူတာထဲတွင် အသင့်သုံးနိုင်ရန် ထည့်ထားသော အချက်အလက်များ ပါဝင်သည်။

**အခန်း (၂၃)**

**တောင်းခံခြင်းမရှိသော ငွေကြေးများ သို့မဟုတ် စာရင်းသေများဆိုင်ရာ အချက်အလက်များ**

၁၅၃။ (က) ဘဏ်သည် ဘဏ္ဍာရေးနှစ်အသီးသီး၏ ပထမလအတွင်း ဗဟိုဘဏ်သို့ ၎င်းထံတွင် ခုနစ်နှစ်ကျော်ကြာသည်အထိ လာရောက်မထုတ်ယူသော တောင်းခံခြင်းမရှိသေးသည့် စာရင်းဆိုင်ရာ အချက်အလက်များကို တင်ပြရမည်။

( ခ ) ဗဟိုဘဏ်က လိုအပ်သည်ဟု ယူဆလျှင် ပိုင်ရှင်က ထုတ်ယူခြင်းမရှိသောငွေများနှင့် စာရင်းသေများအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။

*စာမျက်နှာ (၁၇)*

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ။)**
**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အပိုင်း (၁)**
**အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို **၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ခု၊ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း (၂)**
**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း(၁)**
**ရငွေများနှင့်သုံးငွေများ**

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေး အပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့်(၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။
(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။
(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

*(ဆက်လက်ဖော်ပြပါမည်။)*

---

*စာမျက်နှာ ၁၆ မှ*

**အခန်း (၂၄)**
**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၁၅၄။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာ အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ၊ အစုရှယ်ယာပိုင်ရှင်များ၊ စီမံခန့်ခွဲသူများ၊ မန်နေဂျာများ၊ ဝန်ထမ်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-
(က) သတိပေးခြင်း၊
(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊
(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကန့်သတ်ချက် အပါအဝင်ဖြစ်သည့် အမိန့်များချမှတ်ခြင်း၊
(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်ခြင်းမှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း။

၁၅၅။ (က) ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရသူသည် ပြစ်ဒဏ်ချမှတ်ခံရသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ အယူခံနိုင်သည်။
(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုအပေါ် ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၅၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၁၅၇။ ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် နစ်နာသော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို နစ်နာမှုအတွက် ငွေကြေးကို ချက်ချင်းပေးလျော်ရမည်။

**အခန်း (၂၅)**
**တားမြစ်ချက်များ**

၁၅၈။ မည်သူမျှ လိုင်စင်မရှိဘဲ ဘဏ်အဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၅၉။ မည်သူမျှ ဗဟိုဘဏ်မှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၆၀။ မည်သူမျှ လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ လျှောက်ထားတင်ပြရာတွင် အချက်အလက်တစ်ခုခုကို လိမ်လည်ဖော်ပြ လျှောက်ထားခြင်းမပြုရ။

၁၆၁။ အောက်ပါအဖွဲ့အစည်းများမှအပ မည်သူမျှ လိုင်စင် သို့မဟုတ် ဗဟိုဘဏ်က စာဖြင့် ကြိုတင် ခွင့်ပြုချက်မရရှိဘဲ မိမိလုပ်ငန်းအမည်တွင် ဘဏ်၊ ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်၊ ဘဏ်လုပ်ငန်းရှင် သို့မဟုတ် ဘဏ်လုပ်ငန်းဆိုသည့် စာသားများကို အသုံးမပြုရ-
(က) ဘဏ်၏ အသင်းအဖွဲ့တစ်ရပ်ရပ်၊
(ခ) ဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ ယင်းအသုံးအနှုန်း အခြေကျနေသော အသင်းအဖွဲ့၊
(ဂ) နိုင်ငံခြားဘဏ်၏ ကိုယ်စားလှယ် သို့မဟုတ် ရုံး၊
(ဃ) ဘဏ်လုပ်ငန်းလုပ်ကိုင်သော အစိုးရကိုယ်စားလုပ်ကိုင်သည့် အဖွဲ့အစည်း၊
(င) ဗဟိုဘဏ်က အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာ၍ ကင်းလွတ်ခွင့်ပေးသော ပုဂ္ဂိုလ်တစ်ဦးဦး။

၁၆၂။ မည်သည့်နိုင်ငံခြား ငွေရေးကြေးရေးအဖွဲ့အစည်းမျှ ဗဟိုဘဏ်က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်စားလှယ်ရုံးဖွင့်လှစ်တည်ထောင်ခြင်း မပြုရ။

၁၆၃။ မည်သူမျှ လိုင်စင်မရှိဘဲ အပ်နှံငွေလက်ခံသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၆၄။ မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် စာဖြင့် ကြိုတင်ခွင့်ပြုချက်မရှိဘဲ ငွေရေးကြေးရေး ကုမ္ပဏီလုပ်ငန်း၊ အငှားချထားသည့်လုပ်ငန်း၊ ကြွေးမြီများ ဝယ်ယူကောက်ခံသည့်လုပ်ငန်း၊ ချေးငွေတိုကင်လုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းစသည့် စကားရပ်ကို လည်းကောင်း၊ ထိုသို့သဘောသက်ရောက်သည့် ဖော်ပြချက်တစ်ခုခုကိုလည်းကောင်း အသုံးမပြုရ။

၁၆၅။ မည်သည့်ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မျှ ဗဟိုဘဏ်၏ စာဖြင့် ကြိုတင်ခွင့်ပြုချက်မရှိဘဲ ပြည်တွင်း သို့မဟုတ် ပြည်ပရှိပုဂ္ဂိုလ်တစ်ဦးဦးထံမှ အပ်နှံငွေရရှိရန် ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ သဘောတူစာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် သဘောတူစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခြင်းမပြုရ။

၁၆၆။ မည်သည့်ငွေရေးကြေးရေးအဖွဲ့အစည်းမျှ မိမိလုပ်ငန်းနှင့်စပ်လျဉ်း၍ လိမ်လည်ဖော်ပြခြင်း၊ လိမ်လည်ကြော်ငြာခြင်း မပြုရ။

၁၆၇။ လိုင်စင်ရရှိသူသည် မိမိ၏လိုင်စင်ကို အခြားသူအား လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

၁၆၈။ လိုင်စင်ရရှိသူသည် ဗဟိုဘဏ်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါ တစ်ခုခုကို မပြုလုပ်ရ-
(က) မိမိဘဏ်လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊
(ခ) အခြားဘဏ်၏ လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝယ်ယူခြင်း၊
(ဂ) အခြားဘဏ်တစ်ခုခုနှင့် ပူးပေါင်းခြင်း၊
(ဃ) နိုင်ငံခြားဘဏ်က မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝယ်ယူခြင်း၊
(င) နိုင်ငံခြားဘဏ်က မြန်မာနိုင်ငံရှိ ၎င်း၏ ဘဏ်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း။

၁၆၉။ မည်သည့် အီလက်ထရွန်နစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင် ထုတ်ဝေသူမဆို ဤဥပဒေ၏ ပြဋ္ဌာန်းချက်ကို သော်လည်းကောင်း၊ ဤဥပဒေပုဒ်မတစ်ခုခုအရ ထုတ်ပြန်သည့်စည်းမျဉ်းများကို သော်လည်းကောင်း ချိုးဖောက်ခြင်းမပြုရ။

၁၇၀။ မည်သည့် ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနမျှ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု ရယူသူ စည်းမျဉ်းများကို ချိုးဖောက်ခြင်းသော်လည်းကောင်း၊ ချေးငွေဆိုင်ရာ သတင်းအချက်အလက် အစီရင်ခံသည့်စနစ်အရ လိုအပ်သော ချေးငွေသတင်းအချက်အလက် အမှန်များကို ပေးရန်ပျက်ကွက်ခြင်း သော်လည်းကောင်း မပြုရ။

**အခန်း (၂၆)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၁၇၁။ မည်သူမဆို ပုဒ်မ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၂၊ ၁၆၃၊ ၁၆၇ နှင့် ၁၆၈ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် နှစ်နှစ်မှ ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်။

၁၇၂။ မည်သူမဆို ပုဒ်မ ၁၆၁၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၉ နှင့် ၁၇၀ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်သိန်း ၁၀၀ ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်။

၁၇၃။ (က) ဗဟိုဘဏ် ဥက္ကဋ္ဌသည် အစိုးရရှေ့နေ၏ စာဖြင့်ရေးသားသော သဘောတူညီချက်ဖြင့် ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သော စည်းမျဉ်းအရ ပြစ်မှုတစ်စုံတစ်ရာကို လူပုဂ္ဂိုလ်တစ်ဦးဦးက ကျူးလွန်ခဲ့သည်ဟု အကြောင်းအားလျော်စွာ သံသယရှိသူက ပြစ်မှုကို ဆက်လက်ကျူးလွန်သည့်ကိစ္စတွင် နေ့စဉ်ပေးရမည့် ဒဏ်ငွေရှိလျှင် ယင်းဒဏ်ငွေအပါအဝင် ဒဏ်ငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းထက်မပိုသော ပမာဏကို လက်ခံခြင်းဖြင့် သတ်မှတ်ထားသော အချိန်အတွင်း အမှုများကို ကျေအေးရန် ကမ်းလှမ်းနိုင်သည်။
(ခ) ပုဒ်မခွဲ (က) အရ ကမ်းလှမ်းချက်တစ်ရပ်ရပ်ကို ပြစ်မှုကျူးလွန်ပြီးနောက် မည်သည့်အချိန်တွင်မဆို ပြုလုပ်နိုင်သည့်အပြင် ကမ်းလှမ်းချက်တွင် သတ်မှတ်သည့်အချိန်အတွင်း သို့မဟုတ် ဗဟိုဘဏ် ဥက္ကဋ္ဌက တိုးမြှင့်ပေးသည့်အချိန်အတွင်း ကမ်းလှမ်းချက်ပါ ငွေပမာဏကို မပေးသည့်အခါ ပြစ်မှုအတွက် တရားစွဲဆိုမှုကို အချိန်မရွေးပြုလုပ်နိုင်သည်။
(ဂ) ပုဒ်မခွဲ (က) အရ ငွေပမာဏတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမှုနှင့် စပ်လျဉ်း၍ တရားစွဲဆို ဆောင်ရွက်ခြင်း မပြုစေရ။
(ဃ) ဤပုဒ်မပါ မည်သည့်အချက်ကမျှ ထပ်မံကျူးလွန်သော ပြစ်မှုတစ်စုံတစ်ရာကို ကျေအေးရန် အခွင့်အာဏာ မဖြစ်စေရ။
(င) ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုဘဏ်သို့ပေးရသည့် ဒဏ်ကြေးတစ်စုံတစ်ရာကို တစ်စုတစ်ပေါင်းတည်းပေးသွင်းရမည်။

၁၇၄။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန်ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

**အခန်း (၂၇)**
**အထွေထွေ**

၁၇၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အထူးကုမ္ပဏီအက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ကွဲလွဲပါက ဤဥပဒေပါပြဋ္ဌာန်းချက်များအရသာ လိုက်နာဆောင်ရွက်ရမည်။

၁၇၆။ ဤဥပဒေဖြင့်ရုပ်သိမ်းသည့် ဥပဒေအရ လိုင်စင်ထုတ်ပေးခဲ့သော ဘဏ်သည် ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့ရက်မှ ခြောက်လအတွင်း ယင်း၏ ဘဏ်လိုင်စင်ကို ဗဟိုဘဏ်သို့ ပြန်လည်အပ်နှံရမည်။ ဗဟိုဘဏ်သည် လိုင်စင်ပြန်လည် အပ်နှံသောဘဏ်များသို့ ဤဥပဒေ ပုဒ်မ ၁၁ အရ လိုင်စင်အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးရမည်။

၁၇၇။ ဤဥပဒေအာဏာသက်ရောက်သည့်နေ့တွင် ဘဏ်သည် အစုရှယ်ယာဝင်များ၏ စာရင်းတစ်ရပ်နှင့် အရေးပါသော ပိုင်ဆိုင်မှုတစ်ရပ်ကို ပိုင်ဆိုင်သူအသီးသီးအတွက် အကျိုးခံစားခွင့်ရှိသူနှင့်ယင်းတို့၏ ပိုင်ရှင်များဆိုင်ရာ အခြားသော သတင်းအချက်အလက်၊ အသေးစိတ်အနေဖြင့် ဗဟိုဘဏ်၏ တောင်းဆိုမှုအတိုင်း ဤဥပဒေအာဏာသက်ရောက်သောနေ့မှ တစ်နှစ်အတွင်း ဗဟိုဘဏ်သို့ ပေးပို့ရမည်။

၁၇၈။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ဥပဒေအရ ဗဟိုဘဏ်၏ ဆောင်ရွက်ချက်အားလုံးသည် ဤဥပဒေ နှင့်မဆန့်ကျင်ပါက ဗဟိုဘဏ်မှ အတိအလင်း ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းမပြုလျှင် ဆက်လက်အတည်ဖြစ်သည်။

၁၇၉။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာနှင့် လုပ်ထုံး လုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၈၀။ လိုင်စင်သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်တစ်ရပ်အတွက်ဖြစ်စေ၊ အခြားမည်သည့် ကိစ္စအတွက်ဖြစ်စေ လျှောက်ထားချက်တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ဥပဒေအရ ဗဟိုဘဏ်သို့ တင်သွင်းသည့် အယူခံတစ်ရပ်ရပ်နှင့် အကျိုးသက်ဆိုင်သည့်နေ့မတိုင်မီ အနီးကပ်ဆုံးဖြစ်သော ဆောင်ရွက်ဆဲကိစ္စရပ်များသည် ဤဥပဒေနှင့်လိုက်လျောညီထွေဖြစ်သည့် ပြဋ္ဌာန်းချက်ဖြစ်လျှင် ယင်းပြဋ္ဌာန်းချက်အရ ပြုလုပ်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ဤဥပဒေနှင့် ဆန့်ကျင်ပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ယင်းကိစ္စရပ်များအားလုံးပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၁၈၁။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ လိုင်စင်ရသူတစ်ဦးက ၎င်းဥပဒေနှင့်အညီ ဘဏ်စာရင်း ဖွင့်ထားသူတစ်ဦးဦး သို့မဟုတ် အခြားဆက်သွယ်ဆောင်ရွက်သူ၊ မြီစား၊ မြီရှင် သို့မဟုတ် အခြားသူတို့နှင့် ဥပဒေအရချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ်များ၊ ဆက်သွယ်ရောင်းဝယ်မှုများ အားလုံးနှင့် ဥပဒေအရ ပြုလုပ်ခဲ့သော စီးပွားရေးလုပ်ငန်းများအားလုံးကို ဤဥပဒေနှင့်အညီ တရားဝင်ပြုလုပ်ချုပ်ဆိုခဲ့သည်ဟု မှတ်ယူရမည့်အပြင် အလားတူအကျိုးသက်ရောက်သည့်နေ့မတိုင်မီ အနီးကပ်ဆုံး တည်ဆဲဖြစ်သည့် အဆိုပါရောင်းဝယ်မှုများနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အရ အခွင့်အရေး သို့မဟုတ် တာဝန်ရှိမှုတစ်ခုခုကိုလည်း ဤဥပဒေအရ ဆက်လက် တရားဝင်အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၈၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၈၃။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်သော တာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သူကို ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း အရေးယူခြင်းမပြုရ။
(ခ) ဗဟိုဘဏ်၏ တာဝန်ပေးချက်အရ ဆောင်ရွက်သူတစ်ဦးသည် တရားစွဲဆိုခံရပါက ယင်းသို့ တရားစွဲဆိုခံရခြင်းအတွက် ခုခံချေပရန် ကုန်ကျစရိတ်များကို ဗဟိုဘဏ်က ကျခံရမည်။

၁၈၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုဘဏ်သည် လိုအပ်သော စည်းမျဉ်းနှင့်စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၈၅။ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၆/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခၤါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ကျုံးလမ်း ကဗျာလွတ်

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

ဒေါ်ဩဘာသောင်းသည် ကဗျာလွတ်ကကွက်များကို တီထွင်ရာတွင် စည်းစနစ်ဖြင့် စနစ်တကျ တီထွင်ခဲ့ခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ပန်တျာတွင် သင်ရိုးညွှန်းတမ်းအဖြစ် သင်ကြားရန် တီထွင်ခဲ့ခြင်းကြောင့် အခြေခံမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် နက်နဲခက်ခဲမှုကို မြှင့်တင်ထားခြင်းဖြစ်သည်။ တစ်ဆင့်စီတွင်ရှိသောကကွက် ၂၅ ကွက်စီကို လေ့လာကြည့်သောအခါ ပထမအဆင့်တွင် 'ခေါင်း ခါး ခြေ လက် ဤလေးချက် မပျက်မူရင်း ထိုကခြင်း' ဟူသော သီတန်အတိုင်း စည်းစနစ်ကျန ခွင်ထားမှန်ကန်စွာ ကခွင်ခင်းပြီး အဆုတ်အတက် အလှည့်အပြောင်း အခြေခံများပါဝင်၏။

ဒုတိယအဆင့် ၂၅ ကွက်သည် ပညာရှင်များ တတ်ထားသင့် တတ်ထားထိုက်သည့် အရုပ်ကြိုးကကွက်များပါဝင်၏။ တတိယအဆင့်က အငြိမ့်မင်းသမီး၊ ဇာတ်မင်းသမီး ကကြိုးများဖြစ်သည်။ သွက်သွက်လက်လက်ဖြင့်ကရသော အဝှေ့အဝိုက်၊ အထိုင်အထ၊ အလူးအလိမ့်၊ အမြူးအကြွ ကကြိုးများဖြစ်သည်။

စတုတ္ထအဆင့်ကမူ ပြီးခဲ့သည့်အဆင့်သုံးဆင့်တွင် ပါဝင်သော ကကြိုးကကွက်များကို ဖြည့်ဆည်း အမွမ်းတင်ထားကာ ဟန်များ၊ မင်မောင်းများထည့်ထားပြီး စည်းလေးကြီးများတွင် ဟန်ထည့်ကရသည့် အလေးအနက် ကကြိုးကြီးများဖြစ်သည်။ သူကိုယ်တိုင် အငြိမ့်မင်းသမီးဘဝမှာ ကပြခဲ့သော အရုပ်ပုတီးခတ် ကကွက်များလည်း အသားပေးထည့်သွင်းခဲ့သည်။

ပဥ္စမအဆင့်မှာမူ မြန်မာအကတွင် မပါမဖြစ်သော ရှေးရိုးတစ်ပင်တိုင်အကခေါ် ယိုးဒယားအကကို ပုတီးခတ်အကများဖြင့် ထည့်သွင်းထားခြင်းဖြစ်၏။ ထိုကကြိုး ၁၂၅ မျိုးသည် မြန်မာအကနယ်ပယ်မှာ အဓိကကျသော ကကြိုးကကွက်များ စုံစုံလင်လင်ကကြိုးပါဝင်၏။ စည်းဝါးကလည်း ဝါးလတ်စည်း၊ စည်းသုံးချက်၊ ဝါးသုံးချက်၊ ကပြချိန်ဆယ်မိနစ် အတိအကျရှိသည်။ နရီစည်းအစိပ်အကျဲ. . .၊ စည်းအလေးများပါဝင်သည်။

ထို့ကြောင့် ကဗျာလွတ်ကကွက်ကိုသာ ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လျှင် မည်သည့် မြန်မာကကြိုးမဆို လွယ်လင့်တကူ ကပြနိုင်သည်။ မည်သည့် မြန်မာသီချင်း၊ တေးသွား၊ သံစဉ်တွင်မဆို ဝင်ရောက်ကပြနိုင်သည်။

တကယ်တော့ ကဗျာလွတ်သည် မြန်မာအကဗေဒ ဖြစ်၏။ သူ၏ ထူးခြားမှုတစ်ခုကလည်း ဒိုးဆရာ၊ စည်း၊ ဝါးနှင့် ကပြသူ သုံးဦးဖြင့်လည်း ကပြနိုင်သလို. . . လူပေါင်းရာချီ၊ ထောင်ချီ၍လည်း ကပြနိုင်သည်။

ဒေါ်ဩဘာသောင်းသည် ကဗျာလွတ်ကကွက်များကို တီထွင်ခြင်းဆိုသည်ထက် 'ဆန်းသစ်ခြင်းဖြင့် တီထွင်သည်'ဟု ဆိုရမည်။ ရှိနေသော ကကြိုးကကွက်များကို စုစည်းခြင်း၊ စုစည်းပြီးကကွက်များ ဆီလျော်အောင် အစီအစဉ်ပြုခြင်း၊ စည်းစနစ်မကျခဲ့သည်ကို စနစ်ကျစေခြင်း၊ မလှမပသည်ကို လှပအချိုးကျစေခြင်း၊ ပိုသည်နုတ်၊ လိုသည်ဖြည့်ခြင်းနှင့်အတူ နိုင်ငံတကာ အကများကိုလည်း မြန်မာမှုပြု ဆန်းသစ်ခြင်းတို့ ပါဝင်လေသည်။

ကဗျာလွတ်ကကွက်များကို ဒေါ်ဩဘာသောင်းသည် စတုတ္ထအဆင့်နှင့် ပဥ္စမအဆင့်များ တီထွင်ပြီးချိန်၌ ၁၉၆၇ ခုနှစ် ဇွန်လ ၁၉ ရက် ရောက်သောအခါ ပြည်ထောင်စုယဉ်ကျေးမှုကောင်စီက. . .

"မြန်မာ့အနုပညာလောကတွင် အသက်အရွယ်ကြီးရင့်သူ ပညာရှင်များ၏ အနုပညာသည်များကို နောင်အခါ တိမ်ကောပပျောက်သွားခြင်း မဖြစ်စေရန်အတွက် ၎င်းတို့ထံမှ လေ့လာသင်ယူ ထိန်းသိမ်းခြင်း၊ တစ်ဆင့် ဖြန့်ဖြူးသင်ကြားပေးခြင်းတို့ ပြုလုပ်ဆောင်ရွက်ရန်နှင့် ထိုလုပ်ငန်းကို အကောင်အထည်ဖော်ရန်အတွက် မြန်မာ့သဘင်လောကတွင် ထင်ရှားကျော်ကြား၍ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော မန္တလေးမြို့ အနုပညာပန်တျာနှင့် အကကျောင်းမှ အငြိမ်းစားအကနည်းပြ ဆရာမကြီး ဒေါ်ဩဘာသောင်း၏ အခြေခံကကြိုး ကကွက်များမှအစ ကနည်းကဟန်အမျိုးမျိုးတို့ကို ရုပ်ရှင်ရုပ်သေတို့ဖြင့် ရိုက်ကူးမှတ်တမ်းတင်၍" ဟုဆိုကာ ရန်ကုန်မြို့ ယဉ်ကျေးမှု ရိပ်မြုံတွင် ဆရာမကြီး ဒေါ်ဩဘာသောင်းနှင့်အတူ နောက်ဆုံးတပည့် ခင်ဝင်းနွယ်တို့ကို ခေါ်ယူပြီး ပန်းချီ၊ ဓာတ်ပုံတို့ဖြင့် မှတ်တမ်းတင်ခဲ့သည်။ ကကွက်တစ်ကွက်ချင်းကို မြင်ကွင်းအမျိုးမျိုးမှ ဓာတ်ပုံဖြင့် စနစ်တကျ



မှတ်တမ်းတင်၏။ ပန်းချီစကကွက်ချ်ဖြင့် မှတ်တမ်းတင်၏။ ဓာတ်ပုံအရေအတွက်ပေါင်း ၄၇၄၃ ပုံ၊ စကက်ချ် အရေအတွက်ပေါင်း ၁၆၁၇ ပုံ ရှိခဲ့သည်။ ရုပ်ရှင်ဖလင်ကော်ပြားဖြင့်လည်း စမ်းသပ်မှတ်တမ်းတင်ပြီးပြီဟု သိရ၏။

၁၉၆၇ ခုနှစ် ဧပြီလမှစတင်ခဲ့သော ဤလုပ်ငန်းသည် ၁၉၇၁ ခုနှစ် ဇွန်လတွင် ခေတ္တရပ်နားခဲ့လေသည်။ ဤကာလအတောအတွင်းတွင် ၁၉၆၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင်မူ ရန်ကုန်မြို့၌ မှတ်တမ်းတင်ခဲ့ခြင်းလုပ်ငန်းကို မန္တလေးမြို့ အနုပညာပန်တျာနှင့်အကကျောင်း၌ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ဒေါ်ဩဘာသောင်း၏ ကဗျာလွတ်များကို မှတ်တမ်းတင်ခြင်းလုပ်ငန်းသည် ပြီးစီး၍ ရပ်သွားခြင်းလား၊ မပြီးစီးဘဲရပ်သွားခြင်းလား စဉ်းစားဖွယ်ဖြစ်သည်။

၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် 'ဒေါ်ဩဘာသောင်း၏ ကဗျာလွတ်ကကွက်များ ပထမဆင့်' စာအုပ်ထွက်ပေါ်လာသည်ကို တွေ့ရ၏။ ဓာတ်ပုံပေါင်း ၁၅၀ ကျော်၊ ပုံကြမ်း ၈၀ ကျော်နှင့်အတူ ဒိုးတီးကွက်များကိုလည်း ကမ္ဘာ့သင်္ကေတများဖြင့် ပြုစုဖော်ပြထားသည်။ ယင်းစာအုပ်သည် ကိုးနှစ်ကျော်ကြာမှထုတ်ဝေခြင်းဖြစ်သော်လည်း မှတ်တမ်းမှတ်ရာများ ပြန်လည်စုစည်းရခြင်းကြောင့် ဖြစ်ပုံရသည်။ အမှားအယွင်းအတိမ်းအစောင်းများစွာပါသည်ဟု ကြားဖူးပါသည်။

ကျွန်တော်သည် အရှေ့ကျုံးလမ်းပေါ်မှ ပန်တျာကျောင်းဆီ လှမ်းမျှော်ကြည့်နေမိသည်။ အခုတော့ ပန်တျာ ကျောင်းသည် သစ်လွင်ခံ့ညားသော အဆောက်အအုံကြီးများဖြင့်ဝင့်ထည်လျက်ရှိ၏။ ငယ်စဉ်ကရောက်ဖူးသော ပန်တျာကျောင်းဝင်းနှင့် ဘာမှမဆိုင်တော့. . . ပန်တျာ ကျောင်းဝင်းကြီးကိုငေးကြည့်မိရင်း ကဗျာလွတ် ဗုံသံလေးများကို ကြားယောင်နေမိသည်။ သျှောင်ပေစူးနှင့် ကျောင်းသူလေးများအလယ် အသားတော်ညိုပြာညက်နှင့် 'ပုတက်တက် မဲနက်ညိုပြာရောင်' ဆရာမကြီး ဒေါ်ဩဘာသောင်းကိုလည်း မြင်ယောင်နေမိသည်။

နှစ်စဉ်ကြည့်ရှုခဲ့ရသော ကျောင်းဆင်းပွဲပဒေသာအကများလည်း သတိရနေမိသည်။ 'ဇာမဏီမို့. . . ထူးထူးခြားခြား နတ်မြင်းပျံတဲ့ဟေ့ မြူးကြွားကြွား. . .'ဟုဆိုကာ မြင်းခေါင်းလေးတွေ ခါးပုံမှာချိတ်ပြီး နှင်တံလေးတွေ ဝင့်ကာဝင့်ကာနှင့် ပြေးလွှားကပြနေသော မင်းသားလေးများကို သဘောကျသည်။ မြိုင်ကြီးဟေမာယိုးဒယားဖြင့် ယိမ်းကကြသောကျောင်းသူလေးတွေ. . .။ ကျောင်းသားနှင့် ကျောင်းသူလေး၏ 'ပန်းမြိုင်ခြေစခန်းမှာလှ' အစချီ မြိုင်ထအကများကိုလည်း နှစ်သက်ခဲ့သည်။

ကလေးဘဝက မိဘများရင်ခွင်မှနေ၍ ကြည့်ခဲ့ရသော ကျောင်းဆင်းပွဲများမှ ကျောင်းသူလေးများသည် ကျွန်တော်တို့ လူပျိုပေါက်အရွယ်ရောက်သောအခါ မန္တလေးအငြိမ့်စင်များ၌ နာမည်ကျော် မင်းသမီးကြီးတွေဖြစ်ကုန် ကြတော့၏။ ဘဲလေးကြည်တဲ့. . .၊ ကြူကြူမော်တဲ့. . .၊ ပြုံးချိုတဲ့. . .၊ ပန်တျာနွဲ့နွဲ့သန်းတဲ့. . .၊ မြတ်မွန်စန်း . . . တဲ့။

ထိုစဉ်က ယခုအမျိုးသားဇာတ်ရုံကြီး တည်ဆောက်ထားသောနေရာသည် မြက်တောများပြိုင်းပြိုင်းထနေသည့် ကွက်လပ်ကြီးဖြစ်၏။ ၁၉၈၀ ဝန်းကျင်ကာလများ. . .။ နောင်နှစ်နှစ်ကြာလျှင် နေမျိုးဗလကျော်သူဘွဲ့ရ ရွှာစားကြီးစိန်ဗေဒါ နှစ်တစ်ရာပြည့်ပြီတဲ့. . .။ ရွာစားကြီးစိန်ဗေဒါသည် ဆိုင်းမျိုးရိုးဖြစ်၏။ ရွှေဘုရင်လက်ထက်တော်က အတွင်းတော်တီး လက်ယာစိန်ဆိုင်းအမှုထမ်း ဆီဆုံရွာစား "နေမျိုးကျော်ခေါင်" ဘွဲ့ရ ဆရာဖေကြီး၏ သားဖြစ်သည်။

စိန်ဆိုင်းဆိုသည်မှာ အတော်ဆုံးဆိုင်းဆရာကိုသာ ရှင်ဘုရင်တီးခွင့်ပြုသည့် ဆိုင်းဝိုင်းဖြစ်၏။ ဆိုင်းဝိုင်းကြီးတွင် မှန်စီရွှေချများ၌ အခြားအရောင်များကို မစီခြယ်စေဘဲ အဖြူရောင်ချည်း စီခြယ်ထားခြင်းဖြစ်သည်ဆို၏။ ထိုစဉ်က အတွင်းတော်တီး ဆိုင်းသုံးမျိုးသုံးစားမှာ စိန်ဆိုင်း၊ မြဆိုင်း၊ ပတ္တမြားဆိုင်းဖြစ်သည်။ စိန်ဆိုင်းက ဘုရင့်ရှေ့တော်တီးဆိုင်းဖြစ်သည်။ မြဆိုင်းက မိဖုရား ရှေ့တော်တီးဆိုင်းဖြစ်ကာ ပတ္တမြားဆိုင်းက အိမ်ရှေ့မင်း ရှေ့တော်တီးဆိုင်းဖြစ်သည်ဟု မှတ်သားရသည်။ စိန်ဆိုင်းကို မှန်အဖြူများနှင့် ချည်းခြယ်သလို၊ မြဆိုင်းကိုလည်း မှန်အစိမ်းရောင်များချည်း ခြယ်သရ၏။ ထို့အတူ ပတ္တမြားဆိုင်းကိုလည်း မှန်အနီများနှင့်ချည်း ခြယ်သရသည်ဟုဆို၏။

အတွင်းတော်တီး ဘုရင့်ဆိုင်းကို ဘုရင်က မြှောက်စားလျှင် ဆိုင်းဝိုင်းကြီးတွင် ဆိုင်းဘယ်နှချက် တပ်ဆင်စေ၊ အလံဘယ် နှလက်ထိုးစေ၊ ဖန်အိုးဘယ်နှလုံး စိုက်စေဟုဆိုကာ ဆိုင်းတော်၏အဆောင်အယောင်များအဖြစ် ချီးမြှင့်ခွင့်ပြုခဲ့သည်။ စိန်ဆိုင်းမျိုးနွယ် ဦးဗေဒါသည်ကား ထိုခေတ်က ပြိုင်စံရှားဆိုင်းဆရာကြီးဖြစ်၏။ ရွာစားကြီးစိန်ဗေဒါသည် ၁၉၄၂ ခုနှစ်က ကွယ်လွန်ခဲ့လေသည်။

မန္တလေးတွင် ဆိုင်းဘုရားဟု သမုတ်ကြသော မြန်မာ့ဆိုင်းဝိဇ္ဇာကြီး စိန်ဗေဒါ ကွယ်လွန်အနှစ်စရောက်ပြီးနောက် မန္တလေးအနုပညာရှင်များက မန္တလေးတွင် ရွှာစားကြီးစိန်ဗေဒါကြေးရုပ်ရှိသင့်သည်ဟု သဘောရကြ၏။ ထို့ကြောင့် ရွာစားကြီး၏ဇနီး ဒေါ်စိန်မေနှင့်တကွ ဆရာ၏ တပည့်သားမြေးများ လူထုဦးလှ၊ လူထုဒေါ်အမာဦးဆောင်သော မန္တလေးစာပေအနုပညာရှင်များ၊ မန္တလေးမြို့သူမြို့သားများ ဝိုင်းဝန်းကြပြီးနောက်

***စာမျက်နှာ ၁၉ သို့***

# ကျေးလက်ဒေသများတွင် လောင်စာထင်း ရှားပါး၍ အခက်တွေ့နေ

**ရေတာရှည် ဇန်နဝါရီ ၂**

သစ်တောများပြုန်းတီးမှုပမာဏ မြင့်တက်လာခြင်းနှင့်အတူ ကျေးလက်ဒေသများတွင် လောင်စာထင်းပိုမိုရှားပါးလာကြောင်း သိရသည်။ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း သစ်တောကြိုးဝိုင်းဒေသ အများအပြားရှိသော်လည်း ပုဂ္ဂလိကသစ်တောများထူထောင်ခြင်းနှင့် အလွန်အကျွံသစ်ခုတ်ယူခြင်းတို့ကြောင့် လောင်စာထင်းရရှိနိုင်မှုနည်းပါးကာ ကျေးရွာများရှိ အရိပ်ရသစ်ပင်များကိုလှဲ၍ သုံးစွဲမှုလည်း မြင့်တက်လာနေသည်ကို တွေ့ရသည်။ မိုးရာသီကာလနှင့် တပေါင်း၊ တန်ခူးလများတွင် အလှူမင်္ဂလာပွဲများအတွက် ထင်းများစုဆောင်းခုတ်ယူလျက်ရှိရာ အနီးအနားတွင်ရရှိနိုင်ခြင်းမရှိဘဲ သစ်တောများအတွင်းသို့ တစ်ညအိပ်နှစ်ရက်ခရီးကို လှည်းဖြင့်သွားလာကြရကြောင်း သိရသည်။

“သစ်ပင်ကြီးတာတွေမရှိတော့ အပင်ပေါက်တွေကိုခုတ်တယ်။ အပင်ပေါက်တွေခုတ်တော့ တောပြုန်းတာမြန်တာပေါ့”ဟု သစ်တောကြိုးဝိုင်းဒေသခံတစ်ဦးကပြောသည်။ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်တွင် နေထိုင်ကြသည့် ကျေးရွာများသည် ပြောင်းစိုက်ခင်းများမှရရှိသည့် ပြောင်းဖူးရိုး၊ ပြောင်းဖူးအူတိုင်များကို အခြောက်လှန်း၍ ထင်းအဖြစ်စုဆောင်းထားကြပြီး ကာလရှည်အခက်အခဲအတွက် တစ်အုပ်တစ်မသစ်တောစိုက်ခင်းများ ပိုမိုထူထောင်သင့်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**



သစ်တောများအတွင်းမှ လောင်စာထင်းများ လှည်းများဖြင့် သယ်ယူလာစဉ်။

## သတင်းတိုများ

### အဋ္ဌမအကြိမ် သုဓမ္မာနိကာယ ရှစ်မြို့နယ် ဝိနည်းစာပြန်ပွဲကြီးကျင်းပမည်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် အဋ္ဌမအကြိမ်မြောက် သုဓမ္မာနိကာယ ရှစ်မြို့နယ် ဝိနည်းစာပြန်ပွဲကြီးကို ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ မဟာအတုလဝေယံ သာသနဒ္ဓဇမာန်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာပြန်ပွဲကြီးကို ၁၃၂၇ ခုနှစ် (၁၉၆၅) ခုနှစ်တွင် ကျောက်တန်းမြို့နယ်မှစတင်၍ တစ်နှစ်တစ်ကြိမ်ကျင်းပလာရာ ယခုနှစ်တွင် အဋ္ဌမအကြိမ်မြောက် ကျင်းပတော့မည်ဖြစ်ကြောင်း၊ စာပြန်သံဃာတော်များအနေဖြင့် တစ်စောင်ပြန်သံဃာ ၁၉၇ ပါး၊ နှစ်စောင်ပြန်သံဃာ ၈၅ ပါး၊ သုံးစောင်ပြန်သံဃာ ၁၀ ပါး၊ ငါးစောင်ပြန်သံဃာ ၁၁ပါး စုစုပေါင်းစာပြန် သံဃာ ၄၅၂ ပါး ပြန်ဆိုတော်မူမည်ဖြစ်ကြောင်း မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသူရိန်မြင့်ထံမှ သိရသည်။ **(ဝ၂၈)**

### ရတနာပုံတက္ကသိုလ်တွင် စုပေါင်းအမှိုက်ကောက်

ရတနာပုံတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများစုပေါင်း၍ ကျောင်းသန့်ရှင်းသာယာလှပစေရန်အတွက် စုပေါင်းအမှိုက်ကောက်ပွဲကို ဇန်နဝါရီလနောက်ဆုံးပတ်က အဆိုပါတက္ကသိုလ်အတွင်း၌ ကျင်းပခဲ့သည်။ အဆိုပါအမှိုက်ကောက်ပွဲတွင် ပါဝင် ဆင်နွှဲခဲ့သူများအား ထွန်းဦးစာပေက သုတ၊ ရသစာအုပ်များ လှူဒါန်းခဲ့ပြီး စုပေါင်းအမှိုက်ကောက်ပွဲကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### စလင်းမြို့၌ ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချ

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင် ၃၇ ခုရှိသည့်အနက် သားသတ်လိုင်စင်များကို သက်တမ်းတိုးစနစ်ဖြင့် ရောင်းချခဲ့ပြီး အခွင့်အရေးလိုင်စင် ၂၃ ခုကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ငွေကျပ် ၃၂၀၈၀၀၀၀၀ ဖြင့် ရောင်းချနိုင်ခဲ့ပြီး ယမန်နှစ်ထက် လေလံကြေး ပိုမိုရရှိခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

### မင်းတပ်မြို့နယ် မကြန့်ရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဖွင့်

ကျေးလက်နေပြည်သူများ လူမှုဘဝဖူလုံစေပြီး မိမိကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်ခြင်းဖြင့် ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို မင်းတပ်မြို့နယ် လေးကောင်းအုပ်စု မကြန့်ကျေးရွာတွင် ဇန်နဝါရီလနောက်ဆုံးပတ်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၃၃ ဦးကို ၁၅ ရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ရပ်စောက်မြို့ အင်းခေါင်းကန်အတွင်း ငါးမျိုးများစိုက်ထည့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ အင်းခေါင်းကန်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က အဆိုပါကန်ထိပ်ဦးတွင် ကျင်းပသည်။ အဆိုပါ ငါးလွှတ်ပွဲတွင် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကန်အတွင်းသို့ မြက်စားငါးကြင်းကောင်ရေ ၂၀၀၀၀ နှင့် ထိုင်းငါးခုံးမကောင်ရေ ၂၀၀၀၀ တို့ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သုံးခွမြို့နယ်တွင် ပဲတီစိမ်းအသစ်များ ဈေးကွက်အတွင်း စတင်ရောက်ရှိ

**သုံးခွ ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ပဲဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်ပေါက်ဈေးမှာ တစ်တင်း (ပိဿာ ၂၀) လျှင် ငွေကျပ် ၄၃၀၀၀ ဖြစ်ကြောင်း သိရသည်။



ယမန်နှစ်က စတင်ပေါ်ခါစက ငွေကျပ် ၃၈၀၀၀ ဖြစ်သဖြင့် ယခုနှစ်ပေါက်ဈေးမှာ ယမန်နှစ်က ဈေးနှုန်းထက် မြင့်မားကြောင်း သိရသည်။ ဈေးကွက်အတွင်း စတင်ဝင်ရောက်ခါစဖြစ်သည့်အတွက် ဈေးနှုန်းက တည်ငြိမ်မှုမရှိသေးကြောင်း၊ လှိုင်လှိုင်ပေါ်ပါက ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

ပဲတီစိမ်းမှာ စိုက်ပျိုးချိန်မှ ထွက်ရှိ ချိန်အထိ နှစ်လခွဲကြာမြင့်ကြောင်း သိရပြီး ယခုနှစ်တွင် ရာသီဥတုကောင်းသဖြင့် အထွက်နှုန်းကောင်းမွန်မည်ဟု သိရသည်။

သုံးခွမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၆၅ အုပ်စု၊ ဆောင်းသီးနှံ ပဲတီစိမ်းစိုက် ဧက ၁၃၀၄၃၀၊ ပဲလွန်းစိုက်ဧက ၃၇၀ စုစုပေါင်း ပဲမျိုးစုံစိုက်ဧက ၁၃၀၈၀၀ စိုက်ပျိုးထားကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## မြစိမ်းရောင် ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေး

**ကျိုက်ထို ဖေဖော်ဝါရီ ၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလနောက်ဆုံးပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။ **ဝေဝေ**

*စာမျက်နှာ ၁၈ မှ*

စိန်ပေဒါကြီး ကြေးရုပ်သွန်းလုပ်ရန် ၁၉၆၈ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့ကြလေသည်။ ကြေးရုပ်ကြီးအတွက် လိုအပ်သော ဘဏ္ဍာရေးငွေကြေးများကို စိန်ပေဒါကြီး၏ တပည့်သားမြေးများက အားတက်သရော ထည့်ဝင်ကြသလို အငြိမ့်အဖွဲ့များ၊ ဇာတ်အဖွဲ့များကလည်း ထည့်ဝင်ကြသည်။ ထိုစဉ်က မန္တလေးနှင့် နှစ်ကိုယ့်တစ်စိတ်နေခဲ့သော ရုပ်ရှင်မင်းသား ဝင်းဦးကလည်း ထည့်ဝင်ခဲ့သည်။ မန္တလေးမြို့မိမြို့ဖများကလည်း ထည့်ဝင်ကြသည်။ ရန်ကုန်ဇာတ်အဖွဲ့၊ သဘင်အဖွဲ့များကလည်း ထည့်ဝင်ကြသည်။

ကြေးရုပ်တုကြီး သွန်းလုပ်ရန်ကိုမူ တမ္ပဝတီရပ်ရှိ ပန်းပုဆရာကြီး ဦးကျော်ငြိမ်းထံ အပ်နှံခဲ့ကြသည်ဟု သိရ၏။ ဆရာကြီး ကိုကျော်ငြိမ်းကား ထိုစဉ်က မန္တလေးပန်တျာနှင့် ပန်းချီပန်းပုကျောင်းတွင် ပန်းပုနည်းပြဆရာကြီးဖြစ်သည်။ သူ့သားကား ယနေ့မှာ နာမည်ကျော် မြန်မာဗိသုကာနှင့် ပန်းချီပန်းပုဆရာကြီး ဦးဝင်းမောင် (တမ္ပဝတီ) ဖြစ်သည်။ ဦးကျော်ငြိမ်း၏ ဖခင်ကား ပန်းပုဆရာကြီး ဦးဒေါနဖြစ်၏။

စိန်ပေဒါကြီးကြေးရုပ်မှာ ထိုစဉ်က သွန်းလုပ်လေ့ရှိကြသော ကြေးရုပ်များနှင့်မတူဘဲ တစ်မူထူးသည်။ ကိုယ်တစ်ပိုင်းပုံ ကြေးရုပ်ကြီးဖြစ်၏။ ထို့ပြင် ခေါင်းပွသွန်းလုပ်ခြင်းမဟုတ်ဘဲ အပိတ်အပြည့်သွန်းခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတည်သရွေ့ တည်နေပေမည်။ ကြေးရုပ်ကြီးကို ဆရာဦးကျော်ငြိမ်းနှင့် သားကိုဝင်းမောင်(တမ္ပဝတီ)တို့က ပုံစံငယ် ဖယောင်းပုံ ထုလုပ်ပြီးနောက် ဒေါ်စိန်မေနှင့်တကွ လူထုဦးလှ၊ လူထုဒေါ်အမာတို့ အပါအဝင် ကြေးရုပ်သွန်းလောင်းရေးကော်မတီဝင်များကို ပြသသည်။ ပုံစံငယ်ကတည်းက အားလုံးကနှစ်သက်နေ၏။ ရွာစားကြီးဇနီး ဒေါ်စိန်မေသည် ထိုစဉ်က အမြင်အာရုံချို့ယွင်းစပြုနေသော်လည်း ကြေးရုပ်ကြီး၏ မျက်နှာကို လက်ဖြင့်ပွတ်သပ်စမ်းကြည့်ရင်း တူလွန်းလို့ဟုဆိုကာ မျက်ရည်တွေတွေကျသည်ဟု ကြားဖူးပါသည်။

ပုံစံငယ်အတိုင်း သတ်မှတ်ထားသည့်အရွယ် ကြေးရုပ်ကြီးသွန်းလောင်းသည်။ ပြီးသောအခါတွင်လည်း ဒေါ်စိန်မေသည် ကြေးရုပ်ကြီးမျက်နှာကို ပွတ်သပ်ကြည့်ကာ ပီတိဖြစ်နေသည် ဆို၏။

ကြေးရုပ်ကြီး သွန်လောင်းပြီးသောအခါ လိုက်ဖက်သော ခုံညားသည့် အောက်ခံခုံဒီဇိုင်းကိုလည်း ဗိသုကာဦးကျော်လတ်က တစ်ပါတည်း ရေးဆွဲပေးသည်။ ထိုခုံကြီးကား မန္တလေးမြို့ မြောက်ဘက် စကျင်တောင်မှ ထွက်သော နာမည်ကျော် စကျင်ကျောက်တုံးကြီးတစ်တုံးတည်းကို ထုလုပ်ပုံလောင်းထားသော ခုံကြီးဖြစ်သည်။ ထို့နောက် ကြေးရုပ်ကြီး စိုက်ထူမည့်နေရာကို ရွေးချယ်ကြသည်။ အားလုံးသဘောတူကြသည်။ အရှေ့ ကျုံးလမ်းနံဘေး ပန်တျာကျောင်းဝင်းကြီးအတွင်း၌ပင် ဖြစ်၏။

မြက်တောကြီးဖြစ်နေသော ကွင်းပြင်ကြီးတွင် ရင်ပြင်ကြီးပြုလုပ်ပြီး ကြေးရုပ်ကြီးစိုက်ထူလိုက်ရလျှင် အလွန်အဆင်ပြေလှပေသည်။ အနောက်ဘက် နန်းမြို့ကြီးဆီ လှမ်း၍ကြည့်နေသော ရွာစားကြီးသည် အတွင်းတော်တီး စိန်ဆိုင်းအမှုထမ်း ဆရာဖေကြီးကို လှမ်းဆွတ်နေသလော. . .။

သို့တည်းမဟုတ် နေမျိုးဗလကျော်သူဘွဲ့ ချီးမြှင့်ပေးသနားသည့် ရတနာဂီရိလွှန် အရှင်နှစ်ပါးကို သတိရနေသလော. . .မသိ. . .။

အားလုံးက ထိုနေရာကို သဘောကျကြသောအခါ ကြေးရုပ်နောက်ခံနှင့် ပတ်ဝန်းကျင်အနေအထားများကို ဗိသုကာဦးကျော်လတ်က အသေးစိတ်ရေးဆွဲစီစဉ်ပေးထား၏။ ထို့ကြောင့် ၁၉၈၂ ခု ဒီဇင်ဘာလ (၁၆)ရက်နေ့တွင် စိန်ပေဒါကြီး နှစ် (၁၀၀) ပြည့်မွေးနေ့အဖြစ် ပန်တျာကျောင်းဝင်းကြီးအတွင်း သတ်မှတ်နေရာတွင် ကြေးရုပ်စိုက်ထူကာ ဖွင့်ပွဲကြီး ဝှဲချီးကျင်းပကြသည်။ ကြေးရုပ်နောက်ခံစင်မြင့်ကို ရေးဆွဲထားသည့်ပုံစံအတိုင်း မတည်ဆောက်ရသေးသောကြောင့် သုံးထပ်သားများဖြင့် ယာယီတည်ဆောက်ထား၏။

ကြေးရုပ်ကြီးသည် အနောက်ဘက်မျက်နှာလှည့်ဖြစ်၍ နံနက်ခင်းတွင် ကြေးရုပ်ကို နေရောင်အနှောင့်အယှက်မရှိ လှမ်းကြည့်နိုင်ရန် စင်မြင့်ဒီဇိုင်းက ကြေးရုပ်နောက်ကျောမှာ စက်ဝိုင်းခြမ်းပုံကြီးဖြစ်၏။ ယင်းစက်ဝိုင်းခြမ်းကြီးတွင် ပတ်လုံး ၂၁ လုံးအခံများကို မူလအရွယ်အစားအတိုင်း ဒီဇိုင်းဖော်ထားသည်။

ဖွင့်ပွဲကို သုံးနေ့သုံးည ဆက်တိုက်ကျင်းပသည်။ ရာပြည့်စာတမ်းများ ဖတ်ကြားခြင်းနှင့်အတူ ညစဉ် ဆိုင်းအဖွဲ့ ၂၀ ကျော် ၃၀ က အလှည့်ကျ မဲနှိုက်ပြီး လာရောက်တီးမှုတ် ဂါရဝပြုကြသည်။

ယခု အမျိုးသားဇာတ်ရုံကြီးအနောက်ဘက် မျက်နှာစာတွင် ၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့က စိန်ပေဒါကြီးကြေးရုပ်ကို ပြန်လည်စိုက်ထူထားလေပြီ။

*(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)*

# ပွဲစဉ်(၂၄)မှာ ချယ်လ်ဆီးတို့ အမှတ်ပြည့်ရယူနိုင်ပါ့မလား

■ မိုးမြင့်လင်းလက်




ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ ဖေဖော်ဝါရီ ၄ ရက်နံနက်မှာတော့ ပရီမီယာလိဂ်ပွဲစဉ်(၂၄) လက်ကျန်ပွဲစဉ်နှစ်ပွဲကို ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ စိတ်ဝင်စားစရာကောင်းတာကတော့ ဝက်ဖို့ဒ်နဲ့ ချယ်လ်ဆီးပွဲစဉ်တွေဖြစ်ပြီး ချယ်လ်ဆီးရဲ့ ကြိုးစားမှုတွေဟာ အောင်ပွဲနဲ့ထိုက်တန်မှု ရှိ မရှိကို အကဲခတ်ရတော့မှာဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာရလဒ်တွေ ဆိုးရွားနေခဲ့တဲ့ ချယ်လ်ဆီးဟာ အခုတလောမှာ ပွဲတိုင်းအမှတ်ဆုံးရှုံးမှုနည်းအောင် ကစား လာနိုင်တာတွေ့ရပါတယ်။ နည်းပြသစ်နဲ့အတူ ရလဒ်ကောင်းတွေ အပူတပြင်း ရှာဖွေနေတဲ့ ချယ်လ်ဆီးဟာ ပရိသတ်တွေအတွက် အောင်ပွဲခံတေးသွားကို ဟစ်ကြွေးနိုင်မလားဆိုတာ ရင်ခုန်စွာစောင့်ကြည့်ရတော့မှာပဲဖြစ်ပါတယ်။

**ဝက်ဖို့ဒ်နှင့် ချယ်လ်ဆီး**

ဝက်ဖို့ဒ်တို့အတွက်တော့ အခုချိန်မှာ ချယ်လ်ဆီးနဲ့တွေ့ဆုံရတာ ကံမကောင်းဘူးလို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဝေဖန်ပြစ်တင်မှုတွေကြားက ရုန်းထွက်လာတဲ့ ချယ်လ်ဆီးဟာ အခုဆိုရင် အမာခံကစားသမားစုံလင်စွာနဲ့ ပွဲထွက်လာဖို့ရှိနေပါတယ်။ ချယ်လ်ဆီးဟာ တိုက်စစ်ပိုင်း လိုအပ်ချက်ရှိနေဆဲဖြစ်ပေမယ့် ကစားသမားတိုင်းက နိုင်ပွဲကိုဆာလောင်မွတ်သိပ်နေတာမို့ အခုပွဲမှာလည်း သူတို့ရဲ့ စွမ်းဆောင်မှုကို အမြင့်ဆုံးထားပြီး ဝက်ဖို့ဒ်ကိုရင်ဆိုင်ပါလိမ့်မယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၂၁)မှာ အာဆင်နယ်ကို အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တဲ့ ချယ်လ်ဆီးဟာ ကစားသမားတွေရဲ့ အောင်ပွဲခံစိတ်ဓာတ်တွေ ပိုမိုမြင့်မားစေခဲ့တာမို့ အခုပွဲလည်း အဝေးကွင်းဖြစ်ပေမယ့် နည်းပြဂူဟစ်ဒင့်ရဲ့ ဗျူဟာမြောက် အခင်းအကျင်းတွေနဲ့ နိုင်ပွဲဆက်ဖို့ ကြိုးစားပါလိမ့်မယ်။ အစဉ်အလာအရ ချယ်လ်ဆီးဟာ ဝက်ဖို့ဒ်ကွင်းမှာ ကစားတိုင်း အသာစီးရအောင် ကစားလေ့ရှိပြီး နောက်ဆုံးငါးပွဲတွေ့ဆုံမှုကိုကြည့်ရင် ချယ်လ်ဆီးတို့ကချည်း နိုင်ပွဲရခဲ့တာများပါတယ်။ ဝက်ဖို့ဒ်ရဲ့ လောလောဆယ်အနေအထားကိုကြည့်ရင် ဆွမ်ဆီးကို ရှုံးထားပြီး နယူးကာဆယ်ကိုတော့ နိုင်ပွဲရအောင် အားထုတ်ထားနိုင်ပါတယ်။ ဝက်ဖို့ဒ်တို့က တိုက်စစ်ပိုင်းအားနည်းနေပြီး ခံစစ်ပိုင်းလည်း အမှားအယွင်းတွေရှိနေပါတယ်။ အထူးသဖြင့် အသင်းကြီးတွေနဲ့ဆုံတိုင်း ခဲခဲယဉ်းယဉ်းရင်ဆိုင်ရလေ့ရှိပြီး ရလဒ်မကောင်းတတ်တာက များနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးနဲ့ပြီးခဲ့တဲ့ ဒီဇင်ဘာလက ယှဉ်ပြိုင်ခဲ့တဲ့ပွဲမှာတော့ ဝက်ဖို့ဒ်တို့က နှစ်ဂိုးစီသရေပွဲရအောင် ကစားနိုင်ခဲ့တာသတိပြုရမှာပါ။ ဒါကြောင့် ဒီပွဲဟာ နှစ်သင်းစလုံးအတွက် အကြိတ်အနယ်နွှဲရမယ့်ပွဲဖြစ်နေပြီး အနိုင်ဆိုရင် ချယ်လ်ဆီးကို သတ်မှတ်ချင်ပါတယ်။

**အဲဗာတန်နှင့် နယူးကာဆယ်**

အခုတလောရလဒ်တွေ ဆက်တိုက်ဆိုးရွားနေတဲ့ အဲဗာတန်အတွက် ဒီပွဲမှာ ပြန်လည်ရုန်းထနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ နယူးကာဆယ်တို့က မန်ယူကို သုံးဂိုးစီသရေ၊ ဝက်စ်ဟမ်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကစားခဲ့ပေမယ့် ဝက်ဖို့ဒ်ကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ ခြေစွမ်းအတက်အကျရှိနေပါတယ်။ အဲဗာတန်တို့ကတော့ ဆွမ်ဆီး၊ မန်စီးတီးတို့ကို ဆက်တိုက်ရှုံးထားတာမို့ အခုပွဲမှာ နယူးကာဆယ်ကို ခြေကုန်ထုတ်ရမယ့် သဘောရှိနေပါတယ်။ နယူးကာဆယ်တို့က တန်းဆင်းဇုန်အတွင်းက ပြန်လည်ရုန်းထွက်ဖို့ အစွမ်းကုန်ကြိုးစားမှာဖြစ်ပြီး အဝေးကွင်းဆိုပေမယ့် အဲဗာတန်ထံက အနိမ့်ဆုံးတစ်မှတ်ရအောင် အားထုတ်ပါလိမ့်မယ်။ အဲဗာတန်နဲ့ နယူးကာဆယ်တို့ ပရီမီယာလိဂ်မှာ တွေ့ဆုံခဲ့မှုမှတ်တမ်းကိုကြည့်ရင် အဲဗာတန်က ၆၉ ပွဲနိုင်ပြီး နယူးကာဆယ်က ၆၅ ပွဲနိုင်ကာ သရေပွဲ ၃၅ ပွဲဖြစ်ထားပါတယ်။ ဒါကြောင့် ရလဒ်ပိုင်းမှာ ကွာဟမှုသိပ်မရှိတဲ့ ပြိုင်ဘက်ကောင်းတွေဖြစ်တာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲတစ်ပွဲဖြစ်လာမှာ သေချာပါတယ်။ နိုင်ပွဲလိုအပ်နေတဲ့ အဲဗာတန်နဲ့ တန်းဆင်းဇုန်ထဲက ရုန်းထွက်မယ့် နယူးကာဆယ်တို့ရဲ့ အားပြိုင်မှုက ပြင်းထန်မှာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ နိုင်ပွဲပြန်ရှာဖွေမယ့် အိမ်ရှင်ဟာ ဒီပွဲကို သေသေချာချာပြင်ဆင်ကစားမှာမို့ အမှတ်ပြည့်ရယူရေး အာရုံစိုက်မှာဖြစ်တာကြောင့် အဲဗာတန်ဟာ ပရိသတ်တွေအတွက် သုံးမှတ်ပြည့်ဆောင်ကြဉ်းပေးမယ်လို့ ယုံကြည်ပါတယ်။ ။

## အက်ဖ်အေဖလား ဗိုလ်လုပွဲကို စောပြီးကစားခဲ့ရတယ်ဆိုတဲ့ ဟစ်ဒင့်

ချယ်လ်ဆီးက မန်စီးတီးကို အက်ဖ်အေဖလား ၁၆ သင်းပြိုင်ပွဲမှာ လက်ခံကစားခဲ့ရခြင်းဟာ ဗိုလ်လုပွဲကို စောပြီးကစားရသလိုပါပဲလို့ ချယ်လ်ဆီးနည်းပြ ဟစ်ဒင့်က ပြောဆိုလိုက်ပါတယ်။ ဒီအခွင့်အရေးဟာ ချယ်လ်ဆီးအသင်းအတွက် ယခုနှစ်ရာသီမှာ ဖလားရဖို့နောက်ဆုံးအခွင့်အရေးပဲလို့ ဟစ်ဒင့်က ဆိုပါတယ်။ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ ကစားမယ့် အက်ဖ်အေဖလား ပဉ္စမအဆင့်ပြိုင်ပွဲဟာ ဗိုလ်လုပွဲထက်ကြီးမားတဲ့ပြိုင်ပွဲဖြစ်တယ်လို့လည်း သူကဆိုပါတယ်။ ဒါက ဖိုင်နယ်ပွဲပါ။ ကျွန်တော်တို့အတွက်တော့ ဗိုလ်လုပွဲကြီးပါပဲ။ ကြီးမားတဲ့ပြိုင်ပွဲကြီးသာဖြစ်ပါတယ်လို့ ဟစ်ဒင့်ကဆိုပါတယ်။ ဒီပွဲမှာ အသင်းခေါင်းဆောင် ဂျွန်တယ်ရီကတော့ သူ့ရဲ့ ချယ်လ်ဆီးအသင်းကို နောက်ဆုံး ကျောခိုင်းထွက်ခွာသွားတော့မှာဖြစ်တဲ့အတွက် ဖလားရအောင် ကစားပေးသွားဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ ၂၀၀၉ ခုနှစ်က ချယ်လ်ဆီးအသင်းနဲ့အတူ အက်ဖ်အေဖလား ရယူပေးခဲ့တဲ့ နည်းပြဟစ်ဒင့်ကလည်း ဒီဖလားကို ရယူပေးဖို့ စိတ်အားထက်သန်နေတယ်လို့ ဆိုပါတယ်။



## ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ အက်ဖ်အေမှာတွေ့ပြီ

အက်ဖ်အေပဉ္စမအဆင့် ပြိုင်ပွဲများကို သက်ဆိုင်ရာက ထုတ်ပြန်လိုက်ပြီဖြစ်ရာ ချယ်လ်ဆီးက မန်စီးတီးနဲ့ စတမ်းဖို့ဒ်ဘရစ်ကွင်းမှာကစားရမှာပါ။ ရှောဘူရီက နာမည်ကြီး မန်ယူကို လက်ခံကစားမှာဖြစ်ပါတယ်။ အက်ဖ်အေ ၁၆ သင်း ပြိုင်ပွဲမှာ ဘလက်ဘန်းကတော့ လီဗာပူး သို့မဟုတ် ဝက်စ်ဟမ်းနဲ့ အိစ်ဝုဒ်ပက်ခ်မှာ တွေ့မှာဖြစ်ပါတယ်။ ချယ်လ်ဆီးက စတုတ္ထဆင့်မှာ အမ်ကေဒွန်းကို ငါးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး နောက်တစ်ဆင့်ကို တက်ခဲ့ပါတယ်။ မန်စီးတီးကလည်း အက်စ်တွန်ဗီလာကို လေးဂိုးပြတ်နဲ့ နိုင်ပြီး နောက်တစ်ဆင့်ကို တက်ခဲ့တာပါ။




ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ရဲ့ ပဉ္စမအဆင့်ပြိုင်ပွဲကတော့ အက်ဖ်အေဖလားလုပွဲမှာ အကောင်းဆုံး ပြိုင်ပွဲကြီးဖြစ်လာဖို့ ရှိနေပါတယ်။ ရှက်ဖီးကို အနိုင်ကစားပြီး နောက်တစ်ဆင့်တက်လာခဲ့တဲ့ ရှောဘူရီကတော့ မန်ယူနဲ့ကစားရမှာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်က ချယ်လ်ဆီးနဲ့အတူ အက်ဖ်အေဖလားရယူခဲ့တဲ့ ယာယီနည်းပြ ဟစ်ဒင့်ကတော့ ဗိုလ်လုပွဲတက်ဖို့ အသင့်ပဲလို့ ပြောဆိုလိုက်ပါတယ်။ မန်စီးတီးအတွက်ကတော့ ဗိုလ်လုပွဲကိုရောက်ဖို့ ကြီးမားတဲ့ အတားအဆီးကို ကျော်လွှားရမှာဖြစ်ပါတယ်။ အခြားပွဲတွေအဖြစ် စပါးနဲ့ ခရစ္စတယ်ပဲလေ့စ်၊ အာဆင်နယ်နဲ့ ဟားလ်စီတီး၊ ဘုန်းမောက်နဲ့ အဲဗာတန်တို့ပွဲတွေဖြစ်ပြီး ဖေဖော်ဝါရီ ၁၉ ရက်မှာ ကစားမှာဖြစ်ပါတယ်။

## ရာသီအကုန်မှာ ချယ်လ်ဆီးကို ကျောခိုင်းတော့မယ့် ဂျွန်တယ်ရီ

ချယ်လ်ဆီးအသင်းမှာ ၂၁ နှစ်ကြာ ကစားခဲ့တဲ့အသင်းခေါင်းဆောင် ဂျွန်တယ်ရီဟာ ရာသီအကုန်မှာ အသင်းမှထွက်ခွာတော့မယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ ဂျွန်တယ်ရီကို စာချုပ်ထပ်မံချုပ်ဆိုရေး စာချုပ်မချုပ်ခဲ့လို့ အသင်းမှထွက်ခွာဖို့ ဆုံးဖြတ်လိုက်ပြီလို့ ချယ်လ်ဆီးအသင်းနဲ့အတူ ဖလားများစွာဆွတ်ခူးနိုင်ခဲ့တဲ့ ဂျွန်တယ်ရီက ဆိုပါတယ်။ အသက် ၃၅ နှစ်ရှိပြီဖြစ်တဲ့ ဂျွန်တယ်ရီဟာ ချယ်လ်ဆီးနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားခဲ့သူပါ။ အမ်ကေဒွန်းကို အနိုင်ရလိုက်တဲ့ အက်ဖ်အေဖလားပြိုင်ပွဲအပြီးမှာ ဂျွန်တယ်ရီက ချယ်လ်ဆီးမှ ထွက်ခွာဖို့ ကြေညာလိုက်ပြီဖြစ်ပါတယ်။ အသက်အရွယ်ရလာပြီဖြစ်တဲ့ ဂျွန်တယ်ရီက သူ့အနေနဲ့ ဘယ်ပရီမီယာလိဂ်အသင်းကိုမှ ပြောင်းရွှေ့ဖို့မရှိဘူးလို့ ဆိုပါတယ်။ သူ့ရဲ့ ဘောလုံးသမားဘဝကို ချယ်လ်ဆီးမှာပဲ အဆုံးသတ်တော့မယ်လို့ ဆိုပါတယ်။ သူ့အနေနဲ့ ချယ်လ်ဆီးမှာပဲ ထပ်နေချင်ပေမယ့် အသင်းတာဝန်ရှိသူတွေက ထပ်မံစာမချုပ်နိုင်တော့တဲ့အတွက် အသင်းမှ ထွက်ခွာဖို့ဆုံးဖြတ်ခဲ့တာပါလို့ ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

# ဆောမြို့၌ ရပ်တော်မူရုပ်ပွားတော်တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**ဆော ဖေဖော်ဝါရီ ၂**


ဂန့်ဂေါခရိုင် ဆောမြို့ သီရိရပ်ကွက် အရှေ့ဘက်ရှိ ဝိမုတ္တိကုန်းတော်ပေါ်၌ ဝိမုတ္တိဗျာဒိတ်ပေး ရပ်တော်မူ ရုပ်ပွားဆင်းတုတော် တည်ထားကိုးကွယ်ရေးအတွက် ရပ်ကွက်နေ ပြည်သူများက စီစဉ်ဆောင်ရွက်လျက်ရှိရာ မတည်အလှူငွေများ ထည့်ဝင်ခြင်း၊ အလှူငွေများ လက်ခံခြင်း၊ တောင်တက်လမ်း၌ ဘုရား စောင်းတန်းဆောက်လုပ်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိသည်။

ကုန်းတော်ပေါ်၌ ယခင်က စေတီငယ်တစ်ဆူသာရှိပြီး ခက်ခက်ခဲခဲတက်ရသည့် ခြေကျင်လမ်းသာရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်အတွင်း ကုန်းတော်ပေါ်သို့ လွယ်ကူစွာတက်နိုင်မည့်လမ်းကို ဖောက်လုပ်ခဲ့ပြီး အဆိုပါ လမ်းတွင် ဘုရားစောင်းတန်း ဆောက်လုပ်ခြင်း ဖြစ်သည်။ ရုပ်ပွားဆင်းတုတော်ကို ဂန္ဓကုဋိတိုက်ကို အမြင့် ၁၃ပေ၊ ကြာကလပ်ကို အမြင့် ၁၁ပေ၊ ရုပ်ပွားဆင်းတုတော်ကို အမြင့်ပေ ၄၀၊ ကိုးလက်မတို့ဖြင့် အဆင့်ဆင့်တည်ထားကိုးကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝိမုတ္တိဗျာဒိတ်ပေး ရပ်တော်မူ ရုပ်ပွားဆင်းတုတော် တည်ထားရာတွင် ပါဝင်လှူဒါန်းလိုသည့် ကုသိုလ်ရှင်များအနေဖြင့် ဘုရားဂေါပကအဖွဲ့ ဖုန်း-၀၉-၄၄၀၁၆၆၄၄၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**





## ရွှေစာရံစေတီတော်မြတ်ကြီး ရွှေထီးတော်နှင့် ရွှေသင်္ကန်းကပ်လှူပူဇော်မည်

**ဒလ ဖေဖော်ဝါရီ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့မ(၃)ရပ်ကွက်၌ တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင် ဆံတော်ရှင်ရွှေစာရံစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်ပြုပြင်ခြင်းနှင့် ထီးတော်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် မြို့နယ်သံဃနာယကဉက္ကဋ္ဌဆရာတော် ဦးတေဇ၏ ဩဝါဒကို ခံယူ၍ ရွှေသင်္ကန်းကပ်လှူပူဇော်ရေး ဗဟိုအဖွဲ့နှင့် ဘုရားဂေါပကအဖွဲ့တို့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေစာရံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲဝင်းနှင့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဘုရားဂေါပက အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သော ကော်မတီကိုဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် စိန်ဖူးတော်မြတ်တင်လှူပူဇော်ပွဲကို မတ်လအတွင်း ကျင်းပနိုင်ရေးအတွက် ဘုရားဂေါပကအဖွဲ့နှင့် ကော်မတီတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ အောင်မြင်စွာကျင်းပပူဇော်နိုင်ရေးအတွက် ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေနှင့် ရွှေသင်္ကန်းတစ်ချပ်လျှင် ငွေကျပ် ၄၀၀၊ ရွှေဆိုင်း ရာဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၄၀၀၀၀ ဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကလေးမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် လူနေအိမ်များ ထပ်မံဆောက်လုပ်

**ကလေး ဖေဖော်ဝါရီ ၂**

ကလေးဒေသ၌ ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်းနှင့် ဩဂုတ်လဆန်းပိုင်းအတွင်း ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် လူနေအိမ်များကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေဘေးသင့် လူနေအိမ်သစ်များ ထပ်မံဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းရေကြီး ရေလျှံမှုကြောင့် မြို့တွင်းရပ်ကွက် သုံးရပ်ကွက်မှ လူနေအိမ် ကိုးလုံး၊ ကလေးမြို့နယ်ရှိ ကျေးရွာ ၂၉ ရွာမှ လူနေအိမ် ၃၈၅ လုံး ပြိုလဲပျက်စီးခဲ့ရာ ယခုအချိန်တွင် လူနေအိမ်သစ် ၈၅ လုံးကို စတင်ဆောက်လုပ်နေပြီဖြစ်သည်။ လူနေအိမ်သစ် ကိုးလုံးမှာ ဆောက်လုပ်ပြီးစီးပြီဖြစ်ရာ ဆောက်လုပ်ရန်ကျန်ရှိသော လူနေအိမ်များကိုလည်း အမြန်ဆုံး ဆောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။



ကလေးဒေသရေကြီး ရေလျှံမှုကြောင့် ရေမျောပါပျက်စီးဆုံးရှုံးသွားသည့် Dအဆင့်သတ်မှတ်ထားသော လူနေအိမ် ၃၅၈ လုံးရှိရာ ယခုအချိန်တွင် ယခင်ထက်သာလွန် ကောင်းမွန်သော လူနေအိမ်သစ်များဖြင့် ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးပြီဖြစ်သည့်အပြင် ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် C အဆင့်သတ်မှတ်ထားသော လူနေအိမ် ၃၉၄ လုံးအတွက်လည်း သာလွန်ကောင်းမွန်သော လူနေအိမ်သစ်များဖြင့် ပြန်လည်ဆောက်လုပ်ပေးမည် ဖြစ်သည်။

အဆိုပါ C အဆင့်မှ လူနေအိမ်သစ်များဆောက်လုပ်သော ကျေးရွာများမှ ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာ၌ ဆောက်လုပ်လျက်ရှိသည့် လူနေအိမ်သစ်များကို အမြန်ပြီးစီးနိုင်ရန်အတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်အတူ ဇန်နဝါရီလနောက်ဆုံးပတ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ဖွင့်ပွဲကျင်းပ



**အမ်း ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် အမ်းမြို့နယ် မီးလောင်ချောင်းကျေးရွာ၌ ဆောင်ရွက်ခဲ့သော ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်သူဦး၊ အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီနှင့် ရပ်မိရပ်ဖ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မီးလောင်ချောင်းကျေးရွာ၊ ကျောက်မြောင်း၊ လင်ပန်းကျ၊ ဆင်ခုံတိုင်၊ မင်းရိုး၊ ညောင်ချောင်းနှင့် အိုးပုံကျေးရွာများမှ အိမ်ခြေ ၈၃၇ အိမ်အတွက် ဆိုလာ ၈၃၇ စုံကို ရန်ပုံငွေ ကျပ် ၁၆၇ ဒသမ ၄ သန်း အကုန်ကျခံ၍ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သန်းမောင်(အမ်း)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွန်ပျူတာသင်တန်းဖွင့်လှစ်

**လှိုင်ကော် ဖေဖော်ဝါရီ ၂**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒုတိယအကြိမ် ကွန်ပျူတာသင်တန်းကို လွိုင်ကော်မြို့ရှိ အစိုးရနည်းပညာစက်မှုကျောင်းတွင် ဖေဖော်ဝါရီ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ **(အောက်ပုံ)**



သင်တန်းဖွင့်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် စက်မှုကျောင်းအုပ်ကြီး ဦးတင်အေးတို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်က သင်တန်းတက်ရောက်စဉ် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဝန်ထမ်းများအနေဖြင့် (e-government) နှင့် (ICT) နည်းပညာများ ခေတ်နှင့်အညီ ထိရောက်စွာ အသုံးပြုနိုင်ပြီး လုပ်ငန်းများမြန်ဆန်သွက်လက်စေရန်၊ ပွင့်လင်းမြင်သာမှုနှင့် သတင်းထုတ်ပြန်နိုင်မှုအားကောင်းလာစေရန်၊ ဝန်ထမ်းများ၏ တာဝန်သိမှု၊ တာဝန်ယူမှုနှင့် စွမ်းဆောင်ရည် ပြည့်ဝမြင့်မားစေရန်ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်သင်တန်းကို ဇန်နဝါရီ ၁ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ကာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ ဝန်ထမ်း ၂၂ ဦး တက်ရောက်ပြီး ယခု ဒုတိယအကြိမ်သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် နည်းပြဆရာ သုံးဦးက သင်ကြားပေးမည်ဖြစ်ကာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မှ ဝန်ထမ်း ၂၀ တက်ရောက်ခဲ့ကြသည်။ **ရဲနောင်(လွိုင်ကော်)**

# ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲ မန္တလေး၌ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂**

ဥရောပသမဂ္ဂ EU ၏ အစီအစဉ်ဖြင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ စွမ်းဟိုတယ်၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် Peace Nexus Foundation သင်တန်းမှူး Mr.Leonde Riedmatten နှင့် Ms.Bettina Ambachတို့က ဦးဆောင်ဆွေးနွေးပြီး ပြင်သစ်နိုင်ငံမှ အရပ်ဘက်အဖွဲ့အစည်းနှင့် မီဒီယာကဏ္ဍ ခေါင်းဆောင် Ms.Karin Decken Bach နှင့် ဥရောပသမဂ္ဂ အကြီးတန်းအကြံပေးတို့က တက်ရောက်လာသော မီဒီယာများနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများအား ပဋိပက္ခများနှင့်ပတ်သက်၍ သတင်းပေးပို့ရာတွင် ဆင်ခြင်သတင်းပေးပို့ခြင်း(Conflict Sensitive Reporting)၊ အမုန်းစကား(Hate Speech)၏ အန္တရာယ်နှင့် ကောလာဟလများ၏အန္တရာယ်(Danger of Rumors)စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။



အဆိုပါဆွေးနွေးပွဲကို ရန်ကုန်မြို့နှင့် ပုသိမ်မြို့များတွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မတ် ၂၁ ရက်နှင့် ၂၂ ရက်တွင် မန္တလေးစွမ်းဟိုတယ်၌ ထပ်မံကျင်းပသွားမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသော မီဒီယာအဖွဲ့များနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ဦးနေမျိုးနိုင် ဖုန်း-၀၉-၄၅၀၀၃၈၉၀၈ သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**



# ဆံတော်စေတီနှင့် စကားတောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**ရေး ဖေဖော်ဝါရီ ၂**

မွန်ပြည်နယ် ရေးမြို့ရှိ ဆံတော်စေတီနှင့် စကားတောင်စေတီတော် (၁၂၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ဩဝါဒါစရိယဆရာတော်ကြီးများကြီးမှူး၍ ပဋ္ဌာန်းဝန်ဆောင်ဆရာတော်သံဃာတော်အပါး ၅၀ က ရွှေဆံတော်စေတီဂန္ဓကုဋိတိုက်အတွင်း၌ ပဋ္ဌာန်းတရားတော်မြတ်ကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၀ ရက်အထိ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း၊ ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် တပို့တွဲလပြည့်နေ့တွင် ဆွမ်းကျွေးရေစက်ချပြီး ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ ပျော်ပွဲရွှင်ပွဲများအနေဖြင့် ဇာတ်ပွဲများ၊ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများ၊ မြန်မာအဆိုတော်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ကာ ဈေးဆိုင်ခန်းများလည်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုများချီးမြှင့်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ကျင်းပခဲ့သော စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို လှိုင်းဘွဲ့မြို့ အထကကျောင်း ပန်းဝတ်မှုံပညာခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များအသင်း နာယက ဦးသိန်းလွင်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျပန်းစကားပြော၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများမှ စာကြည့်တိုက်များအတွက် ပြည်နယ်အစိုးရအဖွဲ့က သုတ၊ ရသ စာအုပ် ၅၀၀၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် ၄၀၀ ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် သရုပါစာကြည့်တိုက်က စာအုပ် ၂၀၀ နှင့် ပြည်နယ်အာမခံဦးစီးဌာနက စာအုပ် ၁၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ် ကျေးရွာ ၄၇ ရွာ ဖွင့်လှစ်

**မလှိုင် ဖေဖော်ဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နွားကန်ကျေးရွာ၌ နွားကန်တိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ စု၊ ကျေးရွာပေါင်း ၄၇ ရွာမှ ပြည်သူ ၂၆၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

ဆေးရုံအဆောက်အအုံသစ်သည် အလျား ၁၉၄ ပေ၊ အနံ ၁၁၇ ပေရှိ အာစီတစ်ထပ် အဆောက်အအုံဖြစ်ပြီး ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်လုံး၊ သုံးခန်းတွဲတစ်လုံး၊ နှစ်ခန်းတွဲ တစ်လုံးပါဝင်ကာ ကုသရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၅၈၁၄ သိန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုက်နယ်ဆေးရုံဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်တို့က အမှာစကားပြောကြားပြီး တာဝန်ယူတည်ဆောက်ခဲ့သော မြန်မာ့ပေါင်းကူးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာက ဆေးရုံနှင့်ပတ်သက်သည့်စာရွက်စာတမ်းများကို ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံပေးအပ်ခဲ့သည်။ ထို့နောက် ဆေးရုံတည်ဆောက်ရန်အတွက် မြေလေးဧက လှူဒါန်းခဲ့သော နွားကန်ကျေးရွာမှ မြေအလှူရှင် ဦးဘိုရီမိသားစုအား ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

**အောင်ဌေး(မလှိုင်)**

# တာချီလိတ်မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးကျောင်းတော်များ သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်

**တာချီလိတ် ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးကျောင်းတော်များ ရေရှည်တည်တံ့ပြန့်ပွားတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့က ကြီးမှူး၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် သင်ယူပြီးမြောက်ကြောင်းလက်မှတ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်တန်းသာသနာပြု ဗဟိုကျောင်း ဆရာတော်က ဓမ္မစကူးနှင့်စပ်လျဉ်းသည့် ဩဝါဒကထာချီးမြှင့်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အမှာစကားပြောကြားကာ ဓမ္မစကူးကျောင်းသား ကျောင်းသူလေးများအား သင်ယူပြီးမြောက်ကြောင်းလက်မှတ်များကိုလည်းကောင်း၊ ပို့ချသင်ကြားပေးကြသော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ခဲ့သည်။



ဓမ္မစကူးဖောင်ဒေးရှင်းသည် ကျောင်းသားကျောင်းသူလေးများ အသိလိမ္မာတိုးပွားရေးအတွက် ဓမ္မစကူးကျောင်းတော်များကို ၂၀၁၂ ခုနှစ်မှ စတင်ကာ မြန်မာပြည် တစ်နံတစ်လျား ဖွင့်လှစ်ခဲ့ကာ တာချီလိတ်မြို့နယ်တွင် ၂၀၁၃ ခုနှစ် ဩဂုတ် ၁၈ ရက်မှစတင်ပြီး ဓမ္မစကူးကျောင်းများကို ဖွင့်လှစ်ခဲ့ကြောင်း၊ တာချီလိတ်မြို့နယ်တွင်သာမက မိုင်းယောင်း၊ မိုင်းယု၊ တာလေ၊ မိုင်းဖြတ်နှင့် အိမ်နီးချင်း ထိုင်းနိုင်ငံ မယ်ဆိုင်မြို့များတွင် ဓမ္မစကူးကျောင်းတော်ပေါင်း ၂၂ ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယခု သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ရာတွင် အဆိုပါ ၂၂ ကျောင်းအနက် ၁၅ ကျောင်းမှ သင်ယူပြီးမြောက်သော ကျောင်းသား ကျောင်းသူ ၁၉၅၁ ဦးအား ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ပခုက္ကူမြို့နယ်၌ သီးနှံလျော်ကြေးငွေပေးအပ်

**ပခုက္ကူ ဖေဖော်ဝါရီ ၂**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ကျောက်ခွက်-အရာတော် ဓာတ်ငွေ့ပိုက်လိုင်းအစားထိုးဆက်သွယ်ခြင်းလုပ်ငန်းကြောင့် ပျက်စီးခဲ့သော တောင်သူများ၏ သီးနှံလျော်ကြေးငွေပေးအပ်ပွဲကို ဇန်နဝါရီလ နောက်ဆုံးပတ်က ပခုက္ကူမြို့နယ် ကမ္မမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်လင်းနိုင်က သီးနှံလျော်ကြေးငွေ ပေးအပ်ရခြင်းကို ရှင်းလင်းဆွေးနွေးပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကြီးကြပ်ရေးအင်ဂျင်နီယာ ဦးအောင်ဇော်ထွန်းက ကမ္မ၊ ပေါက်တော၊ ကူကျေးရွာများမှ တောင်သူ ၁၈ ဦးအား သီးနှံလျော်ကြေး ငွေ ၁၁၃၆၉၄၀၉ ကျပ်ကို ပေးအပ်သည်။

ကျောက်ခွက်-အရာတော် ၁၀ လက်မ ဓာတ်ငွေ့ပိုက်လိုင်း အစားထိုးဆက်သွယ်ခြင်းလုပ်ငန်း လမ်းအူကြောင်းဖောက်လုပ်ရာတွင်ပျက်စီးခဲ့သော ပဲတီစိမ်း၊ မြေပဲ၊ သနပ်ခါး၊ ဝါ၊ ပဲစင်းငုံ စသည့်သီးနှံပင်များ၏ အပင်အရေအတွက်၊ ပျက်စီးဧကအပေါ် မူတည်၍ ဒေသပေါက်ဈေးသုံးဆနှုန်းဖြင့် ပေးလျော်ခြင်းဖြစ်ကြောင်း၊ အဆိုပါပေးအပ်ပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစန်းလွင်နှင့် တောင်သူများတက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကတ္တရာလမ်းသစ် ဖွင့်လှစ်

**ဘားအံ ဖေဖော်ဝါရီ ၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော ဝေ့ရှမ်း-ပေါလော- သံပုရာ (ခြေတော်ရာဘုရား) လမ်းပိုင်းကတ္တရာလမ်းသစ် ခင်းကျင်းပြီးစီးသဖြင့် ဇန်နဝါရီ ၃၁ ရက်က ဖွင့်လှစ်ခဲ့သည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက အမှာစကား ပြောကြားပြီး ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဦးက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်း ပြောကြားကာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးသံဒိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအေးမြိုင်နှင့် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ကတ္တရာလမ်းသစ်သည် အရှည် ၃ မိုင် ၆ ဖာလုံရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၆၇ ဒသမ ၁၆ သန်းဖြင့် ခင်းကျင်းခဲ့ကာ ဝေ့ရှမ်း၊ ပေါလော၊ သံပုရာ ကျေးရွာများမှ ဒေသခံ ပြည်သူများအနေဖြင့် မြဝတီမြို့သို့ လွယ်ကူစွာသွားလာနိုင်သလိုခြေတော်ရာဘုရားသို့ ဘုရားဖူးလာရောက်သော အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များအတွက်လည်း သွားလာရေး အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဒို့ညီနောင်များ တည်ထောင်ထား ပေါင်းစည်းစုံရာ တိုင်းရင်းသားကျေးရွာ

ယဉ်ကျေးမှုဆိုသည်မှာ ဘိုးဘေးဘီဘင်လက်ထက်မှ ယနေ့ထိ ကျင့်သုံးခဲ့သော ဓလေ့ထုံးတမ်း ရိုးရာအစဉ်အလာဟု အဓိပ္ပာယ်ရပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် နိုင်ငံတိုင်းသည် ကိုယ်ပိုင်ယဉ်ကျေးမှုကိုယ်စီ ရှိကြပါသည်။ ကြာရိုးကြာစွယ်တို့၏ အရှည်ကိုကြည့်၍ ရေကန်၏ အတိမ်အနက်ကို သိနိုင်သကဲ့သို့ ယဉ်ကျေးမှုအဆင့်အတန်းကို ထောက်ဆ၍ နိုင်ငံတစ်နိုင်ငံ၏ အဆင့်အတန်းကို ခန့်မှန်းကြည့်ရှုနိုင်ပါသည်။

ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြငှန်းနှင့်နေလာခဲ့သည့် မြန်မာနိုင်ငံသည်လည်း ခေတ်အဆက်ဆက်က ထိန်းသိမ်းလာခဲ့သော ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကြောင့် ကမ္ဘာ့နိုင်ငံများကြားတွင် ယနေ့အချိန် ဝင့်ဝင့်ကြွားကြွားရပ်တည်လျက်ရှိပါသည်။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့အပါအဝင် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြရာတွင် ပတ်ဝန်းကျင်၊ ရာသီဥတု၊ တောတောင်သဘာဝအခြေအနေများအရ လူမျိုးတစ်စုနှင့်တစ်စု အဝတ်အစား၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းစဉ်လာများ ကွဲပြားကြသော်လည်း တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်ကြသည့် တစ်အူထုံ့ဆင်း ညီအစ်ကိုမောင်နှမ အရင်းအချာများပင် ဖြစ်သည်။

ဗမာပင်နီချောနှင့် ယောပုဆိုးသည်လည်းကောင်း၊ ကချင်လွယ်ပလိုင်းနှင့် သင်တိုင်းနီပြာပြာသည်လည်းကောင်း၊ ရခိုင်လုံချည်နှင့် ပုဆိုးသည်လည်းကောင်း၊ ရှမ်းပင်နီနှင့် ရှမ်းဘောင်းဘီ စသည့် တိုင်းရင်းသားရိုးရာဝတ်စုံများသည် တန်ဖိုးမဖြတ်နိုင်သည့် ဝတ်စားဆင်ယင်မှုများသည် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။

မြန်မာပြည်အနှံ့အပြားမှာ နေထိုင်ကြသည့် သွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို သွားရောက်လေ့လာရန်မလွယ်ကူသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၏ အထိမ်းအမှတ် အထင်ကရနေရာများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း လေ့လာနိုင်သော ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ထင်ရှားသော နေရာတစ်ခုမှာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာပင် ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ အပန်းဖြေ လာရောက်လေ့လာသူများအနေဖြင့် ဝင်ကြေး လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၊ ကလေးအခမဲ့ဖြင့် ဝင်ရောက်နိုင်ပြီး တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ရိုးရာစားသောက်စရာများကို လေ့လာကြည့်ရှုစားသောက်နိုင်မည့်အပြင် ယခင်က အသုံးပြုခဲ့သည့် ထင်းမီးထိုးရေနွေးငွေ့ဖြင့်သွားသော မီးရထားနှင့် MV705 ကမ်းရိုးတန်းသွားရေယာဉ်စသည်တို့ကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။




ကလေးများအတွက် လွတ်လပ်ပျော်ရွှင်စွာဆော့ကစားနိုင်မည့် ကလေးကစားကွင်းများကို ထည့်သွင်းထားသည်။

အဆိုပါတိုင်းရင်းသားကျေးရွာသို့ အဖွဲ့အစည်းများ၊ သင်တန်းသားများလည်း အခါမလပ် လာရောက်လေ့လာလျက်ရှိကြသည်။ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၊ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း(၉၆) အနေဖြင့် လေ့လာရေးလာရောက်သော ကြို့ပင်ကောက်မြို့နယ် နော်ကုန်း (အမက) ကျောင်းမှ ဆရာဦးသန့်ဇင်ဦးက "ကျွန်တော်တို့ သင်တန်းသား သင်တန်းသူများ အခမဲ့ ဝင်ရပါတယ်။ တိုင်းရင်းသားရိုးရာ အက၊ ယဉ်ကျေးမှုတွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတဲ့နေရာပါ" ဟု ကျေနပ်အားရစွာ ပြောသည်။

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်မှ မူလတန်းပြဆရာမ ဒေါ်နိုနိုဝင်းကလည်း "တိုင်းရင်းသားအားလုံးရဲ့ ရိုးရာယဉ်ကျေးမှုကို တစ်နေရာတည်းမှာ တွေ့မြင်ရလို့ ဝမ်းသာမိပါတယ်။ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ တိုင်းရင်းသားကျေးရွာက တိုင်းရင်းသားတို့ သွေးစည်းညီညွတ်တာကို ဖော်ပြပေးနေတဲ့ တိုင်းရင်းသားတို့ ပေါင်းစုံရာနေရာပါ" ဟု အသိအမှတ်ပြု ပြောကြားသည်။

အလားတူ တွံတေးမြို့နယ် သာစည်ရွာမှ ပြည်သူတစ်ဦးဖြစ်သည့် ဦးတင်ခကလည်း "မိသားစုအပန်းဖြေလို့ အကောင်းဆုံးနေရာပါ။ ကလေးတွေအတွက် တိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို စာတွေ့သာမက လက်တွေ့ လေ့လာသိရှိနိုင်တယ်" ဟု ပြောသည်။

ရန်ကုန်ပညာရေး တက္ကသိုလ်မှ စတုတ္ထနှစ် မြန်မာစာကျောင်းသား ကိုထက်ဦးကလည်း "မြန်မာစာမိသားစု မောင်မယ်သစ်လွင် ပျော်ပွဲရွှင်ပွဲလာရောက်ပြုလုပ်တာပါ။ တိုင်းရင်းသားကျေးရွာက မိသားစုအသင်းအဖွဲ့တွေ လွတ်လပ်ပျော်ရွှင်စွာ၊ ဈေးနှုန်းသက်သာစွာနဲ့ အပန်းဖြေလို့ကောင်းတဲ့နေရာပါ။ တိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုကို တစ်နေရာတည်းမှာ စုစည်းလေ့လာ သိရှိနိုင်ပါတယ်" ဟု ပြောပြသည်။

ပြည်ထောင်စုတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများ ပေါင်းစုံစုစည်းထားရာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်မှုကို ဖော်ကျူးထားသည့် ပြည်ထောင်စုလေးတစ်ခုဟု စာရေးသူ ခံစားမိပါသည်။

**ခင်အေးကြူ(ရွှေသန်လျင်)**

## သတင်းတိုများ

### မဟာတမန်တော်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူ

(၈၄)ကြိမ်မြောက် မန္တလေးမြို့လုံးဆိုင်ရာ မဟာတမန်တော်နေ့ ကျင်းပရေး ဗဟိုကော်မတီက ဦးစီး၍ ပဉ္စမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို လမ်း(၈၀)ရှိ ပန်းသေးမဂ်လာခန်းမ၌ ကျင်းပခဲ့ပြီး မဟာတမန်တော်နေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးဘချစ်နှင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်မှ ဒေါက်တာခတ္တာဝင့်ရှိန်တို့က အမှာစကားပြောကြားပြီး ဘာသာပေါင်းစုံမှ သွေးလှူရှင် ၉၂ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## နွေရာသီရေရှားပါးမှုကို ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေ

**သာစည် ဖေဖော်ဝါရီ ၂**

ယခုနှစ်နွေရာသီတွင် အပူချိန်မြင့်တက်မှုကြောင့် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့ရနိုင်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိမိတို့၏ အစီအစဉ်ဖြင့် နေအိမ်ဝင်းများအတွင်း၌ မြေအောက်ရေတွင်းများ တူးဖော်၍နွေဦးရာသီ ရေရှားပါးမှုကို ကာကွယ်နိုင်ရန် ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာစည်မြို့နယ် ညောင်ရမ်းကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာတွင် နွေရာသီ၌ သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် ကျေးရွာနေပြည်သူများက မိမိတို့၏ နေအိမ်ခြံဝင်းများအတွင်း မြေအောက်ရေတွင်းများ တူးဖော်ထားရှိကာ လက်နှိပ်တုံကင်၊ ခြေနင်းတုံကင်များဖြင့် ရေရယူနိုင်ရန် ဆောင်ရွက်ထားကြကြောင်း၊ လက်နှိပ်တုံကင်တွင်း ၄၉ တွင်းနှင့် ခြေနင်းတုံကင်တွင်း နှစ်တွင်းကို တူးဖော်ထားပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ ကိုယ်ပိုင်မြေအောက်ရေတွင်းတွေအပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးထားတဲ့ မြေအောက်စက်ရေတွင်း တစ်တွင်းနဲ့ ရေလှောင်အုတ်ကန်တစ်ခု၊ ရေစက်ခန်းထားရာ စက်ရုံတစ်ရုံလည်း ရှိပါတယ်။ ဒါပေမယ့် ဒီစက်တွင်းကြီးက ရေပေးဝေမှုမရှိတော့တာ ကြာပါပြီ။ အခုတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပဲ ရေအခက်အခဲမရှိအောင် ဆောင်ရွက်နေကြပါတယ်"ဟု ဥသျှစ်ကုန်းကျေးရွာမှ ဦးတင်ဝင်းက ပြောသည်။

ဥသျှစ်ကုန်းကျေးရွာသည် အိမ်ထောင်စု ၂၈၀၊ လူဦးရေတစ်ထောင်နီးပါးရှိပြီး သာစည်မြို့နှင့် ခြောက်မိုင်ခန့်ကွာဝေးကာ ဒေသခံပြည်သူအများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်း ပြုကြကြောင်း၊ နှစ်စဉ်နွေရာသီတွင် ရေအခက်အခဲကြုံရသောကြောင့် ယခုနှစ်တွင် ရေပြတ်လပ်မှုမရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသူများကို အရေးယူတော့မည်

**ရေစကြို ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၌ ယာဉ်မတော်တဆမှုများ များပြားလာခြင်းကြောင့် ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးမှုများ ပြုလုပ်လျက်ရှိရာ မလိုက်နာသူများအား အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးလွင်က "ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ အများပြည်သူအကျိုးကို ရှေးရှုပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ပညာပေးဆောင်ရွက်နေပါတယ်။ ဒီကြားထဲက ယာဉ်မတော်တဆမှုတွေကလည်း များလာတယ်။ ဒါကြောင့် ပညာပေးမှုနဲ့ မလုံလောက်ရင်တော့ အများပြည်သူအကျိုးအတွက် ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်တာတွေ လုပ်ရတော့မယ်"ဟု ပြောသည်။ ရေစကြိုမြို့နယ်တွင် ဆိုင်ကယ်နှင့် ယာဉ်အမျိုးမျိုး စီးနင်းမောင်းနှင်မှုမှာ တစ်နေ့တခြားများလာသလို ယာဉ်မတော်တဆမှုများလည်း ပို၍ဖြစ်လာနေကြောင်း သိရသည်။

"ရေစကြိုမြို့နယ်အတွင်း တောရော မြို့မှာပါ ဆိုင်ကယ်စီးသူတွေ များပြားလာသလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသူက အတော်ကို နည်းပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာ ဆိုင်ကယ်တိုက်မှုကြောင့် သေဆုံးသူရှစ်ဦး ရှိခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကျောင်းတွေ၊ ရပ်ကွက်နဲ့ ကျေးရွာတွေမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ပတ်သက်တဲ့ ဟောပြောပွဲတွေ၊ လက်ကမ်းစာစောင်တွေဝေပြီး ပညာပေးမှုတွေ လုပ်သလို ဆိုင်ကယ်စီးဦးထုပ်မဆောင်းရင် သေနိုင်တဲ့အတွက် ဆိုင်ကယ်စီးဦးထုပ်ဆောင်းဖို့ သတိပေးဆိုင်းဘုတ်တွေကို အများပြည်သူမြင်သာတဲ့နေရာမှာ စိုက်ထူသတိပေးနေတာပါ"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးက ဆက်ပြောသည်။



ရေစကြိုမြို့နယ်အတွင်း ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် သတိပေးဆိုင်းဘုတ်များကို မြို့နယ်ရဲတပ်ဖွဲ့က မြို့အဝင် တမာတန်းလမ်းဆုံနှင့် မြို့တွင်းလမ်းဆုံများ၌ ဇန်နဝါရီ ၃၁ ရက်က စိုက်ထူခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ကိုယ့်အားကိုယ်ကိုး မူးချောင်းကူးတံတားဖွင့်

**ဖောင်းပြင် ဖေဖော်ဝါရီ ၂**

ဖောင်းပြင်မြို့နယ်အတွင်း ကျေးရွာအုပ်စုလေးအုပ်စု၊ ရွာပေါင်း၄၀ မှ ပြည်သူများ လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကထားအားကိုးနေရသော မောက်စဖာ-ငွေ့ငူ ကျေးရွာချင်းဆက်လမ်းပေါ်၌ အရှည် ၁၄၅ပေ၊ အကျယ် ၉ ပေရှိ မူးချောင်းကူး သစ်သားတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

ငွေ့ငူကျေးရွာနေပြည်သူတစ်ဦးက "အရင် တံတားမဆောက်ခင်က လမ်းပန်းဆက်သွယ်ရေးမှာ အလွန်အခက်တွေ့ပါတယ်။ ဆိုင်ကယ်တွေ၊ လူတွေဆိုရင် ဝါးဖောင်တွေနဲ့ ကူးကြရပါတယ်။ အခုဆို တံတားဆောက်ပြီးတော့ ကျေးရွာက ပြည်သူတွေရဲ့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနဲ့ အခြားကိစ္စတွေမှာ အများကြီး အဆင်ပြေသွားပြီဖြစ်ပါတယ်"ဟု ပြောသည်။

တံတားသစ်ဖွင့်ပွဲတွင် တံတားဖြစ်မြောက်ရေးကော်မတီမှ ဦးထိန်ဝင်းနှင့် ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ တံတားကို ငွေ့ငူဘုန်းတော်ကြီးကျောင်း ဆရာတော်က ဦးစီး၍ ငွေ့ငူရွာသူ ရွာသားများ၏ လုပ်အားနှင့် ငွေအားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တန်ဖိုးကျပ်သိန်း ၂၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

**ဟန်ထွန်း**

# တာဝန်ထမ်းဆောင်စဉ် ဒဏ်ရာရသော မီးသတ်တပ်ဖွဲ့ဝင်အား ထောက်ပံ့



**မန္တလေး ဖေဖော်ဝါရီ ၂**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ပလကရပ်ကွက်၌ ဇန်နဝါရီ ၂၈ ရက်က မီးလောင်မှုဖြစ်ပွားစဉ် မီးငြိမ်းသတ်ရန် ထွက်ခွာလာသော အရန်မီးသတ်တပ်ဖွဲ့မှ တပ်သားသုံးဦး မတော်တဆထိခိုက်ဒဏ်ရာရခဲ့သဖြင့် ဒဏ်ရာရသူများအား ဖေဖော်ဝါရီ ၁ ရက်က ထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ အောင်မြေသာစံမြို့နယ် မေယဂီရိရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သည် မီးငြိမ်းသတ်ရန် ထွက်ခွာလာစဉ် ယာဉ်ပေါ်ပါ တပ်သား မင်းသူအောင်နှင့် အခြားနှစ်ဦးမှာ (၁၇)လမ်းနှင့် လမ်း(၈၀)ထောင့်၌ လမ်းပေါ်ဖြတ်ထားသော လျှပ်စစ်ဝိုင်ယာကြိုးဖြင့်ရိုက်မိပြီး လမ်းပေါ်သို့ကျကာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရသော အရန်မီးသတ်တပ်သားများအား တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလှမင်းနှင့် ခရိုင် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဗိုလ်မင်းတို့က အားပေးစကားပြောကြားပြီး တပ်သားမင်းသူအောင်အား ထောက်ပံ့ငွေ ကျပ်ငါးသောင်းနှင့် ထိခိုက်ဒဏ်ရာ အနည်းငယ်စီရရှိသော အခြားနှစ်ဦးအား ကျပ်နှစ်သောင်းစီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၃၈)**



# ညောင်တုန်းမြို့လုံးဆိုင်ရာ ဈေးကြီးဆန်လှူအသင်း ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပမည်

**ညောင်တုန်း ဖေဖော်ဝါရီ ၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ညောင်တုန်းမြို့လုံးဆိုင်ရာ ဈေးကြီးဆန်လှူအသင်း ဆွမ်းဆန်တော်လောင်းလှူပွဲကို ယခုနှစ်တွင် (၂၄)ကြိမ်မြောက်အဖြစ် ဖေဖော်ဝါရီ ၈ ရက်၌ စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲကြီးတွင် ညောင်တုန်းမြို့မစည်ပင်သာယာဈေးမှ ဈေးသူဈေးသားများနှင့် မြို့ပေါ်ရပ်ကွက်အသီးသီးမှ အလှူရှင်များက ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း အပါး ၈၀၀ ကျော်တို့အား ဆွမ်းဆန်တော် တင်းပေါင်း ၅၀၀ ကျော်ကို လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲကြီးနှင့်အတူ တရားပွဲများကိုလည်း ဖေဖော်ဝါရီ ၂ ရက်မှ ၇ ရက်အထိ ညစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီတွင် ဆွမ်းဆန်တော်လောင်းလှူပွဲကြီးကို စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**

# တောင်တွင်းကြီးမြို့ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ဖေဖော်ဝါရီ ၁ ရက်က ပြုလုပ်ခဲ့ကြသည်။

မီးဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုအဖြစ် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားလေးစီး၊ မြို့ပေါ်ရပ်ကွက် (၁၀)ခုမှ မီးသတ်ကားကိုးစီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးတို့ကို အသုံးပြု၍ မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် မီးငြိမ်းသတ်မှုများကို လေ့ကျင့်ပြုလုပ်ခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့မဈေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ကြသည်။

လေ့ကျင့်မှုများကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(ဝ၂၁)**





# ကုလားပဲအထွက်နှုန်းမကောင်း၍ ပဲစိုက်တောင်သူများ အဆင်မပြေ

**မုံရွာ ဖေဖော်ဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံအဖြစ် သီးနှံမျိုးစုံ စိုက်ပျိုးကြရာ လက်ရှိအချိန်တွင် ကုလားပဲသီးနှံများ ဈေးကောင်းရနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပဲအထွက်နှုန်းကျလျက်ရှိကာ တောင်သူများအနေဖြင့် အဆင်မပြေကြောင်း ကုလားပဲစိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

မုံရွာမြို့နယ် လယ်ဇင်ကွင်းမှ ကုလားပဲစိုက် တောင်သူတစ်ဦးက "ကျွန်တော်က စိုက်ပျိုးမြေ တစ်ဧကခွဲမှာ ကုလားပဲအနီ (၉၂၉)မျိုး သုံးတင်းကို ပြီးခဲ့တဲ့ သီတင်းကျွတ်မှာ စတင်စိုက်ပျိုးခဲ့တာပါ။ အခု စတင်ရိတ်သိမ်းနေပါပြီ။ ၁၅ တောင်းလောက်တော့ ထွက်မယ်လို့ မှန်းထားပါတယ်။ အခုရိတ်သိမ်းနေတဲ့ ကုလားပဲမျိုးကို စတင်စိုက်ပျိုးခဲ့တဲ့အချိန်တုန်းက ဈေးကြီးပေးပြီး တစ်တင်းကို လေးသောင်းကျော်လောက်နဲ့ ဝယ်ယူပြီး စိုက်ပျိုးခဲ့ရပါတယ်။ မျိုးဈေးကြီး ပေးဝယ်ပြီး စိုက်ခဲ့ရပေမယ့် လက်ရှိအချိန်မှာ အထွက်နှုန်းက မလှဘူး။ လုပ်သားခကလည်း တစ်ယောက်ကို တစ်ရက် ၂၅၀၀ ကျပ်လောက်ပေးရတယ်။ ဒါပေမယ့် မနှစ်ကထက်စာရင် ဒီနှစ်ပဲဈေးကောင်းပါတယ်။ လက်ရှိမှာ ပဲအထွက်မကောင်းတော့ တချို့ဆို စိုက်ပျိုးခဲ့တဲ့ မျိုးဖိုးကုန်ကျစရိတ်တောင် ပြန်မရကြပါဘူး"ဟု ပြောသည်။

ကုလားပဲသီးနှံများ အထွက်နှုန်းလျော့ကျခြင်းမှာ အမြစ်မှိုစွဲရောဂါ (မြေဆောင်ရောဂါ) ကျရောက်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ထိုရောဂါကြောင့် ပဲပင်သေဆုံးခြင်း၊ အသီးမတင်ခြင်းများ ဖြစ်ပွားပြီး အဆိုပါရောဂါသည် ရာသီဥတုဖောက်ပြန်မှုနှင့် သက်ဆိုင်သော်လည်း၊ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော တောင်သူများအနေဖြင့် မိမိတို့၏ စိုက်ပျိုးမြေများတွင် သီးနှံတစ်မျိုးကို နှစ်နှစ်ထက်ပိုပြီးမစိုက်ပျိုးသင့်ကြောင်း၊ သီးနှံကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



**ဖိုးချမ်း(မုံရွာ)**

# စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်မှုအတွက် အလှူငွေများ လိုအပ်လျက်ရှိ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကုန်းစံပါယ်ရုံကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသည် နှစ်စဉ် မြစ်ရေတက်လာတိုင်း ရေနစ်မြုပ်မှုကြောင့် နှစ်လကျော်ကျော် ကျောင်းပိတ်ရလေ့ရှိသဖြင့် ကျောင်းဆောင်သစ်ကို ဆောက်လုပ်လျက်ရှိပြီး အလှူငွေများ လိုအပ်နေကြောင်းလည်း သိရသည်။

ကျောင်းဆောင်သစ်ကို အားမာန်ဝင့် ပရဟိတလူငယ်အဖွဲ့များနှင့်အတူ အများစုပေါင်း လှူဒါန်းငွေဖြင့် တည်ဆောက်နေပြီး ရေလွတ်ရန်အတွက် အောက်ခြေအမြင့် ခြောက်ပေထားကာ အလျားပေ ၄၀၊ အနံ ၂၅ ပေရှိ အဆောက်အအုံဖြစ်ကြောင်း သိရသည်။ ကျောင်းဆောင်သစ်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြရန် မြို့ဦးရွှေမြနန္ဒာကျောင်းတိုက် ကျောင်းထိုင်ဆရာတော်က တိုက်တွန်းနှိုးဆော်ထားပြီး ဖုန်း-၀၉-၄၂၅၂၇၅၃၄၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျေးရွာချင်းဆက် ချောင်းကူးတံတားဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းမှ ငွေးတောက်ရိုးနှင့် ပိတောက်ကုန်း ကျေးရွာချင်းဆက် ချောင်းကူးတံတားကို ဇန်နဝါရီ ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

တံတားသစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်၊ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကိုကိုနိုင်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

တံတားသည် အရှည်ပေ ၇၀၊ အကျယ် ၁၄ ပေရှိ ကွန်ကရစ်သံပေါင်တံတားအမျိုးအစားဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ကာ ငွေးတောက်ရိုးနှင့် ပိတောက်ကုန်းကျေးရွာအပါအဝင် ကျေးရွာခြောက်ရွာမှ ပြည်သူများအတွက် အထောက်အကူပြုသည့် တံတားဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဖျာပုံမြို့နယ်၌ မူလတန်းနှင့် မူကြိုကျောင်းဆောင်သစ်များဖွင့်

**ဖျာပုံ ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်းရှိ ပင်မကျောင်းဆောင်သစ်နှင့် မူကြိုကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်များကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းနှင့် အလှူရှင် သီရိပုံချီဦးစိုးနိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသံချောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ မူလတန်းကျောင်း ပင်မဆောင်သစ်သည် အလျားပေ ၆၀၊ အနံ ၃၀ ပေရှိ တိုက်ကျောင်းဖြစ်ပြီး ပညာရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်ကာ အလျား ၃၆ ပေ၊ အနံ ၂၄ ပေရှိ မူကြိုကျောင်းဆောင်သစ်ကို ISM ကုမ္ပဏီလီမိတက်မှ ဦးရဲခိုင်ဦးမိသားစုက မတည်လှူဒါန်းပြီးအလှူရှင်များ စုပေါင်းထည့်ဝင်ငွေဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။



**သူဇာနွယ်(ဖျာပုံ)**

ရှင်ပြုရဟန်းခံဝယ်ယူလှူဒါန်းရန်
မြတ်စေတနာသင်္ကန်းပရိက္ခရာတိုက် (စစ်တွေမြို့)မှာ
ပစ္စည်းမှန် ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးနေပါသည်
အလှူခေတ်မင်္ဂလာဖိတ်စာနှင့် လက်ဆောင်ယပ်တောင်များရနိုင်ပါသည်
ပင်ရင်း-အမှတ် ၃၅၊ မဏိပူရလမ်း၊ ရဲနွယ်စုရပ်ကွက်၊ လောကနန္ဒာစေတီမြောက်ဖက်၊ စစ်တွေမြို့၊
ဖုန်း ၀၄၃-၂၂၄၈၃၊ ၀၉-၃၆၁၇၃၄၆၈

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၄ယ/၃၄၆၉၁ Jialing C90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းရဲထွန်း ၇/ပမန(နိုင်)၁၅၁၇၀၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ တောင်ပိုင်းရွှေညောင်ပင်လမ်း၊ အမှတ်(၃၀)နေ မောင်ထွန်းနိုင်ဝင်း[၁၂/သလန(နိုင်)၀၈၅၀၈၆]သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
ဒေါ်စန်းအေး[၁၂/သလန(နိုင်)၀၄၁၃၉၆]



ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးကျော်သိန်း (ငြိမ်း)

ကြည်း-၆၈၃၄

မော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ ဗိုလ်ချုပ်သန်းထွတ်သိန်း - ဒေါ်ခင်ကြည်ပြာ (ပါမောက္ခချုပ်၊အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊မန္တလေး)တို့၏ဖခင် ဗိုလ်မှူးကြီးကျော်သိန်း(ငြိမ်း)သည် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ်မောင်ဦးလွင် (ရေ-၁၂၂၀)

အသက်(၆၀)

ရန်ကုန်မြို့နေ ဒေါ်မာလာဝင်း၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်မောင်ဦးလွင်သည် ၁-၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက်၂း၃၀နာရီတွင် တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်ဇနီး မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ်မောင်ဦးလွင် (ရေ-၁၂၂၀)

စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)

အသက်(၆၀)

ရန်ကုန်မြို့နေ ဒေါ်မာလာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဇရာဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်သည် ၁-၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေ မိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြမြ (ကထိက၊ ပြတိုက်ပညာဌာန)

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)

အသက်(၄၉)နှစ်

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှ ကထိက ဒေါ်မြမြသည် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများ**

ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ်မောင်ဦးလွင်

ရေ-၁၂၂၀

စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)

အသက်(၆၀)

ဗိုလ်မှူးချုပ်မောင်ဦးလွင်သည် ၁-၂-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် ဇနီး ဒေါ်စန်းစန်းမော်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအေးဝင်း(ခ)ဦးကောက်

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၄၈၃-၄၈၅နေ(ဦးဘိယာ-ဒေါ်ရှုလွမ်)တို့၏သား၊ဦးခွေရှောင်-ဒေါ်မဆင့်တို့၏သားသမက်၊ ဒေါ်ခင်နု၏ချစ်လှစွာသောခင်ပွန်း၊ (ဦးလှဝင်း)-ဒေါ်တင်ဝင်း၊ (ဦးကျောက်ခဲ-ဒေါ်ကျင်သန်း)၊ ဦးအောင်ဝင်း-ဒေါ်ရွှေဝင်း၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်သိန်းတို့၏ညီ/မောင်၊ ဦးအောင်မြင့်-ဒေါ်ခင်နု၊ ဦးလှမြင့်-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ ဒေါက်တာဖြိုးသီဟ၊ ဒေါက်တာသက်နိုင်၊ မဇင်မာထက်၊ ဒေါက်တာသက်ထွန်းအောင်-မမြတ်သူခိုင်တို့၏ဖခင်သည် ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၆ ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၆၃၊ နှစ်လွှာ(ယာ)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## Sia Lang Sian Kam

T.E.C Border ၊ ဒု-ဦးစီးမှူး၊ စိုက်(ငြိမ်း)

အသက်(၆၂)နှစ်

Tediam gam, Heilei Khua a teeng (Pu Neng Khaw Hau-Pi Niang Zen) te' ta, (Pa Tual Za Ngin-Nu Hau Za Luan), (Pa Kam Za Nang-Nu Ngin Sawm Cing),(Nu Zen Sian Cing),Ni En Khan Cing)-Ngang Cin Za Thang,Ni Dim Za Ngin-Ngang En Za Do te U Nau lak pan ah neu pen 4/5 သဇင်ရပ်ကွက်၊ ကလေးမြို့ a om Tg. Hau Lian Mang B.E (Marine Engineering),Dr.Go Zam Thang (M.B.,B.S, M.Med), Sc (ortho) 2nd year) - Dr. Zen Khan Dim (လ/ထဆရာဝန်၊ မန္တလေးအရိုးဆေးရုံ), Nu Zen Lawh Lun (B.N.Sc) Instructor, NMTS kalay-Pa Lian Suan Dal, Dr.Ngin Sian Maung (လ/ထဆရာဝန်၊ ဖလမ်းမြို့), Lia Cing Deih Huai (B.A (Eng),Tg.Nang Suan Khai(Final Year,Yadanapon Cyber City) te ii pa Tg .Pau Sian Khai Pu,Nu Dim Sian Man pasal Sia Lang Sian Kam in 2.2.16(Tue) 2:30 Am in hong sih san aa 8-2-2016 (wed) 3 PM in vui na hun ki bawl in ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန် ah ki vui ding hi ci-in kong thei sak uh hi.

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှတင်

အသက်(၁၀၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်း(၂)လမ်း၊ အမှတ် ၅နေ (ဦးဖိုးမြိုင်-ဒေါ်အုံးခင်)တို့၏သား၊ (ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ (ဦးဆောင်း)၊ ဒေါ်ရွှေပိုက်၊ ဦးငွေဝင်း(Ray Shipping Co.,Ltd.)-ဒေါ်ခင်မာငွေ၊ ဦးလှထွန်း (ဒုတိယအမြဲတမ်းအတွင်းဝန်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)-ဒေါ်နီလာညွန့်၊ ဦးဆန်းထူး-ဒေါ်ဆွေဆွေမြင့်တို့၏ မွေးသဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှတင်

အသက်(၁၀၄)နှစ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ ဖခင်ဖြစ်သူ ဦးလှတင် အသက်(၁၀၄)နှစ်သည် ၂-၂-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၅း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးခင်မောင်အေး-ဒေါ်ညွန့်တင် မိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှတင်

အသက်(၁၀၄)နှစ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း-ဒေါ်နီလာညွန့်တို့၏ ဖခင်ဖြစ်သူ ဦးလှတင် အသက်(၁၀၄)နှစ်သည် ၂-၂-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၅း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးတင်ငွေ-ဒေါ်ခင်မြချစ် မိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ထွေး(ပိုင်ကျုံကြီး)

အသက်(၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပိုင်ကျုံကြီးကျေးရွာနေ (ဦးမောင်လွင်-ဒေါ်စောတင်)တို့၏သမီး၊ (ဒေါ်တင်နု-ဦးမြဆိုင်)၊ (ဒေါ်ညွန့်လှိုင်-ဦးတင်ရွှေ)၊ (ဦးဝင်းမြင့်)-ဒေါ်စိန်ရီ၊ (ဒေါ်သန်းလှိုင်-ဦးစောသန်း)၊ ဦးမောင်မောင်၊ (ဒေါ်ကြည်ကြည်ဝင်း-ဦးမြင့်တင်)တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၁၄/က)နေ (ရဲဘော်မြ)(ဦးမြ)၏ချစ်လှစွာသောဇနီး၊ ဦးမြဦး-ဒေါ်မြသွင်၊ ဦးမြသွေး-ဒေါ်အေးအေးမြင့်၊ (ဦးမြငွေ)၊ (ဦးမြစိုး)၊ ဦးမြဇော်-ဒေါ်အေးနှင်းခိုင်၊ ဦးမြမင်းတို့၏ချစ်လှစွာသောမိခင်ကြီး၊ ကိုငွေလွင်ဦး-Mrs. Herna C.parcon @ မပုလဲ၊ ကိုဟိန်းမင်းလတ်၊ မယုခိုင်ထွေး၊ ကိုပြည့်ဖြိုးအောင်၊ ကိုရန်နောင်လတ်၊ မဝတ်ရည်ခိုင်၊ မောင်သစ်ထူးဇော်၊ မောင်ဉာဏ်မျိုးဇော်၊ မောင်မင်းခန့်ဇာနည်တို့၏အဘွား၊ မောင်သီဟသွေး၊ မောင်ရဲရင့်လွင်၊ Mary Joy @ မစုမြတ်ဦးတို့၏ဘွားဘွားကြီးသည် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)

ကျောင်းဒါယကာကြီး

## ဦးကြည်စိုး

(ဒုတိယရဲမှူးကြီး၊ ငြိမ်း)

အသက်(၆၇)နှစ်

မွန်ပြည်နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဘူတာလမ်း၊ အမှတ် ၇၁နှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀၊ အမှတ် ၁၇၈ (ငါးလွှာ)နေ (ဦးသာရင်-ဒေါ်ငွေရှင်)တို့၏သား၊ ဒေါ်ဆန်းသစ် (အလပြ၊ ငြိမ်း)၏ခင်ပွန်း၊ အသင်းဝင်အမှတ် ၁၇၅၇ ဦးကြည်စိုးသည် ၁-၂-၂၀၁၆ ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် သထုံမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးခင်မောင်

(ရမ်းဗြဲငယ်တိုက်နယ်၊ ချောင်းဝကျေးရွာ)

အသက်(၅၈)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ချောင်းဝကျေးရွာနေ (ဦးသာမောင်)-ဒေါ်ခင်နုတို့၏သား၊ ရေမျက်ဝကျေးရွာနေ ဦးဘကျော်အောင်-ဒေါ်ကန်သာတို့၏သားသမက်၊ ဦးဘခင်-ဒေါ်ဝေအောင်တို့၏တူ၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊(၆)ရပ်ကွက်၊သုခ ၅လမ်း၊ ရွှေသစ်ခွအဆောင်နေ ဒေါ်တင်ငွေ၏ခင်ပွန်း၊ ဦးသူရလှိုင်၊ ဒေါ်ခင်စန်းရီ၊ မောင်လင်းလင်းထွန်း - မသီတာလှိုင်တို့၏ဖခင်၊ မောင်သိန်းထိုက်ဇော်၏ အဘိုးသည် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် လှိုင်သာယာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မောင်တောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်မညွန့် (မောင်တော)

အသက်(၈၃)နှစ်

(ဦးသာထွန်းအောင် - ဒေါ်အိမ်သာဖြူ)တို့၏သမီးသည် ၃၁-၁-၂၀၁၆ ရက် နံနက် ၃း၃၀နာရီတွင် တာမွေမြို့နယ်၊ ဗညားဒလလမ်း၊အမှတ်(၃၀၄/ပ) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦး John ဖေအောင်ငြိမ်း

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ် ၉နေ (ဦးပီတာမြဖေ) - ဒေါ်မေရီဘိုးအောင်တို့၏သား၊ ရန်ကုန်မြို့နေ(ဦးထွန်းရွှေ-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ကိုရဲသွေးလွင်-မအယ်ရီးဖော၊ ကိုဝင်းထွန်းနိုင်-မယုဇနလွင်တို့၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် ၁၁၇၀(စွဲမြဲလက်ဖက်ရည်ဆိုင်)နေ ဒေါ်မေသက်ထွန်း၏ခင်ပွန်းသည် ၂-၂-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၄း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အမှတ် ၁၀၄၊ အင်းလျားလမ်း၊ သန့်ရှင်းသော ကားတိုင်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်နော်မာဂျရီသောဂေါ

(သမဝါယမ၊ ငြိမ်း)

(ဖန်းမော်ကရင်နှစ်ခြင်းအသင်း၏ အသင်းထောက်)

အသက်(၈၇)နှစ်

ဖန်းမော်မြို့၊ ကရင်ကုန်းရပ်နေ (ဦးစောသောဂေါ - ဒေါ်နော်အယ်မလီ)တို့၏သမီး၊ (ဒေါ်နော်စယ်လီ-Mr. Willan Archer)၊ (ဒေါ်နော်ဂျူးနာ-ဦးစံရှိန်)၊ (ဒေါ်နော်ဂွမ်ဒလင်း)၊ (ဒေါ်နော်ဘွေဖော-ဦးစောအုန်းခိုင်)၊ (ဒေါ်နော်ဝါးဖော - ဦးစောဘီကိုင်နို)၊ (ဒေါက်တာစောကွာလာ)-ဒေါ်နော်ဒေါရသီတို့၏ညီမ၊ဦးစောဘင်ဂျမင်-(နော်စေးဘယ်)၊ ဦးစောဗီး-(ဒေါ်နော်ဒိုရင်း)တို့၏အစ်မ၊ တူ/တူမ ၃၂ယောက်တို့၏အဒေါ်သည် ၁-၂-၂၀၁၆ရက် ညနေ ၆း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၁၆ရက်မွန်းလွဲ ၁၂း၃၀နာရီတွင် ကရင်နှစ်ခြင်းဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ကြက်ပေါင်ခြံသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းရင်

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၇၈နေ (ဦးဖူးညို-ဒေါ်စိန်ပု)တို့၏သား၊ (ဦးကျော်တင်-ဒေါ်ကြည်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်ဆွေသန်း(ခ)ဒေါ်အေးသန်း (79/B ရုံ၊ ခိုင်မာလာနှင်းဆီ၊ သိမ်ကြီးဈေး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသူရကျော်စွာထွန်း-ဒေါ်ဒိန်မွန်လွန်း၊ ဦးရာဇကျော်အောင် - ဒေါ်အေးမြသီတာထွန်းတို့၏ဖခင်၊ မယွန်းရတီအောင်၊ မောင်ချမ်းငြိမ်းထွန်း၊ မောင်ဇေယျာမင်းထက်အောင်တို့၏အဘိုးသည် ၂-၂-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၄း၀၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းမျှင်

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ ရှုခင်းသာလမ်းမကြီး၊ အမှတ် ၂၃/ခနေ (ဦးဘော်လုံး-ဒေါ်မမေ)တို့၏သမီး၊ ဦးလှထွန်း၏ဇနီး၊ ဦးကျော်ဦး (ဥက္ကာသီရိကုမ္ပဏီ)၊ ဒေါ်စန်းစန်းငွေ(ဥက္ကာသီရိကုမ္ပဏီ)၊ ဒေါ်လှလှရီ၊ ဒေါ်မူမူခိုင်၊ ဦးပြည်သိမ်း-ဒေါ်အေးအေးသန်းတို့၏မိခင်၊ မောင်ဉာဏ်လင်းအောင်၊ မယုယသော်တို့၏အဘွားသည် ၂-၂-၂၀၁၆ရက် နံနက် ၅း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## Rev.Dr.Van Cung Tum

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မြမန္တလာလမ်း၊ အမှတ် (၇၁/၅)နေ ဦးသော့လိန်း၏သား၊ ဒေါ်မာန်ကျန်၏ခင်ပွန်း၊ သိက္ခာတော်ရစောလမွန်ကျဲအိုကမ်း၏ညီ၊ ဦးဟရန်မှုန်း၊ သိက္ခာတော်ရ ဒေါက်တာရွှန်လျန်၊ ဒေါ်မက်အီယာန်၊ ဒေါ်နွယ်အီးယာန်၊ ဒေါ်ဆွေကီးလ်၊ ဦးချန်မ်လျန်ထန်းတို့၏အစ်ကို၊ ဒေါ်နီးဆုန်၏ခဲအို၊ ဒေါ်ရွှေမာန်ဆုန်းမရှန်ချင်တဲလ်၊မအယ်နီဌွန်ထာအီယာန်း၊ မမေရီလင်း၊ မောင်ဒေပစ်ဇန်ထောင်လီန်းတို့၏ ဖခင်သည် ၂-၂-၂၀၁၆ရက်(အင်္ဂါနေ့)နံနက်၇း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၂-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အောင်ဆန်း၊ BOCမှတ်တိုင်၊ လှိုင်သီရိ၊ မြောက်ဒဂုံ၊ (၄၆)ရပ်ကွက်၊ မန္တလေးမှတ်တိုင်တို့မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဂန္ဓသာရ

ဝေဠုဝန်နိကာယဂိုဏ်း ဗဟိုတွဲဖက်အကျိုးတော်ဆောင်ချုပ်

မယ်လမုဘုရားကြီးဩဝါဒါစရိယ

မြောက်ဥက္ကလာပမြို့နယ် သံဃာ့ဆေးရုံဩဝါဒါစရိယ

သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ ဂန္ဓာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) ၂-၂-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်အား (၁၃၇၇ခုနှစ် ပြာသိုလကွယ်နေ့) ၈-၂-၂၀၁၆ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုသလ မဟာထေရ်

(သာသနဓဇ အစိုးရဓမ္မာစရိယ၊ သိမ်ဝဂိုဏ်း၏ အကျိုးတော်ဆောင်)

သက်တော်(၇၇)နှစ် သိက္ခာတော်(၅၆)ဝါ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းညောင်ရမ်းရပ်၊ ကုသိနာရုံကျောင်း၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်အရှင်သူမြတ်သည် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) ၁-၂-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) ၆-၂-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန သာစုကီဋ္ဌနသဘင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

တပည့် ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဥူးဇဝန(ခ)ဦးအောင်မြင့် (ကျောင်းဆရာ၊ ငြိမ်း)

သက်တော်(၉၁)နှစ် သိက္ခာတော်(၃၁)ဝါ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကုတ်ဝိပဿနာ၊ ဘုရားလေးကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော(ခမည်းတော် ဦးနီ-မယ်တော် ဒေါ်ခို)တို့၏သား၊ရဟန်းအမ(ဒေါ်သိန်းကြည်)၏ခင်ပွန်း၊(ဦးသန်းရွှေ)-ဒေါ်တင်မြင့်၊ ဦးတင်လှ-(ဒေါ်သန်းရီ)၊ ဦးလှမြင့်-ဒေါ်ခင်မြရီ၊ ဦးညီလွင်-ဒေါ်ဝေဝေတို့၏ဖခင်၊ မြေး ၂၃ယောက်၊ မြစ် ၁၉ယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၂း၄၅နာရီတွင် စာဂလမ်း၊ ရွှေဇင်ယော် ၁၁/မ နေအိမ်၌ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောစွီဒွေး

အလုပ်သမားဆေးရုံကြီး(ငြိမ်း)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၃၇၉နေ (စောအောင်သာဒွေး-နော်ငွေသိန်း)တို့၏သား၊ (စောသာမြ-နော်လှဦး)တို့၏သားသမက်၊ (စောစောတင်)၊ (စောစောလမွန်)တို့၏ညီ၊ ဆရာမ ဒေါက်တာနော်မက်ကနီးလယာဒွေး၊ ဆရာမနော်နီးထာ၊ စောအိုနာစစ်-နော်အယ်မေဖောတို့၏ဖခင်၊ Saw Fernando Dwe, Saw Mark Dwe တို့၏အဘိုး၊ နော်ဂရီးစေမြ၏ချစ်လှစွာသောခင်ပွန်းသည် ၂-၂-၂၀၁၆ရက် နံနက် ၀၀း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ဖူးသာဖြူ အောက်မေ့ဖွယ်ခန်းမဆောင် (ကရင်ကျမ်းစာကျောင်းကုန်း၊ အင်းစိန်)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [မြောက်ဒဂုံ၊ (၄၃)ရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ကျောင်းဒါယကာကြီး

## ဦးကြည်စိုး (ဒုတိယရဲမှူးကြီး၊ ငြိမ်း)

ပါရမီအခမဲ့နာရေးကူညီမှုအသင်းဝင်

အသက်(၆၇)နှစ်

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဘူတာလမ်း၊ အမှတ် ၇၁နေ (ဦးသာရင်-ဒေါ်ငွေရှင်)တို့၏သား၊ (ဦးစန်းအောင်-ဒေါ်ညွန့်ရီ)တို့၏သားသမက်၊ ဒေါ်ဆန်းသစ်(အလပြ၊ ငြိမ်း)၏ခင်ပွန်း၊ (ကိုကျော်သူစိုး)၊ ကိုမျိုးသူစိုး၊ ကိုအောင်သူစိုး-ဒေါက်တာသင်းယုလှိုင်တို့၏ဖခင်၊ ဒေါ်ခင်ရီ၊ ဒေါ်နွဲ့ရီ၊ (ဒေါ်ကြည်သန်း)တို့၏မောင်သည် ၁-၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဂေါ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်ငယ်

(ရေ-၇၃၉၄) အရာခံဗိုလ်(ငြိမ်း)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၇) အနောက်ရပ်ကွက်၊ အနောက်ခိုင်ရွှေဝါလမ်း၊ တိုက် ၆၄၈နေ (ဦးမြငြိမ်း-ဒေါ်စောရွှေ)တို့၏သား၊ (ဦးဟန်မြ-ဒေါ်သိန်းရွှေ)တို့၏သားသမက်၊ ဒေါ်ခင်မြင့်၊ (ဦးဘလှိုင်) - ဒေါ်စိန်ညွန့်၊ ဦးအောင်ကြိုင် - ဒေါ်ကြည်လေးတို့၏အစ်ကို၊ (ဒေါ်စိန်တင်)၏ခင်ပွန်း၊ ဦးစိုးတင့်-ဒေါ်လှလှဌေး၊ ဦးမြင့်ကြည်-(ဒေါ်ခင်ချိုမြင့်)-ဒေါ်ချိုချိုမြင့်၊ ဦးဇော်စီတုန်း-ဒေါ်ခင်ဝင်းကြည်၊ ဦးမျိုးအောင်-ဒေါ်ခင်ချိုလွင်တို့၏မိခင်၊ မြေး ၁၁ယောက်၊မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးငွေလွင် (ပေါင်းတည်)

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၁၅၇နေ (ဦးထွန်းလှိုင်)-ဒေါ်အေးအေးမြင့်တို့၏သား၊ ဦးသောင်းညွန့်-(ဒေါ်မြဝင်း)တို့၏သားသမက်၊ ဒေါ်အေးမီလှိုင်၊ ဦးနိုင်ဝင်း-ဒေါ်မို့မို့လွင်၊ ဦးဇော်မြင့်ထွန်း၊ ဦးဇော်လှိုင်ထွန်း၊ ဦးကျော်စွာထွန်းတို့၏အစ်ကိုကြီး၊ ဒေါ်သီတာအေး၏ခင်ပွန်း၊ မစုစန္ဒီငွေး (တတိယနှစ်၊ သမိုင်းအထူးပြု ရန်ကုန်တက္ကသိုလ်)၏ဖခင်သည် ၂-၂-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရေကြီးမှုများကြောင့် မြန်မာ့ဆန်ပြည်ပတင်ပို့မှု ကျဆင်းခဲ့သော်လည်း ဘဏ္ဍာနှစ်ကုန်အထိ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းအထိ တင်ပို့နိုင်မည်

သတင်း-မြင့်မောင်စိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-သက္က



ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်းတွင် ဆန်အိတ်များ အတင်၊ အချပြုလုပ်နေသည်ကို တွေ့ရစဉ်။

**ရန်ကုန်　ဖေဖော်ဝါရီ　၂**

မြန်မာ့ဆန်ပြည်ပတင်ပို့မှုသည် ပြီးခဲ့သည့် မုတ်သုံရာသီကာလအတွင်း ရေကြီးရေလျှံမှုများကြောင့် ဆန်တင်ပို့မှုကျဆင်းခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်သည်အထိ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းအထိ တင်ပို့နိုင်လိမ့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုနှစ်ထဲမှာ ရေကြီးမှုကြောင့် ဆန်တင်ပို့မှုထိခိုက်မှုရှိခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ဆန်တန်ချိန် ၁ ဒသမ ၂ သန်းအထိ တင်ပို့ထားနိုင်ပါပြီ။ ဘတ်ဂျက်လက နှစ်လလောက်ကျန်သေးတယ်ဆိုတော့ ဘာပဲပြောပြော ဒီနှစ်ဘတ်ဂျက်ထဲမှာ ဆန်တန်ချိန် ၁ ဒသမ ၅ သန်းလောက်အထိ တင်ပို့နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က မြန်မာ့အလင်းသို့ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ယနေ့ ── ဖတ်စရာ


ဆီးရီးယားဒုက္ခသည်ကလေးများအတွက် ပညာရေးမြှင့်တင်ရန် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရရှိရေး မာလာလာလှုံ့ဆော်သွားရန်ရှိ　စာ » ၄

ပြည်ပခရီးသွားလုပ်ငန်းများအတွက် အာမခံချက်ကောင်းများရရှိမည့် ပြည်ပခရီးစဉ်လိုင်စင်များ ထုတ်ပေးလျက်ရှိ　စာ » ၉

အင်းတော်ကြီးကန်ကို ကမ္ဘာလုံးဆိုင်ရာ အရေးပါသော ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်　စာ » ၁၁

ငွေဆောင်၌ နိုင်ငံခြားသားနှစ်ဦး ယာဉ်တိုက်မှုဖြစ်ပွား　စာ » ၁၂


## အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲ ဒုတိယအဆင့် ရန်ကုန်အသင်း အချိန်ပို၌ရှုံး

ရဲရင့်ရှိန်း

**ဗန်ကောက်　ဖေဖော်ဝါရီ　၂**

၂၀၁၆ ရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ ဒုတိယအဆင့် ပွဲစဉ်အဖြစ် ထိုင်းပရီမီယာလိဂ်ကလပ် ချောင်ဘူရီအသင်းနှင့် မြန်မာကလပ် ရန်ကုန်အသင်းတို့ ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲက ထိုင်းနိုင်ငံတွင် ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်အသင်းမှာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ခဲ့ရသော်လည်း ရန်ကုန်အသင်းမှာ နှစ်ကြိမ်တိုင်ဦးဆောင်နိုင်ခဲ့ပြီး အနိုင်ကိုမထိန်းနိုင်ခဲ့၍ အကြိုခြေစစ်ပွဲဒုတိယအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်အသင်းသည် Play-off အဆင့်တက်ရောက်နိုင်သည့် ခြေစွမ်းမျိုးရှိခဲ့သော်လည်း အချိန်ပို၌ ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်အသင်းမှာ နိုင်ငံခြားသားကစားသမားများဖြစ်သည့် ဂိုးသမား-ဖာနန်ဒို၊ နောက်ခံလူ-ယာမာရှိတာ၊ တိုက်စစ်မှူးများဖြစ်သည့် အက်ဒီဆင်နှင့် မာဆယ်လိုတို့ကို တစ်ပြိုင်နက်အသုံးပြုခဲ့ပြီး အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖

## နာမည်ကြီးဂေါက်သီးသမားများ ယှဉ်ပြိုင်မည့် မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန်　ဖေဖော်ဝါရီ　၂**

Asian Tour & Japan Tour မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် Leopalace21 မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမားများနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက မင်္ဂလာဒုံ ဥယျာဉ်မြို့တော်ရှိ ရွှေ့ရယ်မင်္ဂလာဒုံ ဂေါက်ကွင်း၌ ကျင်းပသည်။

ယင်းအခမ်းအနားကို မြန်မာပရော်ဖက်ရှင်နယ် ဂေါက်သီးကစားသမား ဇော်ဇော်လတ် အပါအဝင်

*စာမျက်နှာ ၁၄ ကော်လံ ၁* ■





၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten နှင့် ဘာသာစုံ ဂုဏ်ထူးရှင်များ ထွက်ရှိရာ . . .

ချယ်ရီသန်းနိုင် တည်ထောင်သည့် ... ကိုယ်ပိုင်အထက်တန်းကျောင်း

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)

ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[Grade 11 (ဧပြီ ၂၇) Grade 10 (မေ ၄) Grade 9,8,7,6 (မေ ၄) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။

ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့်စာသင်ဝိုင်း
Grade 10,11(တက္ကသိုလ်ဝင်တန်း)[ဘာသာစုံ]
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
(ဧပြီ ၂၉) စ,မည်။ ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း(သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း
အဆင်ပြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း၊ ရွေးချယ်၊ အပ်နှံ တက်ရောက်နိုင်ပါသည်။


မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒဘာသာရပ်အထောက်အကူပြု သိကောင်းစရာများ ပို့ချချက်ဖြစ်ပါတယ်။ ဒီပို့ချချက်မှာ-

(၁) ဇီဝဗေဒဘာသာရပ်မေးခွန်းသဘောတရား

(၂) အခန်းများအလိုက် အမှတ်ခွဲဝေပုံနှင့်

(၃) ဖြေဆိုသင့်သည့် ပုံစံများဆိုပြီး (၃)ပိုင်းခွဲပြီး ဖော်ပြပါမယ်။

ဇီဝဗေဒဘာသာရပ် မေးခွန်းသဘောတရားကို ပြောရမယ်ဆိုရင်-

Grade 11 Biology ပြဋ္ဌာန်းစာအုပ်တွင်ပါရှိသော အခန်း(၁)မှ အခန်း(၁၂)အထိ သင်ခန်းစာများသည် ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအတွက် သိရှိနားလည်သင့်သည့် အကြောင်းအရာများကို အစီအစဉ်တကျပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဇီဝဗေဒမေးခွန်းသည်လည်း အခန်း ၁၂ ခန်းတွင် ပြဋ္ဌာန်းထားသည့် အကြောင်းအချက်များ၏ နားလည်မှုအပေါ်တွင် အခြေခံ၍မေးမြန်းသည့် မေးခွန်းများ ဖြစ်ပါသည်။

ဇီဝဗေဒဘာသာရပ်၏ မေးခွန်းပုံစံကို လေ့လာကြည့်မည်ဆိုလျှင် အပိုင်း(၅)ပိုင်း ပါရှိပါသည်။ အဲဒီအပိုင်းတွေကတော့

1. True / False
2. Completion
3. Short Questions (2 Marks)
4. Short Questions (4 Marks)
5. Long Questions (8 Marks)

| စဉ် | မေးခွန်းအပိုင်း | ပေးထားသောအမှတ် | ဖြေဆိုရမည့်အမှတ် |
|---|---|---|---|
| ၁ | TRUE or FALSE | 20 | 20 |
| ၂ | Completion | 20 | 20 |
| ၃ | 2 Marks Short Questions | 18 | 12 |
| ၄ | 4 Marks Short Questions | 36 | 16 |
| ၅ | 8 Marks Long Questions | 72 | 32 |
| Total | | 166 | 100 |

တစ်ပိုင်းချင်းအလိုက် မေးသည့်ပုံစံနှင့် ဖြေဆိုရမည့်ပုံစံကိုနှိုင်းယှဉ်ကြည့်လျှင် မေးခွန်းတွင်ပေးထားသည့် အမှတ်ပေါင်း ၁၆၆ မှတ်ရှိပြီး အမှတ် ၁၀၀ ဖိုးသာဖြေဆိုရမည်ဖြစ်သဖြင့် ရွေးချယ်မှုများစွာပါရှိပါတယ်။ ဒါကြောင့် သေချာစွာလေ့လာမယ်ဆိုရင် အောင်မှတ်ရော ဂုဏ်ထူးပါရရှိနိုင်သည့် ဘာသာဖြစ်ကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပထမဦးစွာ True/False အပိုင်းကို လေ့လာကြည့်လျှင် ပုဒ်ခွဲ(၂၀)မေးထားပြီး ပုဒ်ခွဲ (၂၀)လုံး ဖြေဆိုရမှာဖြစ်ပါတယ်။ True/False အပိုင်းတွင်မေးသော မေးခွန်းများအတွက် Statement များကို သေချာစွာဖတ်ပါ။ မိမိသိရှိနားလည်သော အကြောင်းအရာနှင့်ကိုက်ညီမှုရှိပါက (TRUE) ဟု ဖြေဆိုပေးရမည်ဖြစ်ပြီး အမေးဝါကျများသည် မကိုက်ညီပါက (FALSE) ဟု ဖြေဆိုရမည်ဖြစ်ပါသည်။ Statement အမေးဝါကျများသည် စာအုပ်ထဲမှအကြောင်းအရာများကို တိုက်ရိုက်မေးထားသည်များရှိသလို ကိုယ်ပိုင်ဝါကျများတည်ဆောက်ပြီးလည်း မေးတတ်ပါတယ်။ ပုဒ်ခွဲများအလိုက်ခွဲဝေမှုမှာ အခန်း (၃)၊ (၇)၊ (၁၀)နှင့် (၁၂)တွင် (၁)ပုဒ်စီမေးလေ့ရှိပြီး ကျန်အခန်းများမှ (၂)ပုဒ်စီ မေးလေ့ရှိပါတယ်။

အပိုင်း(၂)မှာ ကွက်လပ်ဖြည့်မေးခွန်းများဖြစ်ပြီး ဘာသာရပ်ဆိုင်ရာသိသင့်သည့် အကြောင်းအရာများကို မေးလေ့ရှိပါတယ်။ မေးခွန်းဝါကျတည်ဆောက်တဲ့အခါ ကွက်လပ်ချန်ပြီး ဖော်ပြထားသည့်အတွက် နားလည်မှုအပြင် ကွက်လပ်ထဲမှာဖြည့်ရမည့် စာလုံးပေါင်းကို မှန်မှန်ဖြည့်ရပါမည်။ မှားတတ်သော စာလုံးတွေကိုရေးကျက်ပါ။ စာလုံးပေါင်းမှန်မှန်နဲ့ ရေးထည့်ပေးပါ။ Scientific names များကိုလည်း underline တားပေးမှ အမှတ်ရပါမည်။ မေးခွန်းအပိုင်းခွဲဝေမှုမှာ အပိုင်း(၁)အတိုင်းဖြစ်ပါတယ်။

အပိုင်း (၃)မှာတော့ (၂)မှတ်တန် **Short Questions** ဖြစ်ပြီး **Answer ALL Questions** လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့- (a)-(f) (၆) ပုဒ်ပေးထားပြီး တစ်ပုဒ်ကို (၂)မှတ် အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲ ဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်း (2 × 6 = 12 marks) ရရှိမှာဖြစ်ပါတယ်။ (၂)မှတ်တန် အမှတ်ခွဲဝေပုံသည်-

| | | | |
|---|---|---|---|
| a. | Chapter I–IV | မှ | (၁) ပုဒ် |
| b. | Chapter V | မှ | (၁) ပုဒ် |
| c. | Chapter VI | မှ | (၁) ပုဒ် |
| d. | Chapter VII | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter VIII | မှ | (၁) ပုဒ် |
| e. | Chapter IX | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter X | မှ | (၁) ပုဒ် |
| f. | Chapter XI | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter XII | မှ | (၁) ပုဒ် မေးထားတာကို တွေ့ရှိရပါလိမ့်မည်။ |

အဲဒီမေးခွန်းတွေကိုလေ့လာတဲ့အခါ တိုက်ရိုက်ခေါင်းစဉ်ကိုမေးသည့်မေးခွန်းမျိုး

e.g. 1. Describe the **ventricles** in the brain of rabbit.

e.g. 2. State the purpose of water acting as **solvent**.

**စာပိုဒ်ထဲမှာရှိသည့်စာကို နားလည်မှု ရှိ၊ မရှိ ထုတ်နုတ်မေးသည့်မေးခွန်း**

e.g. 3. **Briefly** state how the food in gathered in *Paramecium*. စသည်ဖြင့် မေးနိုင်ပါသည်။

ပုံတွေကို အညွှန်းနှင့်အတူ ပုံ၏ခေါင်းစဉ်တပ်ခိုင်းသော မေးခွန်းပုံစံကိုလည်းမေးလေ့ရှိပါတယ်။

အပိုင်း(၄) မေးခွန်းကတော့ Short Questions (၄)မှတ်တန်ဖြစ်ပါတယ်။ (a)-(e) (၅)ပုဒ်ပေးထားပြီး တစ်ပုဒ်ကို (၄)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲဖြစ်ပါတယ်။ မိမိကြိုက်နှစ်သက်ရာ (၄)ပုဒ်ကို ဖြေဆိုရမှာဖြစ်သည့်အတွက် စုစုပေါင်း (4 × 4 = 16 marks) ရရှိမည်ဖြစ်ပါတယ်။

No.4 (၄)မှတ်တန် Short Questions အမျိုးအစားမှာ ဆင့်ပွားမေးခွန်းငယ်တွေကို အောက်ပါအတိုင်း ခွဲဝေပေးထားပါသည်။

| | | | |
|---|---|---|---|
| a. | Chapter I–IV | မှ | (၁) ပုဒ် |
| b. | Chapter V | မှ | (၁) ပုဒ် |
| c. | Chapter VI | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter VII | မှ | (၁) ပုဒ် |
| d. | Chapter VIII | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter IX | မှ | (၁) ပုဒ် |
| e. | Chapter X | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter XI | မှ | (၁) ပုဒ် ၎င်းကို ထပ်ဆင့် OR ခံပြီး |
| | Chapter XII | မှ | (၁) ပုဒ် |

**တိုက်ရိုက်မေးသောမေးခွန်းများ**

e.g. 1. State the functions of the Leaves.

**နားလည်မှုကို ထုတ်နုတ်မေးသောမေးခွန်းများ**

e.g. 2. Describe the effect of light intensity and temperature on the rate of photosynthesis. စသည်ဖြင့် အမျိုးမျိုးထုတ်နုတ်မေးနိုင်ပါသည်။ ပုံကိုအညွှန်းတပ်ခိုင်းပြီး သိစေလိုသောအကြောင်းအချက်များကို မေးသော မေးခွန်းမျိုးလည်းမေးနိုင်ပါတယ်။

ဥပမာ Give labels and caption to the given diagram and state ဆိုလျှင် အညွှန်းများကို မေးထားသော နံပါတ်များအတိုင်းဖြေဆိုရမည့်အပြင် ထပ်မံမေးထားသော State ဆိုသောအပိုင်းအတွက် ပြည့်စုံစွာဖြေဆိုပေးမှသာ သတ်မှတ်အမှတ်များကို ရရှိမှာဖြစ်ပါတယ်။

မေးခွန်း No.5 (၈)မှတ်တန် Long Questions အမျိုးအစားမှာ မေးခွန်းငယ် (a) to (f) ဆိုပြီး (၆)ပုဒ်ပေးထားတယ်။ Answer ANY FOUR Questions လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ (၄)ပုဒ်သာ ဖြေဆိုဖို့ လိုအပ်တယ်။ စုစုပေါင်း (8 × 4 = 32 marks)ရရှိမည်ဖြစ်ပါသည်။

မေးခွန်း No.5 (Long Questions) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်တွေကိုအောက်ပါအတိုင်း ခွဲဝေမေးနိုင်ပါသည်။

| | | | |
|---|---|---|---|
| a. | Chapter I–IV | မှ | (၁) ပုဒ် |
| b. | Chapter V | မှ | (၁) ပုဒ် |
| c. | Chapter VI | မှ | (၁) ပုဒ် |
| d. | Chapter VII | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter VIII | မှ | (၁) ပုဒ် |
| e. | Chapter IX | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter X | မှ | (၁) ပုဒ် |
| f. | Chapter XI | မှ | (၁) ပုဒ် ၎င်းကို OR ခံပြီး |
| | Chapter XII | မှ | (၁) ပုဒ် မေးထားတာကို တွေ့ရှိရပါလိမ့်မည်။ |

**တိုက်ရိုက်မေးသောမေးခွန်းများ**

e.g.1. Explain about the balanced diet.

**နားလည်မှုကို ထုတ်နုတ်မေးသောမေးခွန်းများ**

e.g.2. Compare the fourth stage of epigeal and hypogeal germinations.

ထို့အပြင်ကျောင်းသားအား အညွှန်းပြည့်စုံသည့်ပုံကိုဆွဲစေပြီး သိသင့်သည့် အကြောင်းအရာများကို ထပ်မံမေးသည့် မေးခွန်းပုံစံများကိုလည်း မေးလေ့ရှိပါတယ်။

မေးခွန်းမေးသောပုံစံများအရ အောက်ပါစကားလုံးများဖြင့်အစပြုလျှင် မေးသည့်မေးခွန်းသဘောအတိုင်း ပြန်လည်ဖြေဆိုပေးရပါမည်။

List, Count, Enumerate ဆိုရင် အမှတ်စဉ်ရေးထိုးပြီးဖြေဆိုရန်၊ Mention ဆိုရင် အကြောင်းအရာကို ဖော်ပြပေးရန်၊ Name ဆိုရင် အမည်ကိုဖော်ပြပေးရန်၊ What /How /Cite /Give /State /Provide /Describe/ Discuss /Explain /Clarify ဆိုရင်ရှင်းပြပါ။ ဖြေရှင်းပါ။ အဓိပ္ပာယ်သတ်မှတ်ပါ စသည်ဖြင့် စာသားအားဖြင့် ဖြေဆိုပေးရပါမည်။

Distinguish/ Clarify/ Differentiate ဆိုရင် အုပ်စုနှင့်အမျိုးအစားတို့ကို ခွဲခြားဖြေဆိုရန်။

Give the comparative account, Compare and contrast/ Versus ဆိုရင် နှိုင်းယှဉ်ဖြေဆိုရန်။

Give a table/ Tabulate ဆိုရင် ဇယားဆွဲဖြေဆိုရန်, Word diagram ဆိုရင် စကားလုံးများကို ညွှန်ချက်မြားတန်းများဖြင့် ချိတ်ဆက်ဖြေဆိုရန်။

Illustrate/Illustration/Draw/Give a drawing/ Diagram ဆိုရင် သရုပ်ဖော်ပုံကိုဆွဲ၍ ဖြေဆိုရန်၊ Provide labels and caption ဆိုရင် ပုံကိုပြန်ကူးဆွဲရန်မလိုဘဲ အညွှန်းမြားများညွှန်းသောနေရာကို အမည်ဖော်ပြပေးရန် စသည်ဖြင့် အမေးစာလုံးများကိုသုံးပြီး မေးနိုင်ပါသည်။

အခန်းများကို တစ်ခန်းချင်းလေ့လာခြင်းအားဖြင့် ရရှိနိုင်သော အမှတ်ခွဲဝေမှုမှာ

အခန်း (၁) မှ (၄) အထိ လေ့လာလျှင် ၂၈ မှတ်ရရှိနိုင်ပါတယ်။

အခန်း (၅) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။

အခန်း (၆) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။

အခန်း (၇) လေ့လာလျှင် ၁၆ မှတ်ရရှိနိုင်ပါတယ်။

အခန်း (၈) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။

အခန်း (၉) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။

အခန်း (၁၀) လေ့လာလျှင် ၁၆ မှတ်ရရှိနိုင်ပါတယ်။

အခန်း (၁၁) လေ့လာလျှင် ၁၈ မှတ်ရရှိနိုင်ပါတယ်။

အခန်း (၁၂) လေ့လာလျှင် ၁၆ မှတ်ရရှိနိုင်ပါတယ်။

ဒါကြောင့်မိမိကြိုက်နှစ်သက်သည့် အခန်းများကို ပိုင်နိုင်စွာလေ့လာခြင်းအားဖြင့် စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို အကြံပြုလိုသည်မှာ-

(၁) ဇီဝဗေဒဘာသာရပ် Grade 11 Biology ပါ သင်ခန်းစာအားလုံးကို အခန်းတိုင်းကျေညက်စွာ နားလည်အောင် လေ့လာကျက်မှတ်ရန်။

(၂) Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်သည့် ဝေါဟာရ (Terminology)များကို စာလုံးပေါင်းနှင့်တကွ သေချာစွာ ကျက်မှတ်ထားရန်။

(၃) Diagrams (သရုပ်ဖော်ပုံများ)၊ word diagrams (စာဖြင့်သရုပ်ဖော်ပုံများ)နှင့်tables (ဇယားများ)ကို

စာမျက်နှာ (ခ)သို့

